http://www.cherrythitsar.org



# မောင်သာခို

## အိပ်မက်များ အနားမလာရ နှင့် ဘဝရှုမျှော်ခင်းများ

သဓိုးမတ်ဖို့ (၂)

http://www.cherrythitsar.org

# ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်
အမှတ်(၃၀)

**ငြိမ်းငြိမ်းချမ်းချမ်း**
စာအုပ်တိုက်
အမှတ်(၁၁)၊ အပေါ်ဆုံးလွှာ(ဝဲ)၊ ပုညဝဍ္ဎနလမ်း
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၇၀၄၈၂၈

http://www.cherrythitsar.org

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

---

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

---

**နိုင်ငံရေး ဦးတည်ချက် ၄ ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် ၄ ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် ၄ ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

http://www.cherrythitsar.org

# အိပ်မက်များ အနားမလာရ
# နှင့်
# ဘဝရှုမျှော်ခင်းများ

# မောင်သာချို

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ်–၉၂၈/ ၂၀၀၁ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်–၈၃၂/ ၂၀၀၂ (၉)
**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ
**အုပ်ရေ**–၁၀၀၀
**အဖုံးပန်းချီ**–ကိုကိုနိုင်
**စာအုပ်ချုပ်**–ကိုမြင့်
**ပုံနှိပ်သူ**
မျက်နှာဖုံး– ဦးမြသိန်း (၀၁၄၂၇)၊ သိန်းမြင့်ဝင်း ပုံနှိပ်တိုက်
အမှတ်(၉၆)၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
**အတွင်း**– ဦးကျော်ဌေးမင်း (၀၅၉၉၂)
အောင်သိန်းသန်းအောဖ့်ဆက်၊ အမှတ် (၄၄/ ခ)
ဗိုလ်ချုပ်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။

**ထုတ်ဝေသူ**– ဦးထွန်းလှိုင် (၀၅၄၇)၊ ချစ်စရာစာပေ
အမှတ် (၇၅)၊ ဝေပုလ္လ (၂) လမ်း၊ ဃ/ ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းစာစီ**– Speed

**တန်ဖိုး–၃၃၀ ကျပ်**

**စီစဉ်ထုတ်လုပ်မှု**
ချမ်းငြိမ်းမိုး
**ဖန်တီးမှု**
ခင်ဇော်

http://www.cherrythitsar.org

## မာတိကာ


၁။ ပြာသိုရက်များ ကြက်သားမစား ၁

၂။ ကျွန်ုပ်အဖို့ ခံတွင်းမတွေ့သည့်တိုင်
သင်တို့အတွက် လျှာရင်းမြက်နိုင်၍ ၇

၃။ ဘဲဥအကာမစားသူ အရေးယူမည် ၁၃

၄။ ၂၀ ကျပ်တန် ဧရာမအပေါက်အပြဲကြီးတစ်ခု ၂၁

၅။ မသန်းသန်း အလိုမရှိ ၂၉

၆။ ဘဲသားမုန့်မှ သကြားပလာတာသို့ ၃၅

၇။ ကျောက်တော်ကြီးကုန်းအဆင်းမှာ
ပြဿနာဖြစ်နေတဲ့ ကမ္ဘာကြီး ၄၁

၈။ ဦးကျော်စိန်ကား ပြုံးလိုပြုံး ရယ်လိုရယ်စေ ၄၉

၉။ သဘော်ာပျက်ကို ပါးစပ်နဲ့ဆယ်ယူခြင်း ၅၇

၁၀။ ပျားဖွပ်ရင်း ငါးမျှားရင်း ဘဝရှုမျှော်ခင်များ ၆၃

http://www.cherrythitsar.org

၁၁။မကူကြတော့ဘူးလား ၇၁
၁၂။ကာတွန်းဆရာတစ်ယောက်ကို ကျော်ခိုင်းခြင်း ၇၉
၁၃။စကားဝါမြေ၌ သွေးပေါင်ချိန်ကြခြင်း ၈၅
၁၄။အစေားဆုံးကားဖြင့် နောက်ကျခဲ့ ၉၃
၁၅။အိပ်မက်များ အနားမလာရ ၁၀၁
၁၆။ဟင့်အင်းတတ်တဲ့ အကျင့်ကလေးများ ၁၀၇
၁၇။တွေ့ကြသေးတာပေါ့ ၁၁၅
၁၈။ငါးရံ့ခြောက်ကြီးများ အိမ်သို့ပြန်လာကြပါသည် ၁၂၃
၁၉။ဆိတ်ငါးကောင်အပေါ် အပြစ်တော်မယူစတမ်း ၁၂၉
၂၀။နှုတ်ခမ်းဖျားပေါ်က လေလံပွဲများ ၁၃၅

*

# ပြာသိုရက်များ
# ကြက်သားမစား

## (တစ်)

သမီးရေ...

ဟိုး...အရှေ့ဘက် မိုးကုပ်စက်ဝိုင်းကြီးရဲ့ အထက်နားဆီမှာ လင်းရိပ်လင်းရောင်ဆိုလို့ စွေ့စွေ့ငွေ့ငွေ့ကလေးတောင်မှ မသမ်းတတ်ခင်အချိန်လောက်ကစပြီး လမ်းလျှောက်ထွက်ခဲ့တဲ့ ဖေဖေတစ်ယောက် ချွေးအစို့စို့နဲ့ အိမ်ကိုပြန်ရောက်လာခဲ့ပြီး မနက်တိုင်း ကလိနေကျဖြစ်တဲ့ ဖေဖေရေဒီယိုကလေးကို ဟိုဟိုသည်သည် ကလိလို့ အားရပြီးတဲ့နောက် စီးနေကျ စက်ဘီးကလေးကို မ,ကာ အပြင်ကိုထုတ်လိုက်တယ် ဆိုရင်ပဲ သမီးက ဖေဖေ့အနားကို ရောက်လာကာ ဈေးခြင်းတောင်းကို လှမ်းပေးရင်း...

"ဖေဖေ၊ ကြက်သားပဲ ဝယ်ခဲ့"တဲ့။

http://www.cherrythitsar.org



ဖေဖေက စက်ဘီးလက်ကိုင်မှာ ဈေးခြင်းတောင်းပေါက် စနကလေးကို ချိတ်ရင်း သမီးကိုတစ်လှည့်၊ သမီးနောက်မှာ ရပ်နေတဲ့ သမီးမေမေကို တစ်လှည့်ကြည့်ကာ မငြီးငွေ့သေးဘူး လားဆိုတဲ့ မေးခွန်းကို မေးဖြစ်မိကာ သမီးမေမေရယ်လေ ...

**"ခုမှ ကြက်သားစားရတာ၊ ချက်သာချက်"**တဲ့

ဖေဖေလေ တစ်စုံတစ်ခုကို သွားသတိရမိလိုက်ကာ ခပ်ငွေ့ငွေ့ကလေးပြုံးရင်း စက်ဘီးကို တွန်းထွက်လိုက်ရင်းနဲ့ လမ်းပေါ်ရောက်တော့မှာပဲ အတွေးတွေက ဖျိုးခနဲဖျတ်ခနဲဆိုသလို ဖေဖေ့မနက်ခင်းထဲကို ဝင်ရောက်လို့လာကြပြန်တယ်လေ။

## (နှစ်)

သမီးရေ ...

သမီးမေမေပြောလိုက်တဲ့ **"ခုမှကြက်သားစားရတာ၊ ချက်သာချက်"**ဆိုတဲ့ စကားရဲ့ နောက်ကွယ်က အင်မတန် သိမ်မွေ့နူးညံ့လှတဲ့ လူမှုရှုမျှော်ခင်းကလေးတစ်ရပ်ကိုဖြင့် ဖေဖေ့သမီးတစ်ယောက် သတိမှပြုမိခဲ့ပါရဲ့လား မပြောတတ်ပါဘူးသမီးရယ်။ ဟုတ်ပါတယ်။ ခုမှ ကြက်သားစားရတာဆိုတဲ့ စကားရဲ့နောက်ကွယ်မှာ သမီးကို လက်တို့ပြီး သတိပေးချင်တဲ့ ဘဝရဲ့ ပုံရိပ်အပိုင်းအစကလေးတချို့ ဖေဖေ့မှာ ရှိနေခဲ့တယ်လေ။

သမီး မှတ်မိဦးမလားမသိဘူး။ သည့်မတိုင်ခင် ရက်တော်တော်များများထဲမှာတုန်းက ဖေဖေတစ်ယောက် အိမ်နဲ့အဝေးမှာ ရောက်နေခဲ့တာလေ။ မှတ်မှတ်ရရ ပြာသိုလကြီးပေါ့။ အာနန္ဒာဘုရားမှာ ပြာသိုပွဲ ကျင်းပနေတဲ့ ဆောင်းရက်တွေထဲမှာ ဖေဖေ

http://www.cherrythitsar.org



ပုဂံကို ရောက်နေခဲ့တယ်လေ။ ပွဲတော်ရက် အစကန အဆုံး အထိလို့ ဆိုရလောက်အောင်ကို ပုဂံမှာ ဖေဖေ ရှိနေခဲ့တာပါ။ ဆယ်ရက်လား၊ ဆယ့်ငါးရက်လား အိမ်နဲ့ဝေးတဲ့ ပြာသိုရက် များပါပဲ။ သမီးရယ်၊ အဲသည့်ရက်တွေကဖြင့် သမီးတို့တစ်တွေ ကြက်သားဟင်းမစားရသော ပြာသိုရက်များပါပဲလေ။

## (သုံး)

ဘာသာရေးတို့ဘာတို့ဆိုတဲ့ ကိုယ်ယုံကြည်ရာ ကိုယ်စွဲလမ်း ရာ တစ်ခုခုကြောင့် သူ့အသက်ကို ရှောင်နေရလို့လည်းမဟုတ်၊ ဈေးသုံးစရာ ငွေရေးကြေးရေးပြတ်လပ်သွားတဲ့အတွက် အသက် ရှူကျပ်နေရချိန်လည်း မဟုတ်ပါဘဲနဲ့ သမီးတို့တစ်တွေ ပြာသို ရက်များ ကြက်သားမစားခဲ့ရတဲ့ အဖြစ်ကတော့ သူများတွေ အဖို့ရာမှာ ဆန်းများ ဆန်းကြယ်နေမလား မပြောတတ်ပါဘူး သမီးရယ်။ တကယ်တော့ ဒါဟာ ဖေဖေတို့နေထိုင်ရာ ဘဝ ပတ်ဝန်းကျင်နဲ့ တိုက်ရိုက်ကြီးကို ဆက်နွှယ်နေတဲ့ ကိစ္စပါ။

သမီးသိတဲ့အတိုင်း သည်တုန်းက ဖေဖေတို့ နေခဲ့ရတဲ့ ကောလိပ်ရှေ့က ရပ်ကွက်ကလေးဟာ အင်မတန်မှကို လူနေ ကျဲပါးလွန်းလှတဲ့ နေရာလေးလေ။ ခြောက်ကပ်ကပ်အနိုင်ဆုံး ကတော့ ဖေဖေတို့အနားပါပဲလေ။ ခေါင်းရင်းအိမ်မှာလည်း လူမရှိ။ ခြေရင်းအိမ်မှာလည်း လူမရှိ။ အိမ်ရှေ့အိမ်မှာလည်း လူ မရှိ။ နောက်ဖေးက အိမ်လေးတစ်အိမ်ပဲ လူရှိတယ်။ သည် အိမ်ကလေးကတော့ တစ်အိမ်ဆို ဆိုသလောက် ဖေဖေတို့ရဲ့ လက်ကတုံးတောင်ဖေ့ပါပဲလေ။

http://www.cherrythitsar.org



အဲသည့်အိမ်က မိသားစုကလေးဟာ စိတ်စေတနာ မနွမ်းပါးပေမယ့် ဘဝတွေကတော့ သိပ်ပြီး ခမ်းခမ်းနားနား မဟုတ်ရှာပါဘူး။ အိမ်ထောင်ဦးစီး လူငယ်ကလေးက ပညာမရှိရှာပါဘူး။ ပညာမရှိတာမှ မူလတန်းပညာကိုတောင် ကုန်အောင် မသင်ခဲ့ရရှာတာပါ။ သူ့အမျိုးသမီးကတော့ သမီးသိတဲ့အတိုင်း ဘွဲ့ကလေးတစ်ခု ရထားပေမယ့် ရှေ့နဲ့နောက် ၁ နှစ်တောင်မှ မခြားတတ်ချင်တဲ့ ကလေးပေါက်စကလေးနှစ်ယောက်နဲ့ အမြဲတမ်းဖိုသီဖတ်သီ။

ဖေဖေ ခရီးတွေဘာတွေသွားလို့ သမီးမေမေကို ဈေးသွားပေးမယ့်သူ မရှိတော့တဲ့အခါ အဲသည့်အိမ်က လူငယ်ကလေးဟာ သမီးမေမေရဲ့ ဈေးကြုံမှာဖို့ရာ ဖြစ်လာတာပါပဲ။

**"မမဖူးရေ ... ဈေးကို ဘာမှာဦးမလဲ"**

ဆိုတဲ့ သူ့ရဲ့ အသံစူးစူးကလေးနောက်မှာ အိမ်နီးချင်းကောင်းတို့ရဲ့ မေတ္တာဓာတ်တွေ တနွေးတထွေး ရောယှက်ပါဝင်နေလိမ့်မယ်လေ။

## (လေး)

သမီးရေ ...

ဖေဖေ ပုဂံကနေ ပြန်ရောက်လာခဲ့တော့ သမီးမေမေက ဈေးမှာရတဲ့ အခက်အခဲတွေကို ပြောမဆုံးနိုင်တော့ဘူး။ အဓိကကတော့ နောက်ဖေးအိမ်က စိုးနိုင်ဝင်းကို အားနာတဲ့အကြောင်းပါပဲ။ သူတို့ကလေးတွေ တိုင်းတိုင်းတိတိနဲ့ ဝယ်ရခြမ်းရ ချို့ချို့ငဲ့ငဲ့နဲ့ စားရသောက်ရတဲ့ ဘဝရဲ့ အရိပ်အကဲတွေကို တစေ့

http://www.cherrythitsar.org



တစောင်း မြင်နေရတဲ့ အချိန်မျိုးမှာ တော်ကြာ ကြက်သားအရိုး လွတ် ဝယ်ခဲ့ပါဦး။ တော်ကြာ မြစ်ငါးကြင်းကလေး ဝယ်ခဲ့ပါဦး။ တော်ကြာ မြစ်ပုစွန်ထုပ်ကလေး ဝယ်ခဲ့ပါဦးနဲ့ လမ်းကြုံမှာဖို့ ဆိုတာဟာ နှုတ်မထွက်ရဲချင်စရာပါပဲ။ သူ့မိသားစုအတွက် သူ သွားရောက်သယ်ပိုးတဲ့ ဝန်ထုပ်ဝန်ပိုးထက် ပိုပြီးလေးလံ၊ ပိုပြီးခမ်းနား၊ ပိုပြီးကြေးထိုက်တဲ့ ဝန်ထုပ်ဝန်ပိုးတစ်ခုကို သူ့ နလုံးသား ပခုံးသားထက်ပေါ်မှာ ထပ်မတင်ချင်ဘူးတဲ့လေ။ ဒါကြောင့်လည်း ချဉ်ပေါင်လေး၊ ကန်စွန်းလေး မှာလိုက်၊ အာလူးလေး ကြက်ဥလေးမှာလိုက်၊ ငါးကလေး ပုစွန်ကလေး မှာလိုက်နဲ့ ပြာသိုရက်များ သမီးတို့ ကြက်သားမစားခဲ့ကြဘူး လေ ...။

သမီးရယ် ...

နောက်ဖေးအိမ်က စိုးနိုင်ဝင်းကလေးတို့ရဲ့ ရင်ထဲကို သူ များတွေ နေ့တိုင်း ဆီဦးထောပတ် စားနေကြတယ်ဆိုတဲ့ မြား ချက် မတော်တဆကလေးတောင်မှ သမီးမေမေက မှန်စေချင် ပုံ မရပါဘူးလေ။

## (ငါး)

သမီး မှတ်မိဦးမလားမသိဘူး။

ဟိုးတစ်ခါတုန်းက အဲသည့် ဦးဦးစိုးနိုင်ဝင်းကိုပဲ လမ်းကြုံ လို့ဆိုပြီး သမီးမေမေက ဆေးမှာတာလေ။ သမီးရဲ့မောင်လေး ပေါက်စနကို ဗိုက်တာဇုံ (Vitazone) တိုက်နေရာက အစား စားချင်လာအောင်လို့ဆိုပြီး (Liprovite) တိုက်ဖို့အတွက် မှာ

http://www.cherrythitsar.org



လိုက်တာလေ။ ဆင်ရုပ်ကလေးတွေ။ မျောက်ရုပ်ကလေး၊ ယုန်ရုပ်ကလေးတွေ၊ ဇီးကွက်ရုပ်ကလေးတွေနဲ့ ဝါဝါစိမ်းစိမ်း ချစ်စရာ့ဆေးဘူးကလေးကို ကြည့်ပြီး ဦးဦးစိုးနိုင်ဝင်းက ...

**"ကျွန်တော့်သားလေးလဲ တိုက်ချင်လိုက်တာ မမဖူးရာ"** လို့ ဆိုလိုက်တဲ့အခါ ပြစ်မှုတစ်ခုကို ကျူးလွန်မိလိုက်တဲ့ မျက်လုံးတွေနဲ့ သမီးမေမေ ဖေဖေ့ကို လှမ်းကြည့်နေခဲ့လိုက်တာလေ။

သမီးရယ် ...

ဖေဖေကတော့လေ၊ ဖေဖေမရှိတုန်းမရှိခိုက်မှာ သမီးက ရေခဲမုန့်ဘူး စားချင်တယ် ဘာညာနဲ့ ပူဆာတာကအစ သူတို့တောင် ဝယ်မစားဖြစ်တဲ့ ကလေးတွေကို အဝယ်မခိုင်းဖို့ သမီးမေမေကို မှာထားရတယ်။ ဖေဖေပြန်လာတော့ ဝယ်ကျွေးမယ်ပေါ့။

ခုလည်းကြည့်။

ပြာသိုရက်များမှာ သမီးတို့ ကြက်သားမစားကြပါဘူးတဲ့။ ဒါဟာလည်း ဘဝမှာ မင်္ဂလာရှိတဲ့ နေနည်းနေဟန်တစ်ရပ်ပါပဲလေလို့ ဖေဖေ စဉ်းစားမိရင်း ကြက်သားသည် မဖြူဖြူရှေ့မှာ မတ်တတ်ရပ်မိတော့ မဖြူဖြူက ကြက်တစ်ကောင်ကိုတောင် လှမ်းဆွဲလို့နေခဲ့လိုက်ပါပြီ။ ပြီးတော့မှ ဖေဖေ့ကို တစ်ချက်လှမ်းကြည့်ကာ အရိုးလွတ်ပဲလားတဲ့။ ကြက်သားချက်စားကြဦးစို့ရဲ့ သမီးရယ်။

**(၁၉၉၉၊ ဇူလိုင်၊ ချယ်ရီမဂ္ဂဇင်း)**

http://www.cherrythitsar.org

# ကျွန်ုပ်အဖို့ ခံတွင်းမတွေ့သည့်တိုင် သင်တို့အတွက် လျှာရင်းမြက်နိုင်၍

## (တစ်)

သမီးရေ…

သည်တစ်ခါမှာတော့ ဟိုးကျန်ခဲ့တဲ့ လေးငါးရက်လောက် တုန်းက ဖေဖေရယ်၊ ဖေဖေ့မိတ်ဆွေတချို့ရယ် မထင်မှတ်ဘဲ ခဏ သွားထိုင်ဖြစ်ခဲ့ကြတဲ့ လက်ဖက်ရည်ဆိုင်ကလေးထဲက အဖြစ်အပျက်ကလေးတစ်ခုကစလို့ ဖေဖေတွေးမိသမျှကလေး တွေကို ခုနစ်စဉ်အမျှင်တန်းကြရရင် ကောင်းလေမလားလို့ ဖေဖေ စိတ်ကူးပေါ်မိတယ် သမီးရယ်။ ဟုတ်ပါတယ်။ ကျန် ခဲ့တဲ့ လေးငါးရက်လောက်က မြို့လယ်က လက်ဖက်ရည်ဆိုင် ကလေးတစ်ဆိုင်ရှိရာကို ဖေဖေတို့လူစု ရောက်သွားခဲ့ကြသေး တယ်လေ။

http://www.cherrythitsar.org



အဲသည့်ဆိုင်ကလေးက ဖေဖေ တစ်ခါတစ်ခါမှာ သွားထိုင်ဖြစ်တဲ့ လက်ဖက်ရည်ဆိုင်ကလေးပါ သမီးရယ်။ The First တဲ့။ လက်ဖက်ရည်ကတော့ မြို့လယ်တစ်ဝိုက်က တခြားနာမည်ကြီးဆိုင်တွေနဲ့ယှဉ်ရင် သိသာလောက်အောင် ပိုကောင်းလှတယ် တော့မဟုတ်ပါဘူး။ ဒါပေမယ့် ဆိုင်ကလေးက ကျယ်ဝန်းပြီး သပ်သပ်ရပ်ရပ်နဲ့။ ပြီးတော့ သန့်ရှင်းတာရယ်၊ မုန့်တွေဘာတွေ စုံစုံလင်လင်ရှိတာရယ်၊ ရေနွေးကြမ်း ကောင်းတာရယ်တွေကြောင့် လူတော့ အထိုင်များတဲ့ ဆိုင်ကလေးပါ။ ဒါကြောင့် အမြဲတမ်းမဟုတ်တဲ့တိုင် မကြာမကြာဆိုသလိုတော့ ဖေဖေ ရောက်ရောက်သွားတတ်တယ်လေ။ အဲသည့်နေ့ကတော့ မိတ်ဆွေတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ တော်တော်များများ စုမိကြတာရော။ ဖေဖေတို့ထဲက တစ်ယောက်က သူ ဒကာခံချင်ပါတယ် ဆိုလာတောတွေရောကြောင့် အဲသည့် The First ဆိုတဲ့ ဆိုင်ကလေးထဲကို ဖေဖေတို့ ရောက်သွားဖြစ်ခဲ့ကြတာပါ။

သမီးရေ ...

အဲသည့်နေ့က The First ဆိုတဲ့ လက်ဖက်ရည်ဆိုင်ကလေးထဲမှာ ဖေဖေတို့ကို ဒကာခံတဲ့မိတ်ဆွေက ရာထူးရာခံ အသင့်အတင့်ရှိတဲ့ ပုဂ္ဂိုလ်ပါ။ ပြီးတော့ ငွေရေးကြေးရေးအရလည်း မတောင့်မတ မကြောင့်မကြထဲကလေ။ သူနဲ့အတူပါသွားကြတဲ့ ဖေဖေတို့အထဲမှာတော့ မရှိမရှားတွေရော၊ တိတိတိုင်းတိုင်းတွေရော စုံလို့။

ဆိုင်ထဲကို ရောက်သွားတဲ့အခါ ဖေဖေကပဲ ဦးဆောင်ပြီး ...

http://www.cherrythitsar.org



*"ကဲ၊ အားလုံး လက်ဖက်ရည်ပဲ မဟုတ်လား၊ ညီလေးရေ လက်ဖက်ရည်လုပ်ကွာ"*

ဘာညာနဲ့ မှာဖြစ်ခဲ့တယ်ဆိုပါတော့ သမီးရယ်။ အဲသည့်မှာ စားပွဲထိုးကလေးက ခဏရပ်နေပြီး သူ့ဆိုင်မှာရှိတဲ့မုန့်တွေကို တန်းစီပြီး ရွတ်ချပြနေပြန်ပါရဲ့။ ဖေဖေက မုန့်တွေဘာတွေကို သိပ်ပြီး ဟက်ဟက်ပက်ပက် မကြိုက်လှတာရော၊ ဆာလည်း မဆာလှတာရောကြောင့် သူ ရွတ်ပြနေတဲ့ မုန့်စာရင်းကိုတောင် ဆုံးအောင် စောင့်မနေဖြစ်ခဲ့ပါဘူး။

*"ရတယ်ညီလေး၊ လက်ဖက်ရည်သာ ချ၊ မုန့်တွေဘာတွေ လုပ်မနေနဲ့"*

ဆိုပြီး ပြောချခိုင်းခဲ့ပါရဲ့။

အဲသည့်မှာတွင်ပဲလို့ ဆိုကြပါစို့သမီးရယ်။ ဖေဖေ့မိတ်ဆွေလေ၊ ဖေဖေ့စကားကို အလောတကြီးနဲ့ လှမ်းတားလိုက်မိပါရဲ့။ သူ့စကားနောက်မှာတော့ ဖေဖေလေ ငါမှားပြီလို့ ချက်ချင်းသိလိုက်ရုံတင် မကပါဘူး၊ မျက်နှာကို ဘယ်လိုထားရမှန်းမသိတတ်လောက်အောင်ကို အားနာလို့သွားခဲ့ရပါတယ် သမီးရယ်။

*"အာ ... ဘယ်က မချရမှာလဲ၊ ချ ညီလေး ချ၊ ရှိတဲ့မုန့်တွေ အကုန်ချ၊ ခင်ဗျား မစားချင်ရင် နေလေဗျာ၊ ကျန်တဲ့လူတွေ သူကြိုက်တာ သူ စားမှာပေါ့"*တဲ့။

ဟုတ်တယ် သမီးရယ်။ ဖေဖေ မှားသွားတယ်။ ဖေဖေ မကြိုက်တာဟာ ဖေဖေ မကြိုက်တာပေါ့။ ဖေဖေ မစားချင်တာဟာလည်း ဖေဖေ မစားချင်တာပဲပေါ့။ အားလုံးကို ကိုယ်စား

http://www.cherrythitsar.org



ပြုပြီး မချနဲ့လို့ ဖေဖေ မတားဆီးသင့်ဘူး။ တခြားစားဖို့ ဆန္ဒရှိတဲ့ လူတွေ ဖေဖေ့စကားနောက်မှာ ဘယ်လောက်များ အနေရ အထိုင်ရ ခက်သွားကြလေမလဲ။ ဖေဖေ့နှုတ်က အထိန်းအကွပ် မဲ့သွားခဲ့တယ် သမီးရယ်။

## (နှစ်)

သမီးရေ ...

ဟိုတစ်ခါတုန်းက စွပ်ကျယ်ချိုင်းပြတ်ကြီး ဝတ်၊ ဆေးပေါ့ လိပ်ကြီး ခဲ့ပြီး လက်ဖက်ရည်ဆိုင် ငွေရှင်းတဲ့ကောင်တာမှာ မိန့်မိန့်ကြီးထိုင်နေတဲ့ အသက်ငါးဆယ်ဝန်းကျင် လူကြီးတစ် ယောက်ကို ဖေဖေ တွေ့ခဲ့ဖူးတယ်။ သူ့ဆိုင်ထဲမှာ ဖွင့်ထားတာ က ထူးအိမ်သင်ရဲ့ နောက်ဆုံးသီချင်းခွေ။ ပြောကြရရင်သမီး ရယ်၊ ဖေဖေက သူ့အသက် သူ့အရွယ်နဲ့ဆိုရင် ကိုမင်းနောင် တို့၊ ကိုမြကြီးတို့၊ ကိုသန်းလှိုင်တို့လောက်နဲ့သာ သူ့ကို တွဲဟပ် ကြည့်မိခဲ့တာကိုး။ ဒါကြောင့် သူက ထူးအိမ်သင်အခွေကို ဖွင့် ထားတဲ့အခါ နည်းနည်းလေး အံ့သြမိတာကြောင့် လှမ်းပြီး တောင် နောက်ခဲ့မိပါတယ်။ သူက ဆိုင်ထဲမှာထိုင်နေတဲ့ လူငယ် တော်တော်များများကို မျက်လုံးနဲ့ ငေ့ပြရင်း ဖေဖေ့ကို ပြောပြ လာပါရဲ့။

*"ခုကောင်လေးတွေက ကြိုက်ကြတယ်ဗျ၊ ကျုပ်တို့က တော့ နားထဲ ဘယ်ဝင်ပါ့မလဲ"*

သူ့ စကားကို နားထောင်ရင်း ကောင်တာပေါ်က လူကြီး ကို ဖေဖေ လေးစားမိခဲ့တယ် သမီးရယ်။ ကိုယ် မကြိုက်တဲ့သီချင်း

http://www.cherrythitsar.org



ခွေကို တခြားသူတွေရဲ့ နားတွေအတွက် ဖွင့်ပေးဖို့ ဝန်မလေး တဲ့ စိတ်ထားပိုင်ရှင်လေ။

တစ်ခါတုန်းဆီကလည်း ကောလိပ်ကျောင်းကလေးတစ် ကျောင်းမှာ လေးစားစရာ ဌာနမှူးတစ်ယောက်နဲ့ ဖေဖေ ဆုံ ခဲ့ဖူးတယ်။ သူက အမျိုးသမီးပါ။ အဲသည့်ဆရာမက ဌာန အတွင်းမှာ အစည်းအဝေးလုပ်တော့မယ်ဆိုရင် လုပ်မယ့်နေ့၊ လုပ်မယ့်အချိန်ကို ဘယ်တော့မှ သူက စ,မပြောဘူး။ ကျန်တဲ့ လူတွေ ကြိုက်တာရွေးပဲ။ သူက တစ်ယောက်တည်းသမားတဲ့။ တခြားလူတွေက သားတွေ၊ မယားတွေ၊ စားမှုတွေ၊ နေမှုတွေ နဲ့တဲ့။ အများ အဆင်ပြေတဲ့အချိန် သူ လာမယ်တဲ့။ ဖေဖေ လေးစားတယ် သမီးရယ်။ ကိုယ်မကြိုက်တဲ့ အချိန်မှာ အများ အတွက် အသင့်ရှိနေဖို့ ဝန်မကြီးလှတဲ့ နှလုံးသားပိုင်ရှင်လေ။

နောက်တစ်ခါ သမီးကို ဖေဖေ ပြောပြချင်တဲ့သူကတော့ မကြီးမငယ် မြို့ကလေးတစ်မြို့မှာ ဖေဖေနဲ့ ဆုံခဲ့ရတဲ့ လူရွယ် တစ်ယောက်ပါ။ အဲသည့်လူရွယ်က စာဖတ်အသင်းကလေး တစ်ခုကို ဦးဆောင်နေတဲ့သူလေ။ ဝါသနာတူ စာပေသမား တွေ သက်သောင့်သက်သာနဲ့ စာဖတ်နိုင်ကြရအောင်လို့ဆိုပြီး တစ်ယောက်ကို လစဉ်ကြေးနဲ့ နည်းနည်းစီနဲ့ ငွေစုပြီး စာအုပ်တွေ ဝယ်ဝယ်ဖတ်နေကြတဲ့ လူငယ်အစုအဝေးကလေးပေါ့။ ဖေဖေ ပြောတဲ့လူရွယ်က အဲသည့်အစုအဝေးကလေးမှာ တက်ကြွတဲ့ လူရွယ်ပါ။ သူက စာအုပ် မှာတော့မယ်ဆိုရင် ကျန်တဲ့လူတွေ ကို ကြိုက်တဲ့စာအုပ် ပြောကြပါပဲ။ ဘယ်တော့မှ သူကြိုက် ချည်းပဲ ရွေးမမှာဘူး။

http://www.cherrythitsar.org



*"မြသန်းတင့်တွေ၊ ဒဂုန်တာရာတွေ၊ ဇန်းမော်တင်အောင် တွေ၊ ဒေါက်တာသန်းထွန်းတွေ၊ ပါရဂူတွေရှည်းပဲ မှာကြရမယ် လို့ကတော့ ကျွန်တော် မပြောပါဘူးဗျာ၊ ကျွန်တော် မဖတ် ချင်တာတွေလည်း သူတို့ဆန္ဒရှိရင် မှာကြပဲပေါ့"*

သည်လိုလူရှယ်မျိုးကိုလည်း ဖေဖေ လေးစားမိတာအမှန်ပါ သမီးရယ်။

ငါကြိုက်တဲ့စာအုပ်ကိုပဲ ဝယ်၊ ငါကြိုက်တဲ့သီချင်းခွေ ဖွင့်၊ ငါကြိုက်တဲ့မုန့်ပဲ ချ ဆိုတာမျိုးကတော့ လူ့အဖွဲ့အစည်းနဲ့ မသင့်တင့်လှဘူးလို့ ဖေဖေထင်တယ်လေ။ ကြည့်ပါဦး။ ဖေဖေ ခံတွင်းမတွေ့နိုင်တာနဲ့ ဘာမုန့်မှ မချနဲ့လို့ ပြောမိခဲ့ပါရဲ့။ ဖေဖေ့ မိတ်ဆွေကတော့ အကုန်ချတဲ့။ စားချင်တဲ့လူ စားလိမ့်မယ်တဲ့။ လောကရဲ့ စားပွဲဝိုင်းပေါ်မှာ ကိုယ်မစားချင်တဲ့ အရာတွေနဲ့လည်း တည်ခင်းဧည့်ခံတတ်ဖို့ လိုအပ်လှပါကလား သမီးရယ်။

**(၁၉၉၉၊ ဩဂုတ်၊ ချယ်ရီမဂ္ဂဇင်း)**

# ဘဲဥအကာ မစားသူ အရေးယူမည်

## (တစ်)

သမီးရေ…

မနေ့ ကညနေတုန်းက သမီးကျောင်းက ပြန်လာပြီး ရေမိုးချိုး၊ အဝတ်အစားလဲလို့ပြီးတာနဲ့ ရှာလိုက်တဲ့မိုး သမီးရယ်။ တစ်ညနေခင်းလုံးဟာ မည်းမည်းကို မှောင်နေတော့တာပါပဲ။ လေမပါ ဘာမပါနဲ့ မိုးဆိုမှ မိုးလို့ ဆိုရလောက်အောင် အသားချည်းသက်သက် ရွာချနေတဲ့မိုးပါ။ ရေတွေသွန်ချသလို တဝေါဝေါနဲ့ ရွာနေတဲ့အတွက် စိမ့်နေအောင်အေးတဲ့ မိုးညနေခင်းမှာ ဖေဖေရယ်၊ မေမေရယ်၊ သမီးရယ် နောက်ဖေးက ထမင်းစားခန်းကလေးထဲမှာ ဆုံဖြစ်ကြတယ်လေ။ ညနေစာ စားဖို့ ပြင်ကြဆင်ကြနဲ့။

http://www.cherrythitsar.org



သမီး ကျောင်းဆင်းချိန်နီးတော့ ချက်ထားတာမို့ ထမင်းကတော့ အငွေ့တထောင်းထောင်းနဲ့ ကောက်ညှင်းနံ့ကလေးတောင် သင်းနေသလားပါပဲ။ ဟင်းကတော့ ဖေဖေ့လက်ရာ ဘဲဥချဉ်ရည်လေ။ ဘဲဥချဉ်ရည်ဟင်းခွက်ကို စားပွဲပေါ်တင်လိုက်လို့ ဝေ့ခနဲတက်လာတဲ့ အငွေ့နဲ့အတူ မဆလာနံ့သင်းသင်းက တစ်ခန်းလုံး ပျံ့နှံ့သွားတဲ့အခါ သမီးတစ်ယောက် တံတွေးတွေ ဘာတွေတောင် မျိုချလို့နေခဲ့ရပါပြီ။

သမီးရယ် ...

ဖေဖေ့ ဘဲဥချဉ်ရည်ဟင်းက တကယ့်ကိုမှ စားချင့်စဖွယ် ဘဲဥချဉ်ရည်ဟင်းပါ။ ဘဲဥကို သေသေချာချာ ပြုတ်ပြီးမှ ထက်ခြမ်းခြမ်း၊ ဆီ ကျကျနနသပ်၊ ဘဲဥအကာနှုတ်ခမ်းသားကလေးတွေ ကြွပ်နေပြီဆိုမှ ဖေဖေက မန်ကျည်းရည် လောင်းထည့်ထားခဲ့တာလေ။ ဖေဖေက ဖေဖေတို့ခွက်တွေထဲကို ဟင်းထည့်ပြီးတာနဲ့ သမီးပန်းကန်ထဲကို ဟင်းခပ်ထည့်ပေးလိုက်တဲ့အခါ သမီးတစ်ယောက် မြိန်ရေယှက်ရေ စားလိုက်တာလေ။ ဘဲဥအနှစ်ကလေးကို လက်မနဲ့ ကော်ကာ ဘေးမှာ အသာထားပြီး ဘဲဥအကာကို အားပါးတရ စားလို့။ ဖေဖေနဲ့ မေမေက တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါပါ လှမ်းလို့ကြည့်မိကြရင်းက ပြုံးလည်း ပြုံးဖြစ်ခဲ့ကြပါသေးတယ် သမီးရယ်။

## (နှစ်)

တကယ့်တကယ်တမ်းကတော့ သမီးရယ်၊ သမီးတစ်ယောက် အဲသည့် ဘဲဥအကာကို စိတ်လိုလက်ရ စားတတ်

http://www.cherrythitsar.org



သွားခဲ့တာဟာ သိပ်တော့ မကြာတတ်လှသေးခဲ့ပါဘူး။ ဟိုး အရင့်အရင်တုန်းကဆိုရင် အိမ်မှာ ဘဲဥဟင်း ချက်တဲ့အခါ တိုင်း အဲသည့် ဘဲဥအကာက သမီးအတွက် တစ်ပြဿနာလေ။

သမီးဟာ ဘဲဥအကာကို ဘယ်တုန်းကမှ မစားဘူး။ အနှစ် ကို လက်နဲ့ကော်ပြီး ယူမယ်။ ပြီးရင် အကာကို ဖေဖေ့ပန်းကန် ထဲ ထည့်ရင်ထည့်မယ်၊ ဒါမှမဟုတ် မေမေ့ပန်းကန်ထဲ ထည့် ရင်ထည့်မယ်လေ။ ဖေဖေက အကာလည်း စားပါသမီးရယ်လို့ ပြောရင်လည်း သမီးမှ မကြိုက်တာဆိုတဲ့ စကားနဲ့ ဘယ်တော့မှ မစားဘူး။ ဖေဖေက ဒါကိုမကြိုက်လှတာမှန်ပေမယ့် သမီးမေမေ က ကလေးပဲ သူကြိုက်တာ သူ စားပါစေ၊ ကြီးလာရင် အကုန်စားမှာပေါ့ဆိုပြီး ဖေဖေ့ကို ဟန့်ဟန့်နေတဲ့အတွက် ဖေဖေလည်း မသိကျိုးကျွံပြုပြီး နေလာခဲ့သေးတယ် သမီးရယ်။

ဒါပေမယ့်သမီးရေ၊ နောက် အချိန်ကလေး နည်းနည်းရ လာတဲ့အခါကျတော့ ဖေဖေ ဘယ်လိုမှ နေမရတော့တာ အမှန် ပဲ။ ဒါကြောင့်လည်း ဘဲဥချဉ်ရည်ဟင်း ချက်တဲ့ ထမင်းတစ် ဝိုင်းမှာ ဘဲဥအကာတွေ သူများထဲ လျှောက်မထည့်ဖို့၊ အကာ ရော၊ အနှစ်ရော စားဖို့ လေသံကလေး နည်းနည်းတင်းပြီး သမီးကို ပြောခဲ့မိတယ်။ အဲသည့်နေ့ကတော့ သမီးကလည်း ဘာစိတ် ပေါက်သွားခဲ့တယ် မပြောတတ်ပါဘူး။ ဖေဖေ့ကို ကြောက်ပဲ ကြောက်သွားလို့လား၊ ဒါမှမဟုတ် ရွံ့ပဲ ရွံ့တာလား ဖေဖေ မခန့်မှန်းတတ်ဘူး။ ဘဲဥကို အကာရော အနှစ်ရော ပလုတ်ပလောင်းစားလို့။ ပြောရရင်တော့ သမီးရယ်၊ အဲသည့် နေ့က စလို့ပါပဲ။ နောင် ဘဲဥချဉ်ရည်ဟင်း ချက်တဲ့အခါ ဘဲဥ

http://www.cherrythitsar.org



အကာတွေကို ဘယ်သူ့ပန်းကန်ထဲကိုမှ သမီးတစ်ယောက် လိုက်လိုက်မထည့်တော့ပါဘူး။

## (သုံး)

သမီးရေ ...

ဖေဖေက ကိုယ့်မိသားစု ထမင်းဝိုင်းကလေးအတွင်းမှာ တောင် လူတစ်ယောက်ရဲ့ ကြိုက်ခြင်း၊ မကြိုက်ခြင်းကို လွတ် လပ်ခွင့်မပေးဘဲ ဘဲဥအကာ မစားမနေရ၊ မစားတဲ့လူ အရေး ယူ မယ်ဆိုတဲ့ ပုံစံမျိုးနဲ့ လုပ်ခဲ့တဲ့အတွက် ဖေဖေဟာ အမိန့် အာဏာဆန်လွန်းတယ်လို့များ သမီးက ထင်နေခဲ့လေမလား မပြောတတ်ပါဘူး။ အင်းလေ ... ထင်မယ်ဆိုရင်လည်း ထင် ကောင်း ထင်နေနိုင်တဲ့အတွက် ဖေဖေက သမီးကို နည်းနည်း ပါးပါး ပြောပြချင်စရာလေးတွေ ရှိလာခဲ့ရတာပါ။

သမီးရယ် ...

ဖေဖေတို့တစ်တွေအားလုံး လူတိုင်းလူတိုင်းမှာ ဘယ်ဟာ ကို ကြိုက်တယ်၊ ဘယ်ဟာကို မကြိုက်ဘူးဆိုတဲ့ ပုဂ္ဂလိကတစ် ကိုယ်ချင်းဆန္ဒတွေကတော့ ရှိနေတတ်ကြတာပါပဲ။ ရှိလည်း ရှိသင့်ကြတာပါပဲ။ သမီးအသိပဲလေ။ တချို့လူတွေ ဒူးရင်းသီး မကြိုက်ကြဘူး။ တချို့လူတွေ ဆူးပုပ်ရွက် မကြိုက်ကြဘူး။ တချို့လူတွေ ဒိန်ချဉ် မကြိုက်ကြဘူး။ အဲဒါ ဘာဖြစ်သလဲ သမီးရယ်။ ကိုယ်အာရုံနဲ့မကိုက်လို့ ကိုယ်မကြိုက်တဲ့ကိစ္စ ဘာမှ ကြီးကြီးကျယ်ကျယ် ဖြစ်စရာအကြောင်း မရှိလှပါဘူး။ ဒါပေ မယ့် သမီးရဲ့၊ ကိုယ်ကလည်း တစ်ယောက်တည်းနေတဲ့အချိန်

http://www.cherrythitsar.org



မျိုး မဟုတ်ဘူး။ ကိုယ်ရွေးချယ်လိုက်တဲ့ ပစ္စည်းဥစ္စာအခြေအနေ ကလည်း အဆိုးအကောင်း တွဲစပ်နေတဲ့ အရာမျိုးဆိုလာခဲ့ရင် တော့ တချို့ကိစ္စတွေဟာ နှာခေါင်းရှုံ့ချင်စရာလေ။

သမီးနည်းနည်းလေး စဉ်းစားကြည့်စမ်းပါဦး။ သမီးတစ် ယောက်တည်း နေတဲ့အခါ သမီးဘာသာ ဘဲဥအကာကိုမကြိုက် လို့ ဘဲဥတွေ အများကြီး ဝယ်ချက်ပြီး အကာတွေ အကုန်လွှင့် ပစ်၊ အနှစ်တွေ အကုန်စား၊ သမီးလုပ်လို့ ရပါတယ်။ လုပ် လည်း လုပ်ခွင့်ရှိတယ်။ ဒါပေမယ့် အများနဲ့ ပေါင်းပြီးစားရမယ့် ထမင်းတစ်ဝိုင်းမှာ အနှစ်တွေချည်းပဲ ကော်ကော်ယူပြီး အကာ တွေကို ချန်ထားခဲ့မယ်ဆိုရင်ဖြင့် ...

ဖေဖေလေ မကြိုက်လို့ဆိုတဲ့ အကြောင်းပြချက်ကလေးကို လွယ်လွယ်ပေးပြီး ဘဲဥအကာတွေကို ခေါင်းခါပြတတ်တဲ့ သမီး ကလေးတစ်ယောက် ဖြစ်လာမှာကို စိုးရိမ်လိုက်ရတာ။ သမီးမှတ် မိဦးမလား မသိဘူး။ ဟိုးတစ်ခါက အညာကကောလိပ်ကျောင်း ဝန်းကလေးထဲမှာလေ၊ ဆရာတစ်ယောက်က စားချင်တဲ့လူ စားဖို့ဆိုပြီး ချဉ်ပေါင်စေ့ကလေးတွေ ပက်ထားလိုက်တာ ချဉ် ပေါင်စိမ်းကလေးတွေ စိမ်းလို့၊ စားလို့ကို မနိုင်ပါဘူး သမီး ရယ်။ စားချင်တဲ့လူက လိုသလောက် ဖြတ်ဖြတ်ယူနေကြတာ ပါပဲ။ ဒါပေမယ့် ဆရာမတစ်ယောက်ကဖြင့် ဆန်းကြယ်လွန်း လှပါတယ်လေ။ သူ ချဉ်ပေါင်ချက်တော့မယ်ဆိုရင် ပလတ် စတစ်ဆန်ခါလေး ဆွဲပြီး ထွက်လာတော့တာပါပဲ။ ပြီးတော့ ရင် ချဉ်ပေါင်တစ်ပင်ချင်းစီက ခေါင်ညွှန့်ကလေး တစ်ညွှန့်စီ ကို ဆိတ်ဆိတ်ပြီး ယူသွားလိုက်ရုံပါပဲ။ တကယ့်ကိုပဲ တစ်ပင်

http://www.cherrythitsar.org



မှ တစ်ညွန့် သမီးရယ်။ အဲဒါ မနေတတ်တဲ့ တစ်ယောက် ယောက်က ဓားနဲ့ဖြတ်ယူသွားပါလား ဆရာမရယ်၊ ဘာညာနဲ့ ပြောလာခဲ့ရင်လည်း သူက အရွက်ရင့်ကို လုံးဝ မကြိုက်လို့တဲ့။ ဘဲဥကို အကာဖယ်ပြီး အနှစ်စားတာနဲ့ တူမနေဘူးလား။

## (လေး)

အများနဲ့ ဝိုင်းဖွဲ့ပြီးစားတဲ့ လက်ဖက်သုတ်ဝိုင်းကလေး တစ်ခုမှာ ကြက်သွန်ကြော်နဲ့ ပုစွန်ခြောက်ကလေးတွေချည်းပဲ ရွေးရွေးခပ်တတ်တဲ့ လက်ကလေးတွေကို သမီး တွေ့ဖူးလိမ့် မယ် ဖေဖေထင်တယ်။ လက်ဖက်သားကို သိပ်မကြိုက်လို့တဲ့။ အများနဲ့ ဝိုင်းဖွဲ့ပြီးစားတဲ့ ထမင်းဝိုင်းတစ်ခုမှာ အဆီအသား တွဲချက်ထားတဲ့ ဝက်သားပန်းကန်ထဲကနေ အသားချည်းပဲ ဖွဲ့ဖွဲ့ ခပ်ယူနေတဲ့ လက်ကလေးတွေကိုလည်း သမီး တွေ့ဖူးလိမ့်မယ် ဖေဖေထင်တယ်။ အဆီကို သိပ်မကြိုက်လို့တဲ့။

သမီးရယ် အဲသည့်လိုလူမျိုးတွေကို သူတို့လူ့အဖွဲ့အစည်း အစုအဝေးကလေးက ဘယ်လိုမျက်လုံးတွေနဲ့ ကြည့်ခဲ့ကြလေ မလဲ။ နောက်ကွယ်မှာ ဘယ်လိုစကားတွေနဲ့ မှတ်ကျောက်တင် ခဲ့ကြလေမလဲ။ ဖေဖေက ဒါကို စိုးရိမ်မိတာပါ။ ဖေဖေ့သမီးဟာ သမီးနဲ့ ပတ်သက်ဆက်စပ်ရတဲ့ အသိအကျွမ်းတွေ၊ မိတ်ဆွေ တွေ၊ လုပ်ဖော်ကိုင်ဘက်တွေအပေါ်မှာ အသားချည်းပဲ ဖွဲ့စား ချင်တဲ့စိတ်၊ အကြော်ချည်းပဲ ရွေးစားချင်တဲ့စိတ်၊ အညွန့်ကလေး ချည်း ခူးချက်ချင်တဲ့စိတ်၊ အနှစ်တွေချည်း ရွေးစားချင်တဲ့စိတ် နဲ့ ဆက်ဆံတတ်သွားမှာကို ဖေဖေက စိုးရိမ်တာပါ။

http://www.cherrythitsar.org



ဒါကြောင့်လည်း သမီးကို ဘဲဥအကာ မစားမနေရဆိုတဲ့ ပုံစံမျိုးနဲ့ စားကျင့်ရအောင် ဖွတ်တိုက်တွန်းခဲ့တာပါ။ ခုတော့ဖြင့် ဖေဖေ့သမီးတစ်ယောက် အကာမှ၊ အနှစ်မှဆိုတဲ့ စိတ်ကလေး တွေ ပျောက်လို့၊ အင်းလေ ... လောကမှာ ကိုယ်ကြိုက်တာကို ရော ကိုယ်မကြိုက်တာကိုပါ ရောစပ်သုံးဆောင်တတ်တာဟာ လည်း နေခြည်အနုပညာတစ်ရပ်များ ဖြစ်နေလေမလား မသိ ပါဘူး သမီးရယ်။

(၂၀၀၀၊ ဩဂုတ်၊ **Fashion Image** မဂ္ဂဇင်း)

http://www.cherrythitsar.org

# ၂၀ ကျပ်တန် ရောမ အပေါက်အပြဲကြီးတစ်ခု

## (တစ်)

သမီးရေ...

အဲသည့်နေ့ညတုန်းကလည်း ထုံးစံအတိုင်းလို့ပဲ ဆိုကြပါစို့ရဲ့။ ညနေတိုင်တဲ့အခါ လက်ဖက်ရည်ဆိုင်ကို မထွက်ရရင် မနေနိုင်တဲ့ ဖေဖေက ဖေဖေ့စက်ဘီးကလေးကို အိမ်ပေါ်ကနေအောက်ကို မ,ချပြီး အပြင်ကိုထွက်ဖို့ ခြေလှမ်းပြင်ခဲ့မိပါရဲ့။ အဲသည့်ညနေက မိုးကလေး ခပ်ဖွဲဖွဲ့ ကျနေတဲ့ ညနေ သမီးရဲ့။ ဒါကြောင့် ဖေဖေက ထီးတစ်လက်ကို ယူပြီးမှ စက်ဘီးကို ရှေ့ဘီး နောက်ဘီး လက်နဲ့အသာညှစ်ကြည့်လိုက်တော့ ဖေဖေထင်ထားတဲ့အတိုင်းပါပဲလေ။ ရှေ့ဘီးက လေလျော့လို့နေခဲ့ပြန်ပါပေါ့။ တစ်ခုရှိတာကတော့ ရှေ့ဘီးက လေလျော့နေပုံက စီးမရ

http://www.cherrythitsar.org



လောက်တဲ့အထိတော့လည်း မဟုတ်သေးဘူးသမီးရဲ့။ မြို့ထဲကို ရောက်တဲ့အိထိကတော့ အေးအေးဆေးဆေးပဲဆိုတဲ့ လျှော့ပုံ လျှော့နည်းကြီးပါပဲ။

ပြောရရင် သည်ရှေ့ဘီးကလေး ဖေဖေ့ကို ကသိကအောက် လုပ်နေခဲ့တာ နှစ်ရက်လောက်တောင်မှ ရှိသွားခဲ့ပါပြီ။ အရင် တုန်းကတော့ ပေါက်ရင်လည်း ဖာလိုက်၊ ဘားကျွတ်မကောင်း ရင် ဘားကျွတ် လဲလိုက်ပေါ့။ အခုတစ်ခါကတော့ သည်လို မဟုတ်ဘူး သမီးရေ။ လေတစ်ခါ ထိုးထားလိုက်၊ ဖေဖေစီးနေ လိုက်၊ နောက် တော်တော်ကြာတော့ လေပြန်လျော့နေလိုက် ပေါ့။ လေတစ်ခါ ထိုးထားရင် ခြောက်နာရီလောက်ပဲ ခံတယ်။ ဖေဖေ့စိတ်ထဲမှာ ဘားကျွတ်တိုင်နဲ့ ရှေ့ဘရိတ်တုံး ငြိငြိနေလို့ များ စီးသွားတဲ့အခါ လှည့်ချွတ်သလိုဖြစ်ပြီး လေလျော့လျော့ သွားတာလားလို့ ထင်မိတဲ့အတွက် ဘရိတ်တုံးကို ကြည့်သေး တယ်။ အလွတ်ကြီးပါ သမီးရယ်။

တစ်ခုရှိတာက ဖေဖေ့စက်ဘီးက ရှေ့ဘီးကျွတ်မကောင်း တော့ ဘူး။ ဟိုတစ်ခါ ဖာတုန်းကတောင် စက်ဘီးဆရာက တစ်ခုခုနဲ့ ထိလို့ပေါက်တာ မဟုတ်ဘူးတဲ့။ တဖြည်းဖြည်းပါး ပြီး လေစိမ့်ထွက်နေရာက နောက်မှ ပေါက်သွားတာတဲ့။ သူ တို့ စက်ဘီးဗေဒအခေါ် ကျဉ်တယ်ဆိုလား သမီးရယ်။ ဖေဖေ တောင်မှ သူပြလို့ ကိုယ့်စက်ဘီးကျွတ်ကို ကိုယ်ကြည့်မိခဲ့ပါ သေးတယ်။ ကျွတ်သားတစ်ခြမ်းလုံးက ရေတိုက်စားထားသလို ပါးလို့။ ခုလည်း အဲသည့်ကျဉ်တယ်ဆိုတဲ့ နေရာတစ်ရာက စိမ့်ပြီး လေထွက်နေပြန်ပြီပေါ့။ ဒါကြောင့်လည်း တော်တော်

တန်တန် အချိန်ကလေးတော့ စီးလို့ ပြုလို့ ရနေတာ။ ဘာပဲဖြစ်ဖြစ် ဖေဖေ ဖာတော့ဖာရမှာပေါ့ သမီးရယ်။ မြို့ထဲကျမှပဲ ဖာရရင် ကောင်းမလား၊ လမ်းမှာရှိတဲ့ဆိုင်မှာပဲ ဖာသွားရင် ကောင်းမလား၊ ဒါမှမဟုတ်ဘဲ လေပဲ ထိုးစီးနေရသေးရင် ကောင်းမလားနဲ့ ဘာကိုမှ မဆုံးဖြတ်မိသေးခင်ကိုပဲ ဖေဖေက စက်ဘီးနဲ့အတူ လမ်းပေါ်ကို ထွက်ခဲ့လိုက်မိပါတယ် သမီးရယ်။

## (နှစ်)

သမီးရေ ...

တကယ့်တကယ်တမ်းကတော့ စီးသွားမယ်ဆိုရင်လည်း ဖေဖေ့စက်ဘီးက မြို့ထဲက ဖေဖေထိုင်မယ့် လက်ဖက်ရည်ဆိုင်အထိ ရောက်အောင် စီးသွားလို့ရတဲ့ အခြေအနေပါ။ မြို့ထဲရောက်တော့မှ လက်ဖက်ရည်ဆိုင်နဲ့နီးတဲ့ စက်ဘီးပြင်ဆိုင်တစ်ဆိုင်ဆိုင်မှာ ဖာချင်လည်း ဖာ၊ လေထိုးချင်လည်း ထိုးပေါ့။

ဒါပေမယ့် ဖေဖေက စက်ဘီးကိုနင်းသွားရင်းနဲ့ လမ်းကျတော့ စိတ်ကူးတစ်မျိုး ပြောင်းသွားမိတယ်။ သမီး သိတဲ့အတိုင်း ဖေဖေ လက်ဖက်ရည်ဆိုင်ရောက်သွားလို့ အပေါင်းအသင်းတွေနဲ့ တွေ့ရင် စကားဝိုင်းက စည်စည်ဝေဝေ ရှိတတ်စမြဲမို့ စက်ဘီးဖာတဲ့ဆီကို မရောက်ခဲ့ရင် ပြန်မယ့်အချိန်ကျတော့ စက်ဘီးပြင်ဆိုင်တွေက သိမ်းကြပြီ။ လေထိုးဖို့ဆိုတာကလေးတောင် ခက်ခက်ခဲခဲ ဖြစ်နိုင်စရာရှိတာမို့ ဖေဖေက လမ်းမှာတွေ့တဲ့ **'ဘဝသမား'** ရှေ့မှာ စက်ဘီးကို ထိုးရပ်လိုက်မိတယ်။ **'ဘဝသမား'** ဆိုတာက ဖေဖေ မကြာမကြာ စက်ဘီးပြင်တတ်၊ ဖာတတ်တဲ့

http://www.cherrythitsar.org



စက်ဘီးပြင်ဆိုင်ကလေးလေ။ လူချင်းလည်း အတန်အသင့် ရင်းနှီးမှု ရှိပြီးသားတွေပါ။

ဖေဖေ ဆိုင်ရှေ့မှာ စက်ဘီးရပ်လိုက်တော့ ဖေဖေ့မိတ်ဆွေ စက်ဘီးပြင်ဆရာက စက်ဘီးတစ်စီးကို ကိုင်နေရာက ဖေဖေ့ကို လှည့်ကြည့်ပါတယ်။ ပြီးတော့မှ သူ လက်စကြီးနဲ့မို့ မအား ကြောင်း ဘာကြောင်းကို မျက်မှန်ပေါ်က ကျော်ကြည့်လို့ လှမ်း ပြောလာပါရဲ့။ သူက ဖေဖေ့ကို သူ့လုပ်လက်စအလုပ် ပြီးတဲ့ အထိ စောင့်စေချင်တဲ့ မျက်နှာပေးမျိုးနဲ့ပါ။ ဒါပေမယ့် သမီး ရယ်…၊ သူ့လုက်လက်စက တော်တော့်ကို ကြာဦးမယ့် လုပ် လက်စပါ။ ပြီးတော့ ဖေဖေကလည်း အပေါင်းအသင်းတွေ ပြန် မသွားခင်မှာ လက်ဖက်ရည်ဆိုင်ကို အမီရောက်သွားချင်တယ် လေ။ ဒါကြောင့် မြို့ထဲရောက်မှပဲ ဖာတော့မယ်ဆိုပြီး လှည့်ထွက် ဖို့ပြင်ရုံရှိသေး သူက လေထိုးတံတစ်ချောင်းနဲ့ ထွက်လာပါရော သမီးရေ။

သူက သူ့မှာ လေထိုးတံတစ်ချောင်း အပိုရှိတယ်တဲ့။ ဒါကြောင့် တစ်ချောင်း ယူသွားလိုက်တဲ့၊ လမ်းမှာ လေလျော့ ရင် ထိုးထိုးပြီး စီးသွားတဲ့၊ ပြန်လာမှ ဖာတဲ့။ ခက်လိုက်တာ သမီးရယ်။ ဖေဖေ့မှာက ထီးက တစ်ဖက်နဲ့၊ အနောက်က ကယ် ရီယာခုံကလည်း လေထိုးသံ ညှပ်လောက်အောင် မကောင်း။ နောက်ဆုံးတော့ ဘယ်လိုမှ ဖေဖေမကြံတတ်တာနဲ့ သူ့လေထိုး တံကြီး အသာထားပြီး ထွက်ခဲ့ရတယ်လေ။ စိတ်ထဲမှာတော့ မြို့ထဲက စောစောပြန်မယ်၊ လေပဲ ထိုးစီးလာမယ်၊ သူ့ဆီ ရောက်မှ ဖာမယ်ပေါ့။

http://www.cherrythitsar.org



ဒါပေမယ့်သမီးရယ်။ အစီအစဉ်တို့ ဘာတို့ဆိုတာတွေက လည်း နည်းနည်းပါးပါးတော့ ပြောင်းတန်ပြောင်းရတာမျိုး မဟုတ်လား။ ဖေဖေ အဲသည့်နေ့ညနေက လက်ဖက်ရည်ဆိုင်က ထပြန်တာကလည်း နည်းနည်းစောနေပြန်။ မြို့ထဲမှာ လေဝင်ထိုးဖို့ သွားမိတဲ့ စက်ဘီးဆိုင်ကလည်း လူရှင်းနေပြန်ဆိုတော့ ဖေဖေလည်း ဖေဖေ့ရှေ့ဘီးကလေးကို ဖာလိုက်မိခဲ့တယ်။ တစ်ပေါက်ကို ၂၀ တဲ့။ အဲသည့်ငွေ ၂၀ ဟာ ရောမပြဿနာတစ်ခုပါပဲ။

## (သုံး)

ပြောကြပါစို့သမီးရယ်။

အဲသည့် **'ဘဝသမား'** ဆိုတဲ့ စက်ဘီးပြင်ဆိုင်ကလေးက ပုဂ္ဂိုလ်ဟာ နောက်နေ့တွေကစလို့ ဖေဖေ့ကို ဟက်ဟက်ပက်ပက် မရှိတော့ပါဘူး။ တစ်ခါများဆို ***"ဘယ့်နှယ် ခင်ဗျားရှေ့ဘီး"*** လို့တောင် လုပ်သွားခဲ့ပါသေးရဲ့။ သူ့အကြည့်တွေကို ဖေဖေ ဘာသာပြန်လို့ ရသလောက်ကတော့ ဖေဖေ့ဆီမှာ အကြွေးရှိနေတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးပေါ့။ ငွေ ၂၀ ကျပ်တန် စက်ဘီးအပေါက်တစ်ပေါက်လေ။ ဖေဖေ သူ့လေထိုးတံကို ယူမသွားတာ။ လမ်းမှာ ထိုးထိုးပြီး စီးမသွားတာ၊ သူ့ဆီပြန်ရောက်မှ မဖာတာ၊ အားလုံးကို အပြစ်လို့ သူ ထင်နေပုံ ရတယ်။ သူက မုန်တိုင်းမိလာတဲ့ ရွက်လှေကိုတောင် သူ့ဆိပ်ကမ်းမှာ အခွန်အကောက်ပေးပြီး ကပ်စေချင်တဲ့ပုံပါ။

http://www.cherrythitsar.org



ဟိုးတစ်ခါတုန်းက မီးလည်း မမွေးရသေး။ လက်ဖက်ခြောက်လည်း မနုပ်ရသေး။ ဂျုံလည်း မနယ်ရသေးတဲ့ မနက်စောစော လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်ထဲကို လူတစ်ယောက် ဝင်သွားတာကို ဖေဖေ လှမ်းကြည့်နေခဲ့ဖူးတယ်။ စားစရာ၊ သောက်စရာ ဘာမှ မရသေးလို့ထင်ပါရဲ့။ ပြန်ထွက်လာတဲ့လူကို ဆိုင်ရှင်လို ထင်ရပုံပေါက်တဲ့လူက ခပ်ထွေ့ထွေ့ ခပ်ငေါ့ငေါ့ လှမ်းပြောလိုက်တာကိုလည်း ဖေဖေ ကြားခဲ့ဖူးတယ်။ ဆိုင်ရှင်က သူ့ဆိုင်မှာ စားစရာ၊ သောက်စရာ ရတဲ့အထိ ထိုင်စောင့်နေစေ့ချင်တဲ့ပုံပါ။

သမီးရေ ...

ဟိုးတစ်ခါတုန်းကလည်း သမီးတို့က ကြည့်ချင်လွန်းလှပါတယ်ဆိုတဲ့အတွက် ဖေဖေ မကြာမကြာ ငှားနေကျဆိုင်ကလေးတစ်ဆိုင်မှာ Titanic အခွေကို ဝင်ဝင်ငှားမိတယ်။ တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ်၊ လေးငါးရက်ပါပဲ သမီးရယ်။ အခွေကလည်း လူကြည့်များနေတဲ့အခွေဆိုတော့ လက်မလည်ဘူးထင်ပါရဲ့။ ဒါနဲ့ တစ်နေ့ကျ အပိုင်ရှိတဲ့ ဖေဖေ့မိတ်ဆွေတစ်ယောက်က ခဏငှားတာနဲ့ ဖေဖေတို့လည်း ယူကြည့်ဖြစ်ကြတယ်လေ။ ဒါကို အသိပေးလိုက်တဲ့အခါ အခွေဆိုင်က ပုဂ္ဂိုလ်က မျက်နှာမကောင်းလှပါဘူး။

သမီးရယ် ...

ဒါတွေဟာ စက်ဘီးအပေါက်ကို ဘယ်မှာမှ မဖာရဘူးဆိုတဲ့ စက်ဘီးဆိုင်ကလေးထဲက လိပ်ပြာမျိုးတွေပါ။ ဖေဖေ့ရှေ့ဘီးကလေးကို တစ်ပေါက် ၂၀နဲ့ ဖာသလို သူတို့ သူတို့

http://www.cherrythitsar.org



တွေရဲ့ စိတ်ခာတ် အပေါက်အပြဲတွေကို ဘယ်လိုများ ဖာထေးရရင် ကောင်းလေမလဲလို့ ခုထိ ဖေဖေ စဉ်းစားမရနိုင်ခဲ့ဘူး။

(၁၉၉၉၊ စက်တင်ဘာ၊ ချယ်ရီမဂ္ဂဇင်း)

http://www.cherrythitsar.org

# မသန်းသန်း အလိုမရှိ

## (တစ်)

သမီးရေ…

ကျန်ခဲ့တဲ့ လေးငါးရက်လောက်တုန်းက ဖေဖေတို့မိသားတစ်စု မိုးအေးအေးနဲ့ ဧည့်ခန်းထဲမှာ စုပြီး ငြိမ်ချက်သားကောင်းနေကြတုန်း မသန်းသန်းတစ်ယောက် ဖေဖေတို့အိမ်ကို ရောက်လာခဲ့တာကို သမီး မှတ်မိနေခဲ့လိမ့်ဦးမယ်လို့ပဲ ဖေဖေ ထင်မိတယ်ကွယ်။ အဲသည့်နေ့က ကျောင်းတွေရော၊ ရုံးတွေရော အကုန်လုံး ပိတ်တာမို့လို့ ဖေဖေတို့တစ်တွေ မ နက်ခင်းပိုင်းမှာကတည်းက လုပ်စရာရှိတဲ့အလုပ်တွေကို အကုန်လုံး လက်စသတ်ထားခဲ့ပြီး နေ့လယ်ခင်းစလို့ ညနေတော်တော်စောင်းတဲ့အထိ ဧည့်ခန်းထဲမှာ အချိန်ကုန်မိခဲ့ကြတဲ့ နေ့လေ။ မိုးကတော့

http://www.cherrythitsar.org



တော်ကြာနေရင် တဝေါဝေါနဲ့ ရှာချနေလိုက်၊ တော်ကြာနေရင် ခဏနားနေလိုက်နဲ့ အရိုးထိအောင် အေးပြီး စိမ့်နေတဲ့နေ့ပါ သမီးရယ်။

မိုးအေးအေးမှာ ဖေဖေရယ်၊ မေမေရယ်၊ သမီးရယ် သုံးယောက်သား ကိုယ့်စာအုပ်ကလေးတွေ ကိုယ်မျက်နှာအပ်လို့ စာအုပ်ထဲက ကမ္ဘာလောကကြီးထဲမှာ ငြိမ့်ပြီး တိတ်ဆိတ်နေတော့တာပါပဲ။ တစ်ခါတစ်ခါမှသာ လက်ဖက်ခွက်ကလေးရှိရာကို လက်လှမ်းဖြစ်လိုက်ကြ၊ ရေနွေးကြမ်းခွက်ကလေးတွေကို လက်ဆင့်ကမ်းလိုက်မိကြနဲ့။ မသန်းသန်းက ဖေဖေတို့တစ်တွေ အဲသည်လို ကိုယ့်စာအုပ်ထဲမှာ ကိုယ်နစ်ဝင်နေကြတုန်းမှာမှ အိမ်ကို ရောက်လာခဲ့တာပါ သမီးရယ်။

သမီးရေ ...

မသန်းသန်းဆိုတာ တကယ်တော့ ဖေဖေတို့အိမ်အတွက် မရှိမဖြစ်ပါ။ ဖေဖေတို့အိမ်ရဲ့ အလုပ်တော်တော်များများက မသန်းသန်းလက်ထဲမှာလေ။ ဖေဖေတို့မိသားစုရဲ့ အဝတ်တွေကို လျှော်ဖို့ဖွပ်ဖို့၊ မီးပူတိုက်ဖို့၊ တစ်ခါတစ်ခါ မီးသွေးလေး၊ ဆပ်ပြာလေး ပြေးဝယ်ပေးဖို့၊ တစ်ခါတစ်ခါ ဈေးကြီးကို သွားပေးဖို့၊ တစ်ခါတစ်ခါ ငါးကိုင်ဖို့၊ ဖားကိုင်ဖို့။ သည့်တော့လည်း မသန်းသန်းတစ်ယောက် ဖေဖေတို့အိမ်ကို အနည်းဆုံး တစ်နေ့တစ်ခေါက်လောက်တော့ ဝင်တာထွက်တာ၊ သွားတာလာတာဟာ အဆန်းတကြယ်တော့လည်း မဟုတ်လှပါဘူး။

အဲသည့်နေ့က မသန်းသန်း အခန်းထဲကို ဝင်လာတော့ ဖေဖေ သမီးကို အသာလေး အကဲခတ်ကြည့်မိတယ်။ ဖေဖေတို့

http://www.cherrythitsar.org



သုံးယောက်အပြင် တခြားလူထိုင်ဖို့ရာ ခုံမရှိတော့တဲ့ အခန်းထဲမှာ သမီးတစ်ယောက် ဘာများ လုပ်လေမလဲပေါ့။ သမီးက ဖတ်လက်စစာအုပ်ကလေးကို လက်ညှိုးနဲ့ အသာကလေးညှပ်၊ ပြီးတော့ မတ်တတ်ရပ်ကာ *'အန်ကယ်သန်း၊ ဒီမှာလာထိုင်'* လို့ဆိုပြီး နောက်ဖက်ကအခန်းထဲကို ဝင်သွားတဲ့အခါ ဖေဖေ ကြည်နူးလို့ မဆုံးနိုင်ခဲ့ဘူး။ ဟုတ်ပါတယ်သမီးရယ်။ ဖေဖေ တကယ့်ကို ကြည်နူးမိခဲ့တာပါ။ မသန်းသန်းဆိုတာဟာ ဖေဖေ့အတွက် မသန်းသန်း၊ မေမေ့အတွက် မသန်းသန်းသာလျှင် ဖြစ်ရပေမှာပေါ့။ သမီးအတွက်ကဖြင့် မသန်းသန်း မဖြစ်သင့်စတမ်းလေ။ သမီးက ထိုင်ခုံပေါ်မှာ ထိုင်ရာကမထ မိန့်မိန့်ကြီးထိုင်နေရာကသော် ...ဖေဖေတို့ရဲ့ ဝေယျာဝစ္စတွေကို လုပ်ပေးနေရတဲ့ မသန်းသန်းပါလားဆိုတဲ့ မျက်လုံးမျိုးနဲ့များ လှမ်းကြည့်နေခဲ့လိုက်ရင် ...။ သမီးရယ် ...ဖေဖေ မစဉ်းစားတတ်လောက်အောင်ပါပဲ။

## (နှစ်)

သမီးရေ ...

ဟိုး ...တစ်ခါတုန်းက ကောလိပ်ကျောင်းကလေးရှေ့က ဆိုက်ကားဂိတ်ကလေးထဲမှာ ဖေဖေ ရှိနေခဲ့ဖူးတယ်။ ဘာရယ်တော့ မဟုတ်ပါဘူး သမီးရယ်။ ဆိုက်ကားဂိတ်ကလူတွေနဲ့ ဖေဖေနဲ့က ခင်နေကြတာဆိုတော့ တစ်ခါတစ်ခါ ဖေဖေက သွားသွားထိုင်ပြီး ရောက်တတ်ရာရာတွေကို ပြောကြဆိုကြတာပါပဲ။

http://www.cherrythitsar.org



**မသန်းသန်း အလိုမရှိ** ထွက်လာပါတယ်။ သူက ကောလိပ်ထဲက ဆရာနဲ့ ဆရာမတို့ ရဲ့ သမီးလေ။ လေးတန်းကျောင်းသူကလေး။ သူက လမ်းထဲ မှာ တုတ်တစ်ချောင်းကို ကိုင်ထားရင်း လမ်းဘေးက တွေ့သမျှ မြက်ပင်ကလေးတွေကို ဖေ့ကာယမ်းကာ ရိုက်လာရာက ဂိတ်ရှေ့ကိုလည်း ရောက်ရော ဂိတ်ထဲကို လှမ်းမေးပါတယ်။

*"ကိုမြင့်ရှိလား"* တဲ့။

ဂိတ်ထဲက စကားဝိုင်းထဲမှာကလည်း ကိုမြင့်က အဆင်သင့် ရှိနေတာမို့ *"ရှိတယ်"* ပေါ့။ သမီးရယ် ...အဲသည့်တော့မှ ကလေးမကလေးက ဆက်ပြီး ပြောနေလိုက်တာ *"ကိုမြင့်အားရင် အိမ်လာခဲ့စမ်းပါ"* တို့၊ *"ကိုမြင့်ကို ခိုင်းစရာရှိလို့"* တို့၊ *"မေမေနေနဲ့နော် ကိုမြင့်"* တို့ ကိုမြင့်ချင်းကို ထပ်နေတာပါပဲ သမီးရယ်။

ကိုမြင့်က သူ့ဆိုက်ကားကို ဂိတ်ထဲကနေ ဆွဲထုတ်သွားပေမယ့် မျက်နှာက မကောင်းလှဘူး။ ဖေဖေလည်း စိတ်ထဲမှာ တစ်မျိုးပဲ သမီးရယ်။ ဆိုက်ကားဂိတ်ထဲက တစ်ယောက်ကတော့ *"သိပ်ရိုင်းတဲ့ ကလေးမလေး"* တဲ့။ ကောက်ချက်တွေ ချလို့။ သမီးရေ...ကိုမြင့်ဆိုတာဟာ သူ့အဖေ၊ သူ့အမေတွေအတွက် ကိုမြင့်ဖြစ်ပေမယ့် သူ့အတွက်ကတော့ ကိုမြင့် မဖြစ်နိုင်ဘူးလေ။ ဒါကို ကလေးမလေးက နားမလည်နိုင်ခဲ့ရင်တောင် သူ့အဖေ၊ အမေတွေက ထိန်းကွပ်ပေးသင့်တာပေါ့။ အခုတော့ ...

ကိုမြင့် ...တဲ့။

(သုံး)

http://www.cherrythitsar.org



ဖေဖေ့စိတ်ထဲမှာ အခုထိတိုင်အောင်ကိုပဲ အမာရွတ်ကြီးလို ထင်နေတဲ့ ဖြစ်ရပ်တစ်ခုကိုလည်း သမီးကို ဖေဖေ ပြောပြချင်သေးတယ်။ တက္ကသိုလ်ကြီးတစ်ခုမှာ ဖေဖေ အလုပ်လုပ်နေခဲ့တုန်းကပေါ့။

တစ်နေ့မှာ ဖေဖေက ဖေဖေ့ထက် ရာထူးကြီးတဲ့၊ ဖေဖေတို့ကို အုပ်ချုပ်နေရတဲ့ ဆရာတစ်ယောက်ရဲ့အိမ်ကို ကိစ္စတစ်ခုနဲ့ ရောက်သွားခဲ့တယ်လေ။ ဖေဖေ ရောက်သွားတဲ့အချိန်မှာ ဆရာက ဧည့်ခန်းထဲမှာ မရှိပါဘူး။ အတွင်းထဲမှာ စာဖတ်နေတာလား၊ ထမင်းစားနေတာလား မသိတတ်ပါဘူး။ ဧည့်ခန်းထဲမှာက ဆရာ့သား ထိုင်နေပါတယ်။ သူက ဆယ်တန်းအောင်ပြီးကာစလေ။

သူက ဖေဖေ့ကိုမြင်တော့ ဆရာ့ကို လှမ်းခေါ်ပါတယ်။ *"ဖေဖေရေ ...ကိုသာချို"* တဲ့။ ဖေဖေ့ရင်ထဲမှာ စူးသလိုလို နာသလိုလိုကြီးပါ သမီးရယ်။ သည်ကလေးက ဖေဖေ့ကိုမှ မဟုတ်ပါဘူး။ ဘယ်ဆရာ၊ ဘယ်ဆရာမကိုမှ ဆရာလို့ခေါ်လိုက်ဖို့၊ ဆရာမလို့ ခေါ်လိုက်ဖို့ ဝန်လေးလှတဲ့သူပါ။ သူ့မျက်လုံးကို ဖေဖေ ဘာသာပြန်လို့ရသလောက်က ခင်ဗျားတို့ဟာ ကျွန်တော့်ဖေဖေရဲ့ လက်အောက်ကဆိုတဲ့ အဓိပ္ပာယ်မျိုးပါပဲ။ ဒါကြောင့် ဆရာလို့ ခေါ်ဖို့ရာ မလိုအပ်ဘူးဆိုတဲ့ အရိပ်အငွေ့မျိုးပါ။

ကိုဘယ်သူ ...တဲ့။

မဘယ်သူ ...တဲ့။

နားထဲမှာလေ။

## (လေး)

အခုတော့ သမီးက ဖေဖေတို့အတွက် မသန်းသန်းကို အန်တီသန်းတဲ့။ ဒါကို ဖေဖေက ကျေနပ်မိတာပါ။ သေချာတာ တစ်ခုက သမီးဟာ ဖေဖေ မဟုတ်ဘူး။ ပြီးတော့ မေမေလည်း မဟုတ်ဘူး။ သမီးနေရာမှာ သမီးနေပြီး သမီးအသံကိုပဲ သမီး ထုတ်ပြန်ရမယ်လေ။ မသန်းသန်းစရာ မလိုဘူး။ ကိုမြင့်စရာ မလိုဘူး။ ကိုဘယ်သူ၊ မဘယ်သူစရာ မလိုဘူးလို့ ဖေဖေ ယုံကြည်နေမိပါတယ် သမီးရယ်

**(၁၉၉၉၊ အောက်တိုဘာ၊ ချယ်ရီမဂ္ဂဇင်း)**

http://www.cherrythitsar.org

# ဘဲသားမုန့်မှ သကြားပလာတာသို့

## (တစ်)

သမီးရေ…

ကျန်ခဲ့တဲ့ တနင်္ဂနွေနေ့၊ နေ့လယ်ခင်းတုန်း က မြို့ထဲက နေ ဖေဖေပြန်လာလို့ ဖေဖေတို့အိမ်ရှေ့မှာ စက်ဘီးကလေးကို လည်း ရပ်မိရော ဖေဖေ့သမီးတစ်ယောက် ထုံးစံအတိုင်း ဖေဖေ့ကို ဆီးကြိုနေတော့တာပါပဲ။ ပြီးတော့မှ ဖေဖေ့ကို သမီးတို့မှာ လိုက်တဲ့မုန့် ပါသလားပေါ့။ သမီးကမှ မှာလိုက်တယ်ဆိုရင် မုန့်ပဲမှာမှာ၊ ရွှေသွေးတို့လို့၊ ပလုတ်တုတ်တို့လို၊ ရတနာပန်းခင်း တို့လို စာအုပ်တွေပဲမှာမှာ၊ ခဲဖျက်ကလေးတွေ၊ ဘောပင်ကလေး တွေပဲမှာမှာ ဘယ်တုန်းကမှ မမေ့တတ်တဲ့ ဖေဖေက ပါခဲ့ပါ တယ် သမီးရယ်ပဲပေါ့။

http://www.cherrythitsar.org



ဟုတ်ပါတယ်သမီးရယ်။ အဲသည့် တနင်္ဂနွေနေ့ နေ့လယ်ခင်းတုန်းက မြို့ထဲက လက်ဖက်ရည်ဆိုင်ကနေ ဖေဖေပြန်လာတော့ သမီးတို့အတွက် ဖေဖေမုန့်ဝယ်လာခဲ့ပါတယ်။ ဒါပေမယ့် သမီးတို့မှာလိုက်သလို ဘဲသားမုန့်တော့ မဟုတ်ခဲ့ပါဘူး။ ဖေဖေ ဝယ်လာဖြစ်ခဲ့တာက သကြားပလာတာလေ။ ဒါကြောင့် ထင်ပါရဲ့။ သမီးက သိပ်ကျေနပ်လှပုံ မရဘူး။ ဖေဖေသွားထိုင်တဲ့ လက်ဖက်ရည်ဆိုင်က The First မဟုတ်ဘူးလား။ The First မှာ ဘဲသားမုန့် မရှိဘူးလား။ The First က ဘဲသားမုန့် မလုပ်တော့လို့လား။ သမီးမျက်လုံးထဲမှာ ဖေဖေတွေ့ခဲ့ရတဲ့ မေးခွန်းများစွာလေ။

သမီးရေ ...

အဲသည့် တနင်္ဂနွေနေ့တုန်းက ဖေဖေသွားထိုင်တဲ့ လက်ဖက်ရည်ဆိုင်က ဖေဖေထိုင်နေကျ The First ဆိုတဲ့ လက်ဖက်ရည်ဆိုင်ကလေးပါပဲ သမီးရယ် ...။ သမီးတို့ ကြိုက်တတ်တဲ့ ဘဲသားမုန့်ကိုလည်း လုပ်နေတုန်း၊ ရောင်းနေတုန်းပါပဲ။ မုန့်ဗန်းထဲမှာ စီပြီး ထပ်ထားတဲ့ ဘဲသားမုန့် တော်တော်များများကို လက်ဖက်ရည်သောက်ရင်းနဲ့တောင် ဖေဖေ လှမ်းမြင်မိလိုက်သေးတယ်။ ပြန်ရင်တော့ အိမ်အတွက် ဝယ်သွားဦးမှလို့လည်း ဖေဖေ သတိရမိလိုက်သေးတယ်။

ဒါပေမယ့်ပေါ့ ...

ဟုတ်ပါတယ်။ ဒါပေမယ့် ဖေဖေ ဘဲသားမုန့် မဝယ်လာဖြစ်ခဲ့ပါဘူး။ ဖေဖေက သမီးကို အဲသည် မဝယ်လာဖြစ်တဲ့ အကြောင်းကိုပဲ ပြောပြချင်နေတာပါ။

http://www.cherrythitsar.org



## (နှစ်)

အဲသည့်နေ့ခင်းတုန်းက The First မှာ ထိုင်ဖြစ်ခဲ့ကြတာ က ဖေဖေရယ်၊ ဖေဖေ့မိတ်ဆွေနှစ်ယောက်ရယ်ပါ။ မကြာမကြာ ဆုံဖြစ်ကြတဲ့ မိတ်ဆွေတွေမို့ လက်ဖက်ရည်ခွက်ကလေးတွေ ရှေ့မှာချပြီး ရေနွေးကြမ်းတစ်အိုးနဲ့ အေးအေးလူလူ စကား ကောင်းနေခဲ့ကြတာပေါ့။ ဖေဖေတို့က ဆေးလိပ်သမားတွေ လည်း မဟုတ်ကြ၊ မုန့်တွေဘာတွေလည်း စားလေ့စားထမရှိ ကြဆိုတော့ ရေနွေးကြမ်းတစ်ခွက်ပြီးတစ်ခွက်နဲ့ စကားဝိုင်းဖွဲ့ ကြရတဲ့ နေခင်းပါသမီးရယ်။

ဖေဖေတို့ စကားကောင်းနေခဲ့ကြတာ တော်တော်လေးကြာ တော့ ဖေဖေတို့ရဲ့ စားပွဲပေါ်မှာ စီးကရက်တွေ၊ မုန့်တွေ ရောက် လာပါလေရော သမီးရေ။ ဘယ်သူမှ မမှာဘဲနဲ့ ရောက်လာကြ တာတွေဆိုတော့ ဖေဖေတို့တစ်တွေ အံ့အားသင့်သွားမိကြတာ လည်း အမှန်ပါပဲ။ ဒါကြောင့် စားပွဲထိုးကလေးကို လှည့်ပြုကြည့် မိကြတာပေါ့။ သည်တော့မှ ဟိုးခပ်လှမ်းလှမ်းစားပွဲက ဖေဖေ့ တပည့်ဟောင်းတစ်ယောက်ရယ်၊ သူ့သူငယ်ချင်းတစ်ယောက်နဲ့ ထိုင်နေရာက ဖေဖေ့ကို လှမ်းပြုံးပြလို့။ ဖေဖေတို့ဝိုင်းအတွက် အားလုံးရှင်းပြီးပြီတဲ့။ နောက်ထပ်လိုတာလည်း လိုသလိုစား ပါသောက်ပါ ဆရာတဲ့။ အင်းလေ ...အဲဒါဟာ သမီးတို့ဆီကို ဘဲသားမုန့် ပါမလာခြင်းရဲ့ အဓိကအကြောင်းတရားပါပဲ။

သမီးစဉ်းစားကြည့်စမ်းပါဦး။ ဖေဖေတို့ဝိုင်းအတွက် ရှင်း ထားပြီးပြီလို့ ဆိုတဲ့ ဖေဖေ့တပည့်ဟောင်းက လက်ဖက်ရည်ဆိုင် ကောင်တာက လူဆီသွားပြီး ဖေဖေတို့ပိုက်ဆံရှင်းရင် မယူဖို့

http://www.cherrythitsar.org



ပြောထားပြီးပြီလေ။ ပြီးတော့ ပိုက်ဆံအရှက် ခပ်ကြီးကြီးကို လည်း ကောင်တာမှာ ကြိုပေးထားနှင့်ခဲ့ပြီ။

ဖေဖေ ဘယ်လိုလုပ်ရမလဲ။ ဘဲသားမုန့်တွေ မှာချထည့် လိုက်ရမလား။ ဆေးလိပ်တွေကို ကောက်သောက်၊ မုန့်တွေကို ကောက်စား။ ဒါ အခွင့်အရေးလေ။ ဖေဖေတို့ရဲ့ ဝန်ကိုထမ်းမယ် ဆိုတဲ့ ပခုံးသားကလေးက တစ်ခုသော စားပွဲဝိုင်းမှာ အဆင် သင့်လေ။ သမီးရယ်၊ ဘဲသားမုန့်ပါဆယ်ထုပ်ကလေးကို ဆွဲကာ ဆိုင်ထဲကနေ ထွက်သွားဖို့အတွက် ဖေဖေ ဘယ်လိုမှ နောက် ကျောမလုံတတ်ဘူး။ ကိုယ့်ဘာသာ ငွေရှင်းပြီး ထွက်သွားဖို့ ဆိုတာကလည်း သူက တော်တော်နဲ့ ဆိုင်ကထမယ့်ပုံ မပေါ် တဲ့သူလေ။

နောက်ဆုံးမတော့ ဖေဖေ ဘဲသားမုန့်ကို လက်လျှော့လိုက် ပါတယ်။ တပည့်ဟောင်းကို ကျေးဇူးတင်စကားဆိုကာ The First ကနေ ပြန်ဖြစ်ခဲ့တယ်ဆိုပါတော့။

## (သုံး)

သမီးရေ ...

ဖေဖေက ဘဲသားမုန့်ကို လက်လျှော့ခဲ့ပေမယ့် သကြား ပလာတာဆီကိုတော့ ရောက်အောင်သွားခဲ့ပါတယ် သမီးရယ်။ သကြားပလာတာဆိုတာကလည်း သမီးတို့ ကြိုက်ကြစားကြ တဲ့မုန့်လေ။

ဖေဖေ The First ကနေပြန်လာတော့ လမ်းမှာ Country Boy ဆိုတဲ့ လက်ဖက်ရည်ဆိုင်ကလေးကို ဖြတ်ရတယ်

http://www.cherrythitsar.org



လေ။ Country Boy က ဘဲသားမုန့် တွေ ဘာတွေ မရပေမယ့် သကြားပလာတာတို့ဘာတို့တော့ ရတယ် မဟုတ်လား။ သကြားပလာတာကလည်း သမီးတို့ကြိုက်တတ်တဲ့ မုန့်ဆိုတော့ အဲသည့်မုန့်ကိုပဲ ဖေဖေက ဝင်ဝယ်လိုက်ခဲ့တာပါ။ ဒါကြောင့် ဘဲသားမုန့်အစား သကြားပလာတာတွေ အိမ်ကို ပါလာခဲ့တာပေါ့။

**(လေး)**

သမီးရယ် ...

ဘဲသားမုန့်ဆီကနေ သကြားပလာတာဆီကို ရောက်ဖို့အတွက် ကိုယ့်ကျင့်တို့၊ သိက္ခာတို့နဲ့ ဖေဖေ့ကိုယ်ဖေဖေ မောင်းနှင်ယူခဲ့ရပါတယ်ဆိုရင် သမီးတစ်ယောက် ဖေဖေ့ကို နားလည်နိုင်မလားပါပဲ။

**(၁၉၉၉၊ နိုဝင်ဘာ၊ ချယ်ရီမဂ္ဂဇင်း)**

http://www.cherrythitsar.org

# ကျောက်တော်ကြီးကုန်းအဆင်းမှာ ပြဿနာဖြစ်နေတဲ့ ကမ္ဘာကြီး

## (တစ်)

သမီးရေ…

မိုးကုန်သွားပြီလို့ဆိုပေမယ့် ဆောင်းရယ်လို့ ပီပီသသကြီး မဝင်သေးလို့လား မသိပါဘူး။ ဖေဖေတို့တွေ ဘဝခရီး တစ်ထောက်နားနေခဲ့ကြရတဲ့ မြေလတ်မြို့ကလေးမှာ ဘယ်သူ တစ်ဦးတစ်ယောက်ကမှ အနွေးထည်တွေ ဘာတွေကို ဝတ်တယ် စားတယ်ရယ်လို့လည်း မရှိကြသေးပါဘူး။ မြောက်လေက လည်း မနိုးသေး၊ နှင်းကလည်း မကျသေးနဲ့ အမြဲတမ်းလိုလို ပူစပ်ပူလောင်ကြီးပါ သမီးရယ်။ ညနေစောင်းလို့ မိုးချုပ်လုချုပ် ခင်အချိန်ကို ရောက်ပြီလို့ဆိုရင်တစ်နေ့လုံး ပူထားတဲ့ နေ ကြောင့် ဖေဖေတို့ တိုက်ခန်းကလေးတွေထဲမှာ အပူပြန်နေလိုက် တာ ဖိန်းဖိန်းရှိန်းရှိန်းကြီး။

http://www.cherrythitsar.org



ခက်တာက သမီးရယ်။ အပူရှိန်ကို သက်သာအောင်လို့ တံခါးတွေ အကုန်ဖွင့်ထားဖို့ဆိုတာကလည်း အဲသည့်အချိန်က မှောင်ရီပျိုးစဆိုတော့ ခြင်တွေရော၊ ပိုးကောင်မွှားကောင်းကလေး တွေရော၊ အခန်းထဲကို အလုံးအရင်းနဲ့ ဝင်တတ်ကြတဲ့အချိန် လေ။ သူတို့ ဝင်မလာအောင် အခန်းတံခါးတွေကို အကုန်ပိတ် ထားပြန်တော့ ပေါင်းအိုးထဲမှာ ဝင်နေရသလိုမျိုးကြီး။ ဒါနဲ့ ညနေတိုင်ပြီဆိုတာနဲ့ ဖေဖေတို့တစ်တွေ အခန်းတံခါးတွေ အ ကုန်ပိတ်ပြီး လမ်းလျှောက်ထွက်ဖြစ်ကြပါလေရော။ အပြင်ဘက် မှာက အေးတန်သလောက်တော့လည်း အေးသေးရဲ့ မဟုတ် လား။ တော်တော်ကလေးမှောင်လို့ ဖေဖေတို့အခန်းကလေး အေးလောက်ပြီဆိုမှ ဖေဖေတို့ ပြန်လာနေကျလေ။ အခန်းထဲ ကို ပြန်ရောက်ပြန်တော့ ရုပ်မြင်သံကြားကလေးရှေ့မှာ စုမိကြ ပြန်ပါရော။

ဖေဖေ့သမီးက ရုပ်မြင်သံကြားကို အင်မတန်မှကြိုက်တဲ့ သမီးပါ။ အိုရှင်း ပြနေတုန်းကလည်း အိုရှင်းမို့၊ မျောက်ဘုရင် ဝုခုန်း ပြနေတုန်းကလည်း ဝုခုန်းမို့၊ အခုနောက်ပိုင်းကျတော့ ခရီးသွားဆာမူရိုင်းအပြင် Discovery ရယ်၊ CNN က နိုင်ငံ တကာသတင်းတွေရယ်ကို ဘယ်လိုကြိုက်နေမှန်း မသိပါဘူး။ သမီးက ကပ်ထားပေးပါလို့ ပြောလို့ ရုပ်မြင်သံကြားဘေးက နံရံမှာ ဖေဖေကပ်ထားပေးရတဲ့ ကမ္ဘာ့မြေပုံကြီးကို ထထကြည့်ရ တာလည်း အမောပါပဲ။ တူရကီမှာ ငလျင်လှုပ်တယ်ဆိုတော့ တူရကီကို ထကြည့်ရတာအမော။ တရုတ်ပြည်မှာ ပန်ဒါဝက်ဝံ ကလေးတွေ ရှိသေးတယ်ဆိုတော့ တရုတ်ပြည်ကို ထကြည့်ရ

http://www.cherrythitsar.org



တာ အမော။ အိန္ဒိယမှာ ရထားနှစ်စင်းတိုက်တယ်ဆိုတော့ အိန္ဒိယကို ထကြည့်ရတာ အမော။

ဘာပဲဖြစ်ဖြစ်ပေါ့ သမီးရယ်။ ဖေဖေ့သမီးတစ်ယောက် ကမ္ဘာ့သတင်းတွေကို စိတ်ဝင်စားတယ်ဆိုတာကို ဖေဖေ ဝမ်းသာမဆုံးနိုင်တာကတော့ အမှန်ပါပဲ။ ဒါကြောင့်လည်း သမီးက မြေပုံကောင်းကောင်းတစ်ခု ဝယ်ပေးပါလို့ ပူဆာလာတဲ့အခါ ပလစ်စတစ်အကြည်နဲ့ လောင်းထားတဲ့ ကမ္ဘာ့မြေပုံကြီးကို ဖေဖေ ရန်ကုန်သွားတဲ့အခေါက်က ဝယ်လာခဲ့တာပေါ့။ ဖေဖေ့မှာ အရင်ရှိထားတဲ့ မြေပုံကြီးက ဟိုမြို့ရွှေ့လိုက်၊ သည်မြို့ရွှေ့လိုက်နဲ့ စုတ်ပြဲနေခဲ့ပြီလေ။ ပြီးတော့ ပလစ်စတစ်တွေ ဘာတွေ မလောင်းထားဘူးဆိုတော့ ညစ်ပေနေခဲ့ပြီ။ အခုမြေပုံကြီးကတော့ အသစ်ကလည်း အသစ်၊ ပလစ်စတစ်ကလည်း လောင်းထားတဲ့ မဟော်ဂနီရောင် သစ်သားနံရံကြီးမှာ တင်းတင်းရင်းရင်းနဲ့ ကပ်ထားလိုက်တဲ့အခါ ကျက်သရေကို ရှိနေတော့တာပါပဲ သမီးရယ်။ အင်းလေ ...ကျက်သရေရှိတဲ့ ကမ္ဘာကြီး၊ အဲသည့် ကျက်သရေရှိတဲ့ ကမ္ဘာမြေကြီးမှာ အခြစ်ရာ၊ အစင်းရာကလေး နည်းနည်းပါးပါး ထင်သွားခဲ့ရတာကို သမီးကို ပြောပြချင်လာမိတာပါပဲ။

## (နှစ်)

သမီး မှတ်မိဦးမလား မသိပါဘူး

ဟိုးတစ်ခါတုန်းက ဖေဖေတို့ညေ့ခန်းက အဲသည့်ကျက်သရေရှိသော ကမ္ဘာမြေပုံကြီးရှေ့ကို ဖေဖေ့မိတ်ဆွေတစ်ယောက်

http://www.cherrythitsar.org



ရောက်လာခဲ့ဖူးတာလေ။ သူက စိုက်ပျိုးရေးဘဏ်က ဝန်ထမ်းတစ်ယောက်ပါ။ စာဖတ်တယ်။ စာအုပ်တွေကို ချစ်တယ်။ စာအုပ်တွေကို စုတယ်။ ဒါကြောင့်လည်း ဖေဖေနဲ့ ရင်းနှီးမိကြတာပေါ့။ သူက နံရံပေါ်က ကမ္ဘာ့မြေပုံကြီးကို ကြည့်ပြီး သွားရည်တများများနဲ့။ ပြီးတော့ ပွင့်ပွင့်လင်းလင်းပါပဲ။ သည်တစ်ခါ ရန်ကုန်သွားရင် တစ်ခုလောက် ဝယ်လာခဲ့ပါဗျာတဲ့။

ဖေဖေ့အတွက် အပန်းမကြီးလှပါဘူး သမီးရယ်။ကမ္ဘာကြီးက ဘယ်လောက်လေးလို့လဲ။ ဖေဖေလေ၊ ရန်ကုန်မြို့တော်ကနေ မိုင်တစ်ရာကျော်လောက်ပဲ ဝေးတဲ့ မြေလတ်မြို့ကလေးတစ်မြို့ကို ရောက်သည်အထိ ပလစ်စတစ်လောင်းထားတဲ့ ကမ္ဘာကြီးကို သယ်ဆောင်လာခဲ့နိုင်ပါတယ် သမီးရယ်။ ဖေဖေသယ်ခဲ့၊ ဝယ်ခဲ့နိုင်ပါတယ်။

အင်း ...အဲဒါကြောင့်ပဲ ဖေဖေ့ရင်ထဲမှာ အခြစ်ရာ၊ အစင်းရာကလေးတွေ ထင်ဖို့ရာ ဖြစ်လာခဲ့တယ်ထင်ပါရဲ့။

## (သုံး)

သမီးရေ ...

ကမ္ဘာကြီးဟာ တကယ့်တကယ် ဘာမှလေးလှတာ မဟုတ်ပါဘူး။ ဒါပေမယ့် သယ်ရတာကတော့ နည်းနည်းကလေး ကသိကအောက်နိုင်တာ အမှန်ပါပဲ။ ပလစ်စတစ်လောင်းထားတာဆိုတော့ ခေါက်မရချိုးမရနဲ့။ လွယ်အိတ်ထဲကိုလည်း ထည့်လို့မရ။ သည်တော့ လိပ်ပြီး လက်က ကိုင်ရုံပေါ့။ ဖေဖေလေဘတ်စ်ကားနဲ့ဆိုရင် ကန့်လန့် ကန့်လန့်နဲ့ အသယ်ရခက်မှာ

http://www.cherrythitsar.org



စိုးလို့ ရန်ကုန်မြို့လယ်ကနေ အဝေးပြေးဂိတ်ကို ရောက်အောင် TAXI တောင်မှ ငှားစီးခဲ့ရပါသေးတယ် သမီးရယ်။ မြေလတ်မြို့ကလေးကိုရောက်တော့မှပဲ သည်ကမ္ဘာကြီးက ပြဿနာဖြစ်ရပြန်တယ်လို့။

အဲသည်နေ့တုန်းက ဖေဖေရယ်၊ ကောလိပ်ကျောင်းက ဖေဖေ့တပည့်ရယ် စက်ဘီးကိုယ်စီနဲ့ပေါ့။ ဖေဖေ့မိတ်ဆွေဆီကို သူ မှာလိုက်တဲ့ ကမ္ဘာ့မြေပုံကြီး သွားပို့ဖို့လေ။ သူ့ရုံးချိန်ကို ဖေဖေက သိထားပြီးသားဆိုတော့ သူ အိမ်ကနေမထွက်ခင် ဖမ်းမိအောင် ခပ်စောစောကလေး ထွက်လာခဲ့ရတာပေါ့။ သူနဲ့ ဖေဖေက မြို့ တောင်နဲ့မြောက် မဟုတ်လား။ ဒါပေမယ့် သမီးရေ …ကျောက်တော်ကြီးကုန်းအလွန်မှာတွင်ပဲ ဘွားခနဲ တွေ့ကြရတော့တာပါပဲ။

သူကလည်း စက်ဘီးနဲ့လေ။ ဦးထုပ်ကလေးကို ဆောင်းလို့။ စက်ဘီးရှေ့က ခြင်းထဲမှာ ထမင်းချိုင့်တွေ ဘာတွေ ထည့်လို့။ စာရွက်စာတမ်းတွေလည်း ပါတယ်ထင်ပါရဲ့။ ရုံးကို စောပြီး ထွက်လာတာတဲ့။ ဖေဖေက အားရဝမ်းသာနဲ့ *"ဟော့လူ … ဒီမှာ ခင်ဗျားမှာလိုက်တဲ့ ကမ္ဘာကြီးပေါ့"* သူက လိပ်ထားတဲ့ ကမ္ဘာကြီးကို ဖြန့်ကြည့်လို့။ လိုလိုချင်ချင်လည်း ရှိတဲ့ပုံပါပဲ။ ဒါပေမယ့်သမီးရယ်၊ သူ့မျက်နှာပေါ်မှာ တွေ့လိုက်ရတဲ့ ဝမ်းသာပုံ ဝမ်းသာနည်းက ခွဲတမ်းရသလောက်ပဲ ဝမ်းသာနေရတဲ့ ဟန်ပန်မျိုးပါ။ သူက ကမ္ဘာမြေပုံကြီးကို ပြန်လိပ်ကိုင်ထားရင်းက တော်တော့ကို လေးလံဖိစီးနေတဲ့ အခြေအနေမျိုးနဲ့ …

http://www.cherrythitsar.org



*"ဒါကြီးက ကန့်လန့်ကန့်လန့်နဲ့၊ ဒုက္ခဖျာ၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ မသိဘူး"* တဲ့

သမီးရေ ...

ဖေဖေ့ရင်ထဲမှာ အဲသည်မှာတွင် အခြစ်ရာ၊ အစင်းရာကလေးတွေ ထင်ကုန်တော့တာပါပဲ။ ရန်ကုန်မြို့ကနေ သည်အထိရောက်အောင်တောင် သူ မှာလို့ ဖေဖေ သယ်ဆောင်လာခဲ့ပြီပဲ သမီးရယ်။ ခုတော့ ကမ္ဘာ့မြေပုံကြီးကို လမ်းတစ်ဝက်မှာလာပေးမိခဲ့တဲ့အတွက် ဒုက္ခလို့ သူက ညည်းညူနေခဲ့ပါပြီကော။ ဖေဖေလေ ကိုယ့်မှာ အပြစ်မကင်းသလိုကြီး ခံစားမိရင်း အနေရ ခက်သွားလိုက်တာ။ ဖေဖေနဲ့အတူ ပါလာတဲ့ ဖေဖေ့တပည့်၊ သူလည်း ကြားထဲကနေ အသက်ရှူကျပ်သွားတဲ့ပုံစံနဲ့ *"သူ့ကိုပေးလိုက်ပါ"* တဲ့၊ *ညနေမှ လာပို့ပေးမယ်"* တဲ့။ ဒါဟာ သည်လိုဖြစ်သင့်တဲ့ ကိစ္စ ဟုတ်ရဲ့လား။

သမီးရေ ...

မြေလတ်မြို့ကလေးရဲ့ ကျောက်တော်ကြီးကုန်းအဆင်းမှာ လူသုံးယောက်၊ စက်ဘီးသုံးစီးနဲ့ ကမ္ဘာကြီးတစ်ခုတို့ ခဏတာ အသက်ရှူကျပ်နေခဲ့ရပုံတွေလေ။

## (လေး)

သမီးလေး မှတ်မိဦးမလား မသိပါဘူး။

ဟိုးတစ်ခါတုန်းက ခြံဝင်းနဲ့ လုံးချင်းတိုက် ပြားပြားကလေးတစ်ခုမှာ ဖေဖေတို့ ငှားနေခဲ့ကြတာကိုလေ။ အင်မ

http://www.cherrythitsar.org



တန်မှ လူနေပါးရှားတဲ့ ရပ်ကွက်ကလေးပေါ့။ ဖေဖေတို့ရဲ့ နောက်ကျောဘက်မှာကလည်း ခြံကလေးတစ်ခြံ။ လုံးချင်းအိမ်ကလေးမှာ လင်မယားနှစ်ယောက်၊ ကလေးပေါက်စလေး တစ်ယောက်နဲ့။

တစ်ခါမှာ အဲသည့်အိမ်က အမျိုးသမီးက သမီးမေမေကို လှမ်းအော်တယ်လေ။ "*မမဖူးရေ*"တဲ့၊ "*အဲသည်ဘက်ကို ပဲပြုတ်သည်လာရင် လှမ်းအော်လိုက်စမ်းပါ*"တဲ့။ သူတို့ဘက်လမ်းက ဈေးသည်အသွားအလာ သိပ်မရှိလှဘူး မဟုတ်လား။ ဒါနဲ့ ပဲပြုတ်သည်လာတော့ သမီးမေမေက ပဲပြုတ် ခေါ်ဝယ်ပါတယ်။ ပြီးတော့ ဟိုအမျိုးသမီးကိုလည်း လှမ်းခေါ်ပါတယ်။ "*မူမူစိုးရေ ... မူမူစိုးရေ ...*"နဲ့။ ပြန်မထူးမချင်းကို လှမ်းခေါ်နေတာပါ။ တော်တော်ကြာကြာ ခေါ်ပြီးမှ ထူးသံထွက်လာပြီး မျက်နှာမသာမယာနဲ့ ထွက်ချလာတယ်။ "*ကလေးသိပ်နေလို့ ပြန်မထူးတာ*"တဲ့။ "*မရှမက ခေါ်နေလို့ ထူးတော့ ကလေးနိုးတာပါပဲ*"တဲ့။ သူက လှမ်းခေါ်ပေးတဲ့သူကိုပဲ အပြစ်ဖို့ချတဲ့ ပုံစံမျိုးပါ။

သမီးရေ ...

သမီးဆိုရင်ရော ဘယ်လိုတုံ့ပြန်ဖို့ စိတ်ကူးထားခဲ့လေမလဲ။ သမီးက ကမ္ဘာ့မြေပုံကြီးကို လိုချင်မိပြီဆိုပါစို့။ လူတစ်ယောက်ကိုလည်း မှာလိုက်မိပြီဆိုပါစို့။ အဲသည့်လူကလည်း ဝယ်လာခဲ့ပြီဆိုပါစို့။ ပြီးတော့ သမီးဆီ လာအပို့မှာ ကျောက်တော်ကြီးကုန်းအဆင်းမှာလည်း ဆုံကြရပြီဆိုပါစို့။ ဒုက္ခပါပဲ ဆိုတဲ့ အပြောအဆို၊ အမူအရာ၊ အတွေးအမြင်ခံစားချက်တွေနဲ့

http://www.cherrythitsar.org



တစ်ဖက်လူကို အသက်ရှူကျပ်မသွားစေသင့်ဘူးလို့ ဖေဖေတော့ ယူဆမိတာပါပဲ သမီးရယ်။

**(၁၉၉၉၊ ဒီဇင်ဘာ၊ ချယ်ရီမဂ္ဂဇင်း)**

http://www.cherrythitsar.org

# ဦးကျော်စိန်ကား ပြုံးလိုပြုံး ရယ်လိုရယ်စေ

## (တစ်)

သမီးရေ…

မနေ့ညနေတုန်းက မြို့ထဲကနေ ဖေဖေ ပြန်လာတော့ သတင်းစာရယ်၊ မင်္ဂဇင်းကလေး သုံးလေးအုပ်ရယ်ကို လက်မှာကိုင်ပြီး အိမ်ထဲကိုဝင်လာတဲ့အခါ ဖေဖေ့မျက်နှာက ပြုံးစိစိ နဲ့ ဖြစ်နေတဲ့အတွက် ဖေဖေ့သမီးက ထုံးစံအတိုင်း ဖေဖေ့ကို လှမ်းကြည့်ကာ *"ဖေဖေ ဘာတွေသဘောကျလာတာလဲ"* ပေါ့။ သည်တုန်းကတော့ ဖေဖေက အလွယ်တကူပါပဲ၊ သမီးနဲ့လည်း သိပ်ပြီး ပတ်ပတ်သက်သက်ကြီး မဟုတ်လှသေးဘူးလို့ ထင်မိတဲ့အတွက် *"ဘာမှမဟုတ်ပါဘူး သမီးရယ်"* ပေါ့။ ပြီးပြီရော ဆိုသလို ခပ်လွယ်လွယ်ပဲ ဖေဖေ ဖြေချဖြစ်ခဲ့ပါတယ်။ နောက်

http://www.cherrythitsar.org



တော့မှ ဒါဟာ ဘာမှမဟုတ်ပါဘူးလို့ ပြောရလောက်အောင် လည်း မဟုတ်သေးပါလားလို့ ဖေဖေ အတွေးဝင်လာမိခဲ့တာ ပါ။

ဟုတ်တယ်သမီးရယ်။ အဲသည့်နေ့က ဖေဖေ့ ပြုံးစိပြုံးစိ ဟာ ဘာမှမဟုတ်ဘဲ ပြုံးစိပြုံးစိခဲ့တာတော့ မဟုတ်ပါဘူးလေ။ လောကကြီးရဲ့ အမြီးအမောက်မတည့်ပုံလိုပဲ ပြောရမလား၊ ကမောက်ကမနိုင်ပုံလို့ပဲ ပြောရမလား၊ ဘယ်လိုပြောရမယ်မှန်း ကို မသိတတ်နိုင်တဲ့ အဖြစ်တစ်ခုကို အဲသည့်နေ့က ဖေဖေ ကြုံခဲ့ရတဲ့အတွက် တွေးလိုက်တိုင်း ပြုံးစိပြုံးစိ ဖြစ်နေမိခဲ့ရာက အိမ်အထိ အဲသည် ပြုံးစိပြုံးစိကြီး ပါလာခဲ့ရတာပါပဲ။

အဲသည့်နေ့ မနက်ပိုင်းလောက်တုန်းက ဖေဖေနဲ့ တော်တော်ကလေးကို ရင်းရင်းနှီးနှီးရှိတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ အိမ်ကို ဖေဖေ ရောက်သွားမိတယ် သမီးရယ်။ သူက ဖေဖေ့လိုပဲ စာချစ်တဲ့လူ၊ စာဖတ်တဲ့လူ၊ စာအုပ်တွေကို စုတဲ့ဆောင်းတဲ့လူ တစ်ယောက်ပါ။ တစ်ပတ်ကို တစ်ခါလောက်၊ ဆယ်ရက်ကို တစ်ခါလောက် ဖေဖေတို့ လက်ဖက်ရည်ဆိုင်မှာ ဆုံနေကျလေ။ တကယ်လို့ အဆင်မသင့်ဖြစ်ပြီး မတွေ့တာ ကြာသွားပြီဆိုရင် လည်း တစ်ယောက်အိမ်ကို တစ်ယောက် လိုက်သွားကြတာပါ ပဲ။ အဲသည့်နေ့တုန်းကတော့ မတွေ့ကြတာ တစ်လကျော်ကျော် လောက် ကြာသွားတာနဲ့ ဖေဖေလည်း သူ့အိမ်ကို လိုက်သွားမိ ခဲ့တယ်။ သူက ဖေဖေ့ကို "*ခဏထိုင်ဦး*" လို့ဆိုကာ သူ့ လုပ်လက်စအလုပ်ကလေးတွေကို လက်စသတ်လို့ပြီးတာနဲ့ ပြန်ရောက်လာတာပါပဲ။ ဖေဖေက အဲသည့်အချိန်မှာကိုပဲ နံရံ

http://www.cherrythitsar.org



မှာ သူ ကပ်ထားတဲ့ စာတန်းနှစ်ခုကို ဖတ်ပြီးသွားခဲ့ပြီလေ။ အရင်တုန်းက မရှိခဲ့လေတဲ့ စာတန်းနှစ်ခုပေါ့။

တစ်ခုက

**ပုံမှန်ဆက်ဆံပါ** တဲ့။

တစ်ခုက

**လိုရင်းပြောပါ** တဲ့။

သူ ဘာစိတ်ကူးနဲ့ ဘယ်သူ့ကြောင့် ဘာကြောင့် သည် စာတန်းနှစ်ခုကို ကပ်ထားခဲ့လေတယ်ဆိုတာကို ဖေဖေ မသိနိုင်ပေမယ့် အနေရအထိုင်ရ နည်းနည်းကလေး ဟန်ချက်ပျက်သွားတာတော့ အမှန်ပါပဲ သမီးရယ်။ ပုံမှန်ထက် ပိုပြီး ရင်းရင်းနှီးနှီး ဆက်ဆံနေမိတဲ့အထဲမှာ ဖေဖေတစ်ယောက် ရောပါနေခဲ့လေရောသလား။ ဖေဖေ နှုတ်ခမ်းတွေကရော တောင်စဉ်ရေမရ အနှစ်မပါ အကာပြွပြွ စကားတွေ ဖောင်ဖွဲ့မိခဲ့ဖူးလေရော့သလား။ ကိုယ့် မဖြေနိုင်တဲ့ မေးခွန်းကို ကိုင်ထားရတဲ့ စာမေးပွဲခန်းထဲက ကျောင်းသားရဲ့ အသက်ရှူကျပ်ခြင်းလို ဖေဖေ အသက်ရှူကျပ်နေမိတာလည်း အမှန်ပါပဲ။ ဖေဖေ့မိတ်ဆွေက ပါးနပ်သူဆိုတော့ ဖေဖေဘာကြောင့် အနေအထားပျက်သွားတယ်ဆိုတာကို ရိပ်မိပါတယ်။ "*ဟော့လူ၊ ခင်ဗျားနဲ့ မဆိုင်ပါဘူးဗျာ။ လူတစ်ယောက်ကို အမြင်ကတ်လို့ ဝယ်ပြီး ကပ်ထားတာ၊ လွတ်လွတ်လပ်လပ် နေစမ်းပါ*" တဲ့။

သြော် ...သမီးရယ် ...။

သည်တော့မှပဲ ဖေဖေ့မှာ သက်ပြင်းကလေးကို ခိုးချရ၊ စကားလေးဘာလေး ပြောရဲဆိုရဲ ဖြစ်လာရနဲ့။ အဲသည့်နေ့က

http://www.cherrythitsar.org



လက်ဖက်ရည်ဆိုင်မှာရော၊ အိမ်အပြန်လမ်းမှာရော၊ အိမ်ကိုဝင်တဲ့အထိရော ဖေဖေ ပြုံးစိပြုံးစိ ဖြစ်နေမိခဲ့တာ အဲသည့်အတွက်ပါ။ **ပုံမှန်ဆက်ဆံပါ** နဲ့ **လိုရင်းပြောပါ** ဆိုတဲ့ သတိပေးစာတန်းနှစ်ခုဟာ ဖေဖေနဲ့ မဆိုင်ပါဘူးတဲ့။ ဖေဖေ့မိတ်ဆွေခများ လူဘယ်နှစ်ယောက်ကိုများ သည်စာတန်းတွေဟာ ခင်ဗျားနဲ့ မဆိုင်ပါ ဘူးလို့ ရှင်းပြခဲ့ရလေသလဲ မသိပါဘူးနော်။

## (နှစ်)

သမီးရေ ...

နံရံပေါ်ကစာတန်းကြောင့် ဖေဖေ့လိုပဲ အနေကျပ်သွားဖူးတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ အဖြစ်ကိုလည်း ဖေဖေ သွားသတိရမိလိုက်သေးတယ်။ ဆရာကြီး ဦးကျော်စိန်လေ။ ဒဿနိကဗေဒဌာနက ဆရာကြီးဦးကျော်စိန်ပေါ့။ သဘောကောင်း မနောကောင်းနဲ့ အင်မတန်မှ ဖြောင့်မတ်တဲ့ ဆရာကြီးပါ။

တစ်ခါမှာ ဆရာကြီးဦးကျော်စိန်တစ်ယောက် ကျောက်ပန်းတောင်းက သူ့တပည့်ဟောင်းတစ်ယောက်ရဲ့ အိမ်ကို ဝင်လည်ပါတယ်။ ဆီစက်တွေ ဘာတွေနဲ့ တင့်တင့်တယ်တယ်နေနိုင်တဲ့ တပည့်ရဲ့ အိမ်ပါ။ ဧည့်ခန်းထဲမှာလည်း ထိုင်မိရောနံရံမှာ ကပ်ထားတဲ့ စာကြောင့် ဦးကျော်စိန် တောင့်တောင့်ကြီးဖြစ်သွားရော။

**ဟော... သူပြုံးနေပြီ၊**

**လိမ်တော့မယ်** တဲ့။

http://www.cherrythitsar.org



ဒါပေမယ့် ဦးကျော်စိန်က ဘွင်းဘွင်းရှင်းရှင်းသမားလေ သမီးရဲ့။ သူ့တပည့်ကိုလည်း သူ အားမနာနေပါဘူး။ “*ဟေ့ ခင်မောင်ချိုရေ၊ မင်းအိမ်လာရတာ ရယ်ဖို့ပြုံးဖို့တောင် ခပ်ခက် ခက်ပါလားကွ*” ဘာညာနဲ့ ပြောချလိုက်ပါလေရော။ သည် တော့မှ ဆရာ့ကို ရေးထားတာမဟုတ်ပါဘူး။ ဘာညာနဲ့ ဖြစ် ကုန်ရတော့တာပေါ့။ ဆရာဦးကျော်စိန်ကား ပြုံးစေရယ်စေပေါ့ လေ။

## (သုံး)

ဖေဖေတို့သမီးတို့တစ်တွေဟာ လူ့အဖွဲ့အစည်းကြီးထဲမှာ နေကြထိုင်ကြရတာဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက် သူ့အိမ် ကိုယ့်အိမ် သွားကြလာကြ ဝင်ကြထွက်ကြတာတွေကတော့ မရှိမဖြစ် ရှိကြမှာပါပဲ သမီးရယ်။ အဲသည့်အခါမှာ ကိုယ့်စိတ် နဲ့ အဆင်မပြေနိုင်တဲ့ ဧည့်သည်ဆိုတာကလည်း ရှိလာနိုင်တာ ပါပဲ။ ဒါပေမယ့် ဖေဖေ အခုနပြောပြထားခဲ့သလို နံရံပေါ်မှာ စာတွေကပ်တာကတော့ ကပ်သင့်တယ် မကပ်သင့်ဘူး အခုထိ ဖေဖေ စဉ်းစားမရနိုင်ခဲ့ဘူး။

**လိုရင်းပြောပါ** တဲ့။
**ပုံမှန်ဆက်ဆံပါ** တဲ့
**ဟော... သူပြုံးနေပြီ၊ လိမ်တော့မယ်** တဲ့။
**မသိရင် ခက်မယ်** တဲ့။
**သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ** တဲ့။
**လူသာလာပါ ပြဿနာခေါ်မလာပါနဲ့** တဲ့။

http://www.cherrythitsar.org



**အားနာလို့လိုက်လျောတာ အ,တယ်မထင်နဲ့** တဲ့။
**ကျွန်ုပ် ဒုက္ခရောက်စဉ်က သင် ဘာကူညီခဲ့သနည်း**တဲ့
ဖေဖေ့စိတ်ထဲမှာ နည်းနည်းကလေး ရင့်သီးနေသလားပဲ သမီးရယ်။ တချို့တလေများဆိုရင် ဒေါ့်သည်ရဲ့ ကိုယ်ကျင့်သိက္ခာကိုတောင်မှ ထိပါးနေသလိုပါပဲ။ ဒါဟာ သီးခြားကိစ္စကို ယေဘုယျလုပ်လိုက်တဲ့ အမှားလို့ ဖေဖေက ယူဆနေမိတယ်။ ဆိုကြစို့၊ မောင်ဖြူဆိုတဲ့ လူတစ်ယောက်က ပြုံးပြုံး ပြုံးပြုံးနဲ့ ကိုယ့်ကို လိမ်သွားခဲ့ဖူးခဲ့မယ်။ ဒါက သီးခြားကိစ္စ။ ဒါကို သမီးက ပြုံးနေတဲ့လူဆိုတာ လိမ်တော့မလို့လို့ ယေဘုယျပြုလိုက်မိခဲ့ရင် ...။ သမီးရယ် ... ပြုံးတတ်သော၊ ဒါပေမယ့် ရိုးဖြောင့်သော ဖေဖေတို့ရဲ့ အခြားခြားသော နှစ်လိုဖွယ်ရာမိတ်ဆွေတွေကို ဒဏ်ရာအနာတရတွေ ဖေဖေတို့ မပေးသင့်ကြဘူး။ ပြုံးပြီးတော့ လိမ်သွားသူဟာ မောင်ဖြူဆိုရင် မောင်ဖြူ့ကိုသာ ဖေဖေတို့ ထိုးနှက်ရမယ်လေ။ အခုတော့...

## (လေး)

သမီးရေ...

အခုထိကတော့ ဖေဖေတို့ဧည့်ခန်းနံရံ လေးခုလုံးမှာ ဘာစာကိုမှ မကပ်ခဲ့ဖြစ်ကြသေးဘူး။ ကမ္ဘာ့မြေပုံကြီးတစ်ခုရယ်၊ မြန်မာနိုင်ငံမြေပုံရယ်၊ ပုဂံစူဠာမဏိစေတီတော်ပုံရယ်၊ နံရံကပ်နာရီတစ်လုံးရယ် ဒါလောက်ပါပဲနော်။ အကြောင်းအမျိုးမျိုးနဲ့ ရောက်လာကြတဲ့ ဖေဖေတို့မိတ်ဆွေတွေ၊ သင်္ဂဟတွေ၊ အသိအကျွမ်းတွေ လွတ်လွတ်လပ်လပ် ဝင်ရောက်လာကြပါစေလား။

http://www.cherrythitsar.org



ပြီးတော့မှ တစ်ယောက်ချင်းရဲ့ အမူအကျင့်ကို လိုက်လို့ တစ်ယောက်ချင်းနဲ့ သင့်တင့်လျောက်ပတ်မယ့် ဆက်ဆံမှုတွေနဲ့ ဖေဖေတို့တုံ့ပြန်ကြရရင် ပိုပြီး မကောင်းပါလား။

**(၂၀၀၀၊ ဇန်နဝါရီ၊ ချယ်ရီမဂ္ဂဇင်း)**

http://www.cherrythitsar.org

# သဘော်ပျက်ကို ပါးစပ်နှင့်ဆယ်ယူခြင်း

## (တစ်)

သမီးရေ...

မကြခဏဆိုသလို ခရီးထွက်ထွက်နေတတ်တဲ့ ဖေဖေ တစ်ယောက် သည်တစ်ခါမှာလည်း အညာဘက်ကို ခရီးထွက် ဖြစ်ခဲ့ပြန်ပါရဲ့ သမီးရယ်။ အညာဆိုတော့ ထုံးစံအတိုင်း ဖေဖေ ခဏခဏ ရောက်ရောက်သွားတတ်တဲ့ ပုဂံညောင်ဦးမြို့ကလေး ပဲပေါ့။ ပုဂံညောင်ဦးက တစ်နှစ်မှာ အနည်းဆုံး လေးငါးခေါက် ထက်မနည်း ဖေဖေ ရောက်ရောက်သွားတတ်တဲ့ မြို့ကလေး လေ။ သည်မြို့ကလေးမှာက ဖေဖေ့တပည့်ဟောင်းတွေရော၊ အသိအကျွမ်းတွေရော၊ အဆွေအမျိုးတွေရော ပခုံးချင်းဝင်တိုက် မိတော့မလောက်အောင် ပေါတဲ့မြို့ဆိုတော့ ပုဂံညောင်ဦးကိုမှ ရောက်ပြီဆိုရင် ဖေဖေ ပထမဦးဆုံး ခရီးဆောင်အိတ်ကို ချတဲ့အိမ်ဟာ ဖေဖေ့တည်းခိုအိမ်ပါပဲ။

http://www.cherrythitsar.org



သည်တစ်ခေါက် ဖေဖေ ပုဂံညောင်ဦးကို ရောက်သွားတော့ ညောင်ဦးဈေးကြီးနဲ့ မလှမ်းမကမ်းက အိမ်တစ်အိမ်မှာ ဖေဖေ ခရီးဆောင်အိတ်ကို ချဖြစ်ခဲ့တယ်လေ။ ဖေဖေနဲ့ ဆွေလိုမျိုးလို ဖြစ်နေကြတဲ့အပြင် အိမ်ကလည်း ခြံနဲ့ဝန်းနဲ့ ကျယ်ကျယ်ဝန်း ဝန်းမို့ ဖေဖေ အမြဲလိုလို တည်းဖြစ်တဲ့ အိမ်တစ်အိမ်ပါ သမီး ရယ်။ အဲသည့်အိမ်မှာ တည်းရင်းခိုရင်းနဲ့ ဖေဖေ ကြုံခဲ့ရတဲ့ အဖြစ်ကလေးတစ်ခုကို သမီးကို ပြောပြနေချင်မိတာပါ သမီး ရယ် ...။

## (နှစ်)

ဖေဖေ ခရီးနားခိုရာ အိမ်ကလေးက ဟိုးအတိတ်တစ်ချိန် တုန်းကဆိုရင် တော်တော့်ကို စီးပွားဥစ္စာ ဖြစ်ထွန်းခဲ့တဲ့ အိမ် ကလေးပါ။ ဆီစက်ကြီးနဲ့၊ ဆီးယိုဆီးပေါင်းအလုပ်ရုံကြီးနဲ့ ကား တွေဘာတွေ စီးနိုင်ပြုနိုင်၊ လှူနိုင်တန်းနိုင် မြို့မျက်နှာဖုံးထဲမှာ ပါခဲ့တဲ့အိမ်လေ။ နောက်တော့ တဖြည်းဖြည်း လုပ်ငန်းကိုင်ငန်း တွေ ကျဆင်းသွားလိုက်ရာက ရှိတာကလေးတွေ ထုခွဲရင်း၊ ထုခွဲရင်းနဲ့ တိုင်းတိုင်းတိတိ သုံးစွဲရတော့တဲ့ အခြေအနေလေ။ ဒါပေမယ့် ကလေးတွေကိုတော့ အတတ်နိုင်ဆုံး ပညာတတ် အောင် သင်ပေးနေရှာတဲ့ အိမ်ကလေးပါ။ သမီးသုံးယောက်မှာ အကြီးနှစ်ယောက်တောင်မှ ဘွဲ့တွေဘာတွေ ရလို့။ အငယ်ဆုံး တစ်ယောက်ကတော့ ကောလိပ်မှာ တတ်နေဆဲ။ ဘွဲ့ရသွား အောင်ဆိုတဲ့စိတ်နဲ့ အားခဲထားကြတာ မှန်ပေမယ့် သားအမိ

http://www.cherrythitsar.org



တစ်တွေ အမြဲတမ်းလိုလို ကိုယ့်အထုပ်ကလေးကို ဖြည်ဖြည် ကြည့်ကာ တိုးတိုးတိုးတိုးနဲ့ တွက်ရချက်ရတဲ့ အခြေအနေလေ။

ဖေဖေ ပုဂံညောင်ဦးမှာ ရှိနေတဲ့ရက်တွေထဲမှာ တစ်နေ့ တော့ အဲသည့်အိမ်ကို ဧည့်သည်တစ်ယောက် လာပါတယ်။ ဧည့်သည်က ညောင်ဦးမြို့ခံဧည့်သည်ပါပဲ။ ဒါပေမယ့် သူက ကားနဲ့ဘာနဲ့ လာတာပါ။ ပုဂံဘက်မှာ ဟိုတယ်လုပ်ငန်းနဲ့ တော်တော်ကလေးကို အဆင်ပြေနေတဲ့လူပါ။ ဖေဖေတို့အိမ်ရှင် အမျိုးသမီးရဲ့ အစ်ကိုအရင်းလည်း တော်သူဆိုတော့ ဖေဖေနဲ့ လည်း ရိုးတိုးရိပ်တိတ်ဆိုသလို သိထားနှင့်တဲ့သူပေါ့။ သူက စီးပွားရေးကျဆင်းတာ စိတ်မပျက်ဖို့၊ ကြိုးစားဖို့ ဘာညာတွေ ကို အာပေါင်အာရင်းသန်သန်နဲ့ ပြောနေခဲ့ပြီး ပြန်ချိန်နီးတော့ သူ့တူမရဲ့ ပညာရေးကို မေးပါတယ်။ ပြီးတော့မှ စားပွဲပေါ်က ကားသော့နဲ့ စီးကရက်ဘူးကို လှမ်းကောက်ယူကာ ...

**“အားမငယ်စမ်းပါနဲ့ တူမကြီးရယ်၊ ဘဘ အနု ထီထိုး ထားတယ်၊ ဟုတ်ပလား ...ဘဘ ၁၆၄ သိန်းထီ ပေါက်အောင် လို့ ဆုတောင်းစမ်း ...ထီပေါက်ရင် သမီးကျောင်းစရိတ် ဘဘ တာဝန်ယူမယ်”** တဲ့။

သမီးရေ ...

ဖေဖေလေ အဲသည့်ပုဂ္ဂိုလ် ထွက်သွားပြီးတဲ့နောက် အိမ်ရှင် အမျိုးသမီးနဲ့ သူ့သမီး ကောလိပ်ကျောင်းသူမကလေးရဲ့ မျက်နှာ ကို မရဲတရဲနဲ့ လှမ်းကြည့်မိတာ အမှန်ပါသမီးရယ်။ ကောင် မလေးက ဘာခံစားမှုမှ မရှိတဲ့ မျက်လုံးတွေနဲ့ သူ့အမေမျက်နှာ ကို လှမ်းကြည့်လို့။ သူ့အမေကတော့ ဒဏ်ရာရထားတဲ့ အပြုံး

http://www.cherrythitsar.org



ယဲ့ယဲ့နဲ့ သူ့သမီးကို ငေးကြည့်နေလိုက်တာ မျက်ရည်တောင်မှ စိုတိစိုစွတ်ကလေးလား မသိနိုင်ပါဘူး သမီးရယ်။ ဖေဖေလေ အနေခက်လှစွာနဲ့ပဲ အပေါ်ထပ်ကို တက်ခဲ့ကာ အိမ်ရာပေါ်မှာ ပက်လက်လှန်ချရင်း ဝါးကပ်အမိုးတွေကို တွေကြည့်နေမိခဲ့ လိုက်တာ ဘယ်လောက်ကြာသွားမှန်းတောင် မပြောတတ်တော့ ပါဘူး။

## (သုံး)

၁၆၄ သိန်းဖိုး ထီပေါက်အောင် ဆုတောင်းပေးတဲ့။ ထီ ပေါက်ရင် ကျောင်းစရိတ်ခံမယ်တဲ့။ ဘကြီးလုပ်သူက တူမကို အားပေးသွားခဲ့တာလေ။ သမီးရယ် …ဖေဖေ့သဘောအရတော့ သဘော်ာပျက်တွေကို ပါးစပ်နဲ့ဆယ်ပြီး ကယ်ဖို့ကြိုးစားတာဟာ ကြည်နူးချမ်းမြေ့စရာထက် ဝမ်းနည်းကြေကွဲမှုတွေ၊ ဒဏ်ရာ အနာတရတွေကိုသာ ရရှိစေတယ်လို့ ထင်မိတယ်လေ။

ဆိုင်တယ်လို့ ထင်တဲ့အတွက် ရုပ်ရှင်လောက အဖြစ် ကလေးတစ်ခုကို သမီးကို ပြောပြချင်သေးတယ်။ ဈေးကွက်ဝင် ပြီး အင်မတန်မှ ကျော်ကြားနေတဲ့ မင်းသားကြီးတစ်ဦးက ဟိုး တစ်ခါက လူကြမ်းမင်းသားတစ်ယောက်ကို ခေါ်ပြီး ပြောတယ် တဲ့။ နွမ်းပါးတဲ့ တစ်ခါက ဇာတ်ရုံတွေရဲ့ဘဝကို ကူညီချင်လို့ သူ မင်းသားဖြစ်တာနဲ့ တစ်ကားရိုက်ပေးမယ်တဲ့။ သူ့သရုပ် ဆောင်ခ အပါအဝင် ဇာတ်ကားစရိတ် သိန်း ၃၀ လောက်ကို ရှာလာခဲ့ပါတဲ့။ သမီးရယ် …သည်လူကြမ်းမင်းသား ဘယ်လို မျက်နှာနဲ့ ပြန်လာခဲ့ရလေမလဲ။ ဒါဟာ အကူအညီပေးဖို့ ခေါ်

http://www.cherrythitsar.org



ပြောတာတဲ့လား။ ဒါဟာ သဘော်ပျက်ကို ပါးစပ်နဲ့ ဆယ်ယူဖို့ ကြိုးစားတာနဲ့ တူမနေဘူးလား။

ဟိုးတစ်ခါကလည်း အိမ်တစ်လုံး မီးထဲပါသွားလို့ ပြာပုံပဲ ကျန်ခဲ့တဲ့ မိသားတစ်စုကို သူတို့မိတ်ဆွေလို့ ထင်ရတဲ့ မိန်းမတစ်ယောက်က အားပေးနေလိုက်တာလေ။ သူငယ်ချင်းရယ်တဲ့။ သား နိုင်ငံခြားထွက်သွားတဲ့ကိစ္စမှာ ငွေ နည်းနည်းမြုပ်သွားလို့ပါတဲ့။ သား ပြန်လာပြီဆိုတာနဲ့ ကူညီဖို့ အဆင်သင့်ပါတဲ့။ ဒါဟာ ဝမ်းမြောက်စရာလား၊ ကြေကွဲစရာလား။

သမီးရေ ...

ဖေဖေကတော့ သမီးနဲ့ ပတ်သက်ရ၊ ဆက်နွယ်ရ၊ သိကျွမ်းဝင်ရတဲ့ မိတ်ဆွေတွေ၊ အပေါင်းအသင်းတွေ၊ ရောင်းရင်းတွေ၊ သူငယ်ချင်းတွေအပေါ်မှာ သဘော်ပျက်ကို ပါးစပ်နဲ့ဆယ်ယူပေးတတ်တဲ့ သမီးကလေးတစ်ယောက် ဖြစ်နေမှာကို စိုးရိမ်မိတာတော့ အမှန်ပါပဲ။ ဖေဖေတို့တစ်တွေ သည့်ထက်ပိုပြီး လက်တွေ့ကျအောင် ကြိုးစားကြည့်ကြရင် မကောင်းပေဘူးလား။

**(၂၀၀၀ ပြည့်နှစ်၊ ဇွန်၊ ချယ်ရီမဂ္ဂဇင်း)**

http://www.cherrythitsar.org

# ပျားဖွပ်ရင်း ငါးမျှားရင်း ဘဝရှုခင်းများ

## (တစ်)

သမီးရေ...

အဲသည့်နေ့တုန်းကတော့ဖြင့် ဖေဖေတစ်ယောက် မြို့ထဲက ပြန်လာဖြစ်ခဲ့တာ တော်တော့်ကိုမှ နောက်ကျတဲ့ ညနေပါပဲ သမီးရယ်။ အရင်နေ့တွေတုန်းက ညနေတိုင်းလို ဖေဖေတစ်ယောက် လက်ဖက်ရည်ဆိုင် ထွက်ထွက်ထိုင်တဲ့အခါ မိတ်ဆွေတွေနဲ့ စကားအားရအောင် ပြောပြီးတာနဲ့ သတင်းစာ ဝင်ယူ။ ရွှေသွေးတို့လို့၊ Junior Leader တို့လို့ စာစောင်ကလေးတွေ ထွက်နေရင်လည်း တစ်ခါတည်းယူပြီး ခြင်ဆေးခွေ ဘာညာ ဝယ်လို့ ဖေဖေ အိမ်ကိုပြန်နေကျလေ။ ဒါကြောင့် ဖေဖေက (၆) နာရီမထိုးခင် အိမ်ကို ပြန်ပြန်ရောက်နေတတ်မြဲ။ ဖေဖေ့ရေဒီယိုလေးနဲ့ ဖေဖေတို့ နှစ်ပါးသွားနေတတ်ကြမြဲပါ။

http://www.cherrythitsar.org



အဲသည့်နေ့တုန်းကဖြင့် သမီးရယ် ...၊ ဘယ်ကဘယ်လို စကားဝိုင်း ကောင်းသွားမိကြတယ် မပြောတတ်ပါဘူး။ တော်တော်ကလေး မှောင်မှကို ဖေဖေတို့ လူစုခွဲဖြစ်ကြတယ်။ မြို့လယ်ကနေ နှစ်မိုင်လောက်ဝေးမယ်လို့ ထင်ရတဲ့ ကောလိပ်ရှေ့က မြို့စွန်ရပ်ကွက်ကလေးဆီ ဖေဖေပြန်ရောက်တော့ ည (၈) နာရီလောက်ကို ရှိနေခဲ့ပြီလေ။ မြို့အစွန်အဖျားလည်း ဖြစ်၊ ဆိတ်ငြိမ်ရပ်ကွက်လည်း ဖြစ်လို့မို့ လူသံသူသံကို တိတ်ဆိတ်နေတာပါပဲ သမီးရယ်။

ကောလိပ်ကျောင်းကလေးရှေ့ကို ရောက်တော့ ဖေဖေက စက်ဘီးပေါ်က အသာဆင်းပြီး လမ်းထဲကို တွန်းဝင်ဖို့ ကွေ့လိုက်ရပြီပေါ့။ ကျောက်ခဲခင်းထားတဲ့ လမ်းကြမ်းကြမ်းပေါ်မှာ ဘယ်တုန်းကမှ ဖေဖေ စက်ဘီး စီးမသွားခဲ့ဘူးလေ။ ဒါကြောင့် အဲသည့်တုန်းကလည်း စက်ဘီးကလေးကို တွန်းလို့ လမ်းထဲဝင်လိုက်တဲ့အခါ မျှော်လင့်မထားတဲ့ အသက်ရှူကျပ်စရာနဲ့ ဖေဖေ တည့်တည့်ဝင်တိုးတော့တာပါပဲ။

## (နှစ်)

ဖေဖေလမ်းထဲကို စက်ဘီးတွန်းဝင်လိုက်တော့ ဝင်ဝင်ချင်း လမ်းထိပ်အုတ်ခုံမှာ စုံတွဲတစ်တွဲ သမီးရဲ့။ ပူးပူးကပ်ကပ်ကလေး ထိုင်နေတာကလွဲလို့ ရိုးရိုးသားသား စကားထိုင်ပြောနေကြတာပါပဲ။ ဖေဖေ့ကို တွေ့လိုက်တော့ နှစ်ယောက်စလုံး တော်တော့်ကို အနေရအထိုင်ရ ကျပ်သွားပုံရပါတယ်။ ဖေဖေလည်း ခေါင်းကြီးငုံ့သွားရအခက်၊ နှုတ်ဆက်ရ အခက်နဲ့။

http://www.cherrythitsar.org



မိန်းကလေးလုပ်တဲ့တစ်ယောက်ကို ဖေဖေ ပြောပြတာနဲ့ သမီးသိမယ့် တစ်ယောက်ပေါ့။ ဖေဖေတို့ကောလိပ်က စာရေး မကလေးလေ။ ဆံပင်ကလေးကို စည်းပြီး နောက်မှချထားရင် မြင်းမြီးကလေးလို ကော့လို့။ ဆွဲခြင်းကလေးဆွဲဆွဲပြီး ဖေဖေ တို့အိမ်ရှေ့ကနေ ဖြတ်ဖြတ်သွားနေကျ ကောင်မလေးလေ။ ဖေဖေတို့နဲ့ တစ်လမ်းတည်း ဟိုးဘက်ထိပ်က ကောင်မလေး ပေါ့။ ဖေဖေ့ကိုဆိုရင် ဘယ်နေရာတွေ့လိုက်တွေ့လိုက် ဆရာ တစ်ယောက်အနေနဲ့ အမြဲတမ်း လေးလေးစားစား ဆက်ဆံ တတ်တဲ့ ကောင်မလေးပါ။ သူနဲ့ တွဲထိုင်နေတဲ့သူကကျတော့ မြေစာရင်းရုံးက ဖေဖေ့တပည့်ဟောင်းကလေး။ သူတို့နှစ်ယောက် လူငယ်သဘာဝ တစ်ယောက်နဲ့တစ်ယောက် ချစ်သူတွေ ဖြစ် နေကြတယ်၊ ဘာညာဆိုတာ ဖေဖေလည်း သိတန်သလောက် တော့ သိထားပြီးသားပါ သမီးရယ်။ ဒါဟာ အပြစ်တင်ထိုက်တဲ့ ကိစ္စတော့လည်း မဟုတ်ပါဘူး။ ဒါပေမယ့် ခုလို တော့တော့ဆိုင် ဆိုင်ကြီး ရင်ဆိုင်လိုက်ရတဲ့အခါကျတော့ ဖေဖေ ဘယ်လိုနှုတ် ဆက်ရမှန်း မစဉ်းစားတတ်ဘူး။ သူတို့တွေကတော့ ဖေဖေ့ထက် တောင် ပိုကြလေမပေါ့။ ဒါပေမယ့် ကောင်မလေးက အား တင်းပြီး နှုတ်ဆက်ရှာပါတယ်။

"*ဆရာ ပြန်လာတာ နောက်ကျလိုက်တာ*"တဲ့။

အဲသည့်အချိန်မှာ ဖေဖေ့စိတ်ထဲ ဘယ်ကဘယ်လို ရုတ် တရက် အတွေးဝင်လာမိတယ် မသိပါဘူး သမီးရယ်။ ဖေဖေ ဖြေချလိုက်မိတာက ...

"*စည်ဘီယာဆိုင် ခဏဝင်နေလို့ပေါ့*"ဆိုတဲ့ အဖြေပါ။

http://www.cherrythitsar.org



အံ့ဩစရာကောင်းလိုက်တာ သမီးရယ်။ ဆရာဆိုတဲ့ အရှိန်နဲ့ သူတို့ တစ်ကိုယ်လုံး မျက်နှာကိုရော၊ လက်ကိုရော၊ ခြေထောက်ကိုရော ဘယ်နေရာထားရမှန်း မသိတတ်လောက်အောင်ကို ကျဉ်းကျဉ်းကျပ်ကျပ် ဖြစ်နေရှာတဲ့ နှစ်ယောက်သားဟာ ချက်ချင်းကြီး လွတ်လပ်ပေါ့ပါးသွားပုံနဲ့ ဖေဖေ့ကို ရဲရဲဝံ့ဝံ့ မော့ကြည့်ကာ ရယ်နေကြပြန်ပါရဲ့။ဒါနဲ့ *"သွားပြီဟော့ "* လို့ဆိုကာ စက်ဘီးကို ဖေဖေ ဆက်ပြီး တွန်းဝင်လိုက်ခဲ့မိတာ ညနေခင်းဟာ အကြွင်းမဲ့ကို ပေါ့ပါးလို့သွားခဲ့ပြန်တယ်လေ။

## (သုံး)

သမီးရေ ...

'စည်ဘီယာဆိုင်ကို တကယ်မဝင်ခဲ့ဘဲနဲ့ ဝင်ခဲ့ပါတယ်လို့ ဘာများ ပြောစရာလိုလို့လဲ ဖေဖေရယ်' လို့များ ဖေဖေ့သမီးက မေးချင်နေမလား မသိပါဘူး။ သမီးက မေးချင်ချင် မမေးချင်ချင် ဖေဖေကတော့ ဖြေချင်နေမိတာ အမှန်ပါပဲ သမီးရယ်။

သမီး ကြားဖူးမလားတော့ မပြောတတ်ဘူး။ 'မင်း ပျားဖွပ်နေတာကို ငါ ငါးမျှားရင်းက မြင်တယ်' ဆိုတဲ့ စကားလေ။ ဘုန်းကြီးကျောင်းသားတစ်ယောက်ရဲ့ မကောင်းကြောင်းကို တိုင်တန်းတင်လျှောက်တယ်တဲ့။ ဟိုကျောင်းသား ပျားဖွပ်နေတာကို သူ မြင်ခဲ့ကြောင်းဘာကြောင်းပေါ့ သမီးရယ်။ အဲသည်မှာ ဆရာတော်ဘုရားက ဘယ်နေရာက မြင်ခဲ့တာလဲလို့ မေးခွန်းပြန်ထုတ်ခဲ့တယ်ဆိုပဲ။ သည်တော့ လာတိုင်တဲ့ကျောင်းသားက သူ ငါးမျှားနေရာက လှမ်းမြင်ခဲ့ကြောင်း ပြန်ဖြေခဲ့ပါသတဲ့။

http://www.cherrythitsar.org



ဘယ်သူ့ဘယ်သူမှာမှ အပြစ်ကင်းကင်းစင်စင်ကြီး မဟုတ်လှပါဘူးဆိုတဲ့ အဖြစ်ကလေးပါ သမီးရယ်။

ဖေဖေကတော့လေ တစ်ခါတစ်ခါကျတော့ လူ့ဘဝ ရှုခင်းတွေကို ဖေဖေတို့ လှမ်းလှမ်းကြည့်ကြတဲ့အခါ သူက ပျားဖွပ်နေတဲ့အခါ ကိုယ်က ငါးမျှားနေရာက နေလို့၊ သူက ငါးမျှားနေတဲ့အခါ ကိုယ်က ပျားဖွပ်တဲ့နေရာက နေလို့ ကြည့်တတ်မြင်တတ်တာဟာလည်း လေးပင်လှတဲ့ ဘဝရဲ့ ဝန်ထုတ်ဝန်ပိုးတွေကို နည်းနည်းပါးပါး ပေါ့ပါးသွားစေတတ်လို့ ယူဆချင်မိတယ်။ ဒါကြောင့်လည်း ညအမှောင် လမ်းထိပ်အုတ်ခုံကလေးမှာ စကားထိုင်ပြောနေကြရာက ဖေဖေ့ကို တွေ့တွေ့ချင်း ကျဉ်းကျပ်လေးလံသွားကြတဲ့ သူတို့နှစ်ယောက်ကို ဖေဖေက စည်ဘီယာဆိုင်က ပြန်လာတာဟော့လို့ဆိုပြီး ဖော့ပစ်လိုက်ခဲ့တာပါ။

## (လေး)

ဟိုးတစ်ခါတုန်းဆီက ဖေဖေတို့တစ်တွေ ရန်ကုန်မှာ နေနေခဲ့ကြတုန်းက တစ်ညနေခင်းမှာ ရပ်ကွက်နှစ်ခုကြားက ကတ္တရာလမ်းမကြီးအတိုင်း ဖေဖေရယ်၊ ဖေဖေ့မိတ်ဆွေတစ်ယောက်ရယ် လမ်းလျှောက်လာခဲ့ကြဖူးတယ်။ ဖေဖေ့သူငယ်ချင်းရှိတဲ့ မင်္ဂလာဒုံလေဆိပ်နားက ရပ်ကွက်ကလေးကို ဖေဖေ သွားလည်ရာက အပြန်မှာ သူငယ်ချင်းက ဖေဖေ့နောက်ကို လိုက်လာတာပါ။ ရထားလမ်းကိုကျော်လိုက်တော့ ရပ်ကွက်နှစ်ခုကြားက ရပ်ကွက်တစ်ခုစာလောက်ကို ကျယ်တဲ့ ကွင်းပြင်ကြီးထဲမှာ အလယ်တည့်တည့်က ဖောက်ထားတဲ့ ကတ္တရာလမ်းမအတိုင်း ဖေဖေ

http://www.cherrythitsar.org



တို့ လျှောက်လာဖြစ်ခဲ့ကြတာပါ။ ဟိုး လမ်းတဆုံးမှာတော့ မြောက်ဥက္ကလာပ ဆေးတက္ကသိုလ် (၂) ခြံဝင်းလေ။

ဖေဖေတို့ လျှောက်လာခဲ့ကြလို့ ဘာမှမကြာတတ်သေးခင်မှာပဲ ဖေဖေ့ဘေးက မိတ်ဆွေက ရှေ့တူရှုကိုကြည့်ကာ "*ဟာ ပြဿနာပဲ* "လို့ ညည်းလာပါတယ်။ ရှေ့မှာက လူသူရှင်းလင်းလှတဲ့ လမ်းမအတိုင်း သည်ဘက်ကို လျှောက်လာနေကြတာက အသက်ငါးဆယ်လောက်လို့ ထင်ရတဲ့ အမျိုးသားတစ်ယောက်နဲ့ သုံးဆယ် မပြည့်တတ်သေးပုံရတဲ့ အမျိုးသမီးတစ်ယောက်လေ။ သူတို့ကလည်း ဖေဖေ့မိတ်ဆွေကို သတိပြုမိသွားဟန်နဲ့ ခြေလှမ်းလှမ်းနည်း ပျက်သွားပုံပါပဲ။ ခြေထောက်တွေကသာ လှမ်းလက်စနဲ့မို့ ရှေ့ကို ဆက်လှမ်းလာနေရပေမယ့် စိတ်ခြေလှမ်းတွေက နောက်ကြောင်းကို ပြန်လှည့်လျှောက်သွားနေခဲ့ပြီဆိုတဲ့ ပုံမျိုးပါ။

ပါးနပ်လှတဲ့ ဖေဖေ့မိတ်ဆွေက ဖေဖေ့ကို အသာလက်ကုတ်ပြီး လမ်းဘေးမှာ တစ်ဆိုင်တည်း ထီးထီးရှိနေတဲ့ အရက်ဖြူဆိုင်ကလေးထဲကို ဝင်ဖို့ ခြေလှမ်းပြင်လိုက်ပါရဲ့။ သူက မျက်နှာချင်းဆိုင်မှာ လျှောက်လာနေတဲ့ အမျိုးသားကြီးဆီ လှမ်းကြည့်ပြီး အရက်ဆိုင်ကိုလည်း လက်ညှိုးထိုးပြလိုက်ပါသေးတယ်။ သည်တော့မှ အမျိုးသားကြီးက လက်ပြန်ထောင်ပြပြီး ရယ်ကာမောကာနဲ့ လုပ်ပါ လုပ်ပါဆိုတဲ့သဘော။ သူ့ဘေးက အမျိုးသမီးကလည်း ရယ်လို့မောလို့။

သမီးရေ ... ဆိုင်ထဲကို ရောက်တော့မှ အရက်တွေဘာတွေ သိပ်သောက်လေ့သောက်ထမရှိတဲ့ ဖေဖေ့သူငယ်ချင်းက ဖေဖေ့

http://www.cherrythitsar.org



ကို ရှင်းပြတာပါ။ ခုနက အမျိုးသားကြီးက သူတို့ရပ်ကွက်ထဲကတဲ့။ ရပ်ရေးရွာရေး တကယ်လုပ်ပြီး လူတိုင်းက တကယ်လေးစားကြတဲ့ ပုဂ္ဂိုလ်တဲ့။ တော်တော် စောစောကတည်းက အမျိုးသမီး ဆုံးသွားခဲ့ပြီး သားတွေသမီးတွေ ကြီးတဲ့အထိ နေလာရာက ခုတော့ သူ့အောက် တော်တော်ငယ်တဲ့ အမျိုးသမီးနဲ့ အိမ်ထောင်ပြုဖို့ အသံထွက်နေတာ ကြာပြီတဲ့။ ခုလို ပက်ပင်းကြီး တိုးကြတော့ အနေခက်ကုန်မှာစိုးတာနဲ့ သူ အရက်ဆိုင်ထဲကို ဝင်ပစ်လိုက်တာတဲ့။ သူကလည်း ပျားဖွပ်လို့၊ ကိုယ်ကလည်း ငါးမျှားလို့။

တစ်ခါတုန်းကလည်း သမီးရယ်...၊ စာမေးပွဲကျတဲ့တပည့်တစ်ယောက်ကို ဆရာတစ်ယောက်က ဆုံးမနေခဲ့လိုက်တာလေ။ သူ တော်တာ၊ သူ ကြိုးစားတာ၊ သူ အောင်ပွဲဆင်တာ ဘာတစ်ခုမှ အသားမပေးဘူး။ သူ တောခဲ့တာ၊ သူ လေခဲ့တာ၊ သူ အကြိမ်ကြိမ် ဆုံးရှုံးခဲ့တာချည်းပဲ။ ပြီးမှသာ ဆရာလုပ်တဲ့လူက ...

**"မင်းတစ်ယောက်တည်း လေတာမဟုတ်ဘူး၊ ကိုယ်က မင်းထက် တောဖူးတယ်၊ ကိုယ့်လူ ပြန်ချစမ်းပါ၊ ဘာလို့ မအောင်မြင်ရမှာလဲ"** တဲ့။ တပည့်က ဆရာလည်း ခြေလှမ်းမှားဖူးတယ်ဆိုတဲ့အသိနဲ့ မျက်နှာ ဝင်းခနဲ လက်သွားကာ ခြေလှမ်းသစ်စဖို့ အသင့်။

## (ငါး)

သမီးရယ် ... **"ငါတို့အိမ်ထောင်ကျတုန်းက ရေဒီယိုလေး တစ်လုံးတောင် မပိုင်ခဲ့ပါဘူးကွာ"** လို့ အိမ်ထောင်ဦးဇနီး မောင်နှံ

http://www.cherrythitsar.org



ကို အားပေးနေတဲ့လူတစ်ယောက်၊ **"သမီးက ငါးတန်းမှာ ထီးပျောက်တယ်၊ ဖေဖေက တက္ကသိုလ်ရောက်မှကို ပျောက်သေးသဗျာ"** လို့ပြောရင်း တဟားဟားရယ်နေတဲ့ ဖခင်တစ်ယောက်၊ နားထောင်သူကို ဘယ်လောက်များ ပေါ့ပါးသွားစေမလဲ သမီးရယ်။ ဒါ ငါ့အမှား၊ ဒါ ငါ့အားနည်းချက်၊ ဒါ ငါ့မိုက်မဲမှု၊ မင်းတို့ကလည်း ပျားအုံကိုမှ ဖွပ်မိလို့။ ငါကလည်း ငါးကိုမှ မျှားမိလို့။

ဟိုနှစ်ယောက်ကတော့ သမီးရေ၊ ဖေဖေနဲ့တွေ့တဲ့အခါတိုင်း စ,လို့ နောက်လို့။ **"ဆရာ စည်ဘီယာနော်"** တဲ့။ ဖေဖေကလည်း **"အေး ...အုတ်ရုံဟော့"** လို့ ...။ သည်တော့လည်း သုံးယောက်သား လွတ်လွတ်လပ်လပ်ကြီးကို ရယ်မိကြပြန်ပါလေရော။

(၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ၊ Fashion Image မဂ္ဂဇင်း)

# မကျူကြဲတော့ဘူးလား

## (တစ်)

သမီးရေ...

ကျန်ခဲ့တဲ့ စနေနေ့တုန်းက ဖေဖေ့စက်ဘီးကလေးကိုဖေဖေ ဆွဲပြီး မြို့ထဲဘက်ကို နင်းထွက်လာခဲ့မိတော့ အချိန်က တော်တော်ကလေး စောနေသေးခဲ့တာကို ဖေဖေ့သမီးတစ်ယောက် မှတ်မိဦးမလား မသိဘူးနော်။ ဟုတ်တယ်။ အဲသည့်နေ့က မြို့ထဲဘက်ကို ဖေဖေထွက်ဖြစ်တော့ ညနေက (၃) နာရီတောင်မှ ထိုးသေးရဲ့လား မပြောတတ်ပါဘူးသမီးရယ်။ ဖေဖေက သမီးသိတဲ့အတိုင်းပဲလေ။ သမီးကို ကျောင်းကြိုရတဲ့နေ့တွေမှာသာ ညနေ(၅)နာရီကျော်က အိမ်ကနေ ထွက်ဖြစ်တတ်ပေမယ့် စနေလိုနေ့မျိုး၊ တနင်္ဂနွေလိုနေ့မျိုးတွေမှာတော့ ညနေ တော်တော်စောစောကြီးမှာကိုပဲ အိမ်ကနေ ထွက်ဖြစ်နေကျလေ။ သည်တော့ ဖေဖေ့ထုံးစံအတိုင်းပေါ့။ ကျန်ခဲ့တဲ့ စနေနေ့ကလည်း မိတ်ဆွေတွေနဲ့ စောဆုံပြီး လက်ဖက်ရည်ဆိုင်မှာ စောထိုင်ရ

http://www.cherrythitsar.org



အောင်လို့ဆိုကာ ခပ်စောစောကိုပဲ အိမ်ကနေ ဖေဖေ ထွက်ခဲ့တာပါ။

မြို့စွန်ရပ်ကွက်ကလေးရဲ့ ထုံးစံအတိုင်းပဲပေါ့။ လမ်းပေါ်မှာ လူသူရှင်းလင်းလို့။ ဖေဖေက ဖေဖေ့စက်ဘီးကလေးကို တစ်ပတ်ချင်း တစ်ပတ်ချင်း တဖြည်းဖြည်း နင်းလာခဲ့လိုက်တာ တစ်နေရာရောက်တော့ ထိတ်ခနဲဖြစ်စရာမြင်ကွင်းက အဆင်သင့်လေ။ သရဖူဆိုတဲ့ ဆိုင်ကလေးကို သမီး သိမယ်ထင်ပါတယ်။ ရထားလမ်းကို မကျော်ခင် ရပ်ကွက်ဈေးကလေးနဲ့ မျက်နှာချင်းဆိုင် အိမ်ဆိုင်သေးသေးကလေးလေ။ ဆီကလေးအစ ကြက်သွန်လေးအစ ဟိုဟာနည်းနည်း၊ သည်ဟာနည်းနည်းနဲ့ လက်လီဆိုမှ တကယ့်ကို လက်ကိုလီပြီး ရောင်းရတဲ့ဆိုင်ကလေးပါ။ အဲဒါ ဖေဖေတို့မိတ်ဆွေရဲ့ ဆိုင်ကလေးပေါ့။ သူ့ခမျာ ကလေးတွေက များ၊ အမေအိုကြီးက မကျန်းမာနဲ့ အမြဲတမ်း ဖတ်သီဖတ်သီလေ။

အဲသည်နေ့က သူ့ဆိုင်ရှေ့ကနေ စက်ဘီးကို ဖြတ်နင်းသွားတုန်း ဖေဖေတွေ့လိုက်ရတဲ့ ထိတ်စရာမြင်ကွင်းဆိုတာက နာရေးမြင်ကွင်းပါသမီးရယ်။ အိမ်ဆိုင်ကလေးက ပိတ်လို့။ လူတွေက စုစုစုစုနဲ့။ အသုဘတစ်ခုကို နေရာချဖို့ ပြင်ဆင်လှုပ်ရှားနေကြတာလေ။ ဖေဖေ ထင်လိုက်မိတဲ့အတိုင်းပါပဲ။ စက်ဘီးကလေးကို အသာရပ်ထားခဲ့ပြီး အိမ်ထဲကို ဝင်သွားလိုက်တော့ ဖေဖေ့မိတ်ဆွေက သူ့အမေ ဆုံးပြီတဲ့။ မျက်လုံးတွေက ညှိုးငယ်လို့။ ဖေဖေက သူနဲ့သာမက ဖေဖေနဲ့ပါ သိကျွမ်းရင်းနှီးကြတဲ့ မိတ်ဆွေတချို့ကို ရည်ညွှန်းကာ ဘယ်သူတွေကိုများ အသိပေး

http://www.cherrythitsar.org



ပြီးပြီလဲလို့ မေးကြည့်တော့ သူက ဘယ်သူ့ကိုမှ အကြောင်း မကြားရသေးပါဘူးဗျာတဲ့။ အတော်ပါပဲ သမီးရယ်။ ဖေဖေက မြို့ထဲဘက်ကို ထွက်မယ့်သူလေ။ မြို့ထဲကို ထွက်ရင်းနဲ့ သူနဲ့ ပတ်သက်ရာရာ အိမ်တွေကို လှည့်ပြီး ဖေဖေ ပြောလိုက်ရင် အဆင်ပြေသွားတာပဲပေါ့။ စောစောစီးစီး သိသွားခဲ့ကြပြီး လို အပ်တဲ့ ငွေကလေး၊ ကြေးကလေးကအစ ဝိုင်းပြီး ဖေးမလိုက် ကြရင် သူ့အတွက် ပခုံးပေါ်ကို ရုတ်တရက်ရောက်လာတဲ့ သောကဝန်ထုပ်ဝန်ပိုးတွေက သက်သာတန်သရွေ့ သက်သာ သွားနိုင်တာပဲ မဟုတ်လား။ ဖေဖေမြို့ထဲဘက်ကို ဆက်ထွက် ရအောင် အသုဘအိမ်ကလေးကနေ ထတော့ အဲသည့်စိတ်ကူး စိတ်သန်းတွေနဲ့အတူ ထဖြစ်ခဲ့တာ အမှန်ပါပဲ သမီးရယ်။

## (နှစ်)

အဲသည့်နေ့တုန်းက ပြောသင့်ပြောထိုက်တယ်လို့ ဖေဖေ ယူဆတဲ့အိမ်တွေ အားလုံးလိုလိုကို စက်ဘီးကလေးနဲ့ ပတ်ပြီး မိတ်ဆွေရဲ့အိမ်က အပူသတင်းကို ဖေဖေ လိုက်ပြောခဲ့ပါတယ် သမီးရယ်။ အားလုံးက စုတ်တသပ်သပ်နဲ့ပါ။ *'ဩော် ...မပြေ လည်လှတဲ့ကြားထဲက'*'တဲ့။ *'ညနေ ခပ်စောစော သွားလိုက်ကြ ရအောင်'*'တဲ့။ ကရုဏာနဲ့ထိုက်တန်တဲ့ အဖြစ်အပျက်အတွက် ကရုဏာကို ပေးကြဖို့ အဆင်သင့်လေ။ ဒါပေမယ့်လည်းပေါ့ သမီးရယ်။ လူအမျိုးမျိုး စိတ်အထွေထွေဆိုတဲ့ စကားအတိုင်း ပါပဲ။ အိမ်တစ်အိမ်က ပြန်လည်တုံ့ပြန်လိုက်တဲ့ စကားတစ်ခွန်း ကဖြင့် ဖေဖေ့ရင်ထဲမှာ အောင့်ခနဲပါပဲ။ ကာယကံရှင်သာ ကြား

http://www.cherrythitsar.org



ရင် ရင်ထဲမှာ ဘယ်လောက်တောင် ဒဏ်ရာအနာတရတွေ ဖြစ်သွားလိမ့်လေမလဲ သမီးရယ်။

*"အေးဗျာ၊ ကိုယ် ရစရာရှိတဲ့အကြွေး မရတဲ့အပြင် ကူငွေသွားထပ်ပေးရမလို ဖြစ်နေပြီ"* တဲ့။

အကြွေး။ အကြွေး။ သူ ရစရာရှိတဲ့ အကြွေး။ သည်အကြွေးဆိုတဲ့ အရိပ်မည်းမည်းကြီးအောက်မှာ လူတစ်ယောက် သေဆုံးသွားရတာဟာလည်း ဘာမှ အရာမထင်တော့သလိုပဲနော်။ ဖေဖေ့စိတ်ထဲမှာ ထင်ထားခဲ့တာက လောကဇာတ်ခုံကြီးပေါ်မှာ သူ့အခန်းနဲ့သူ သပ်သပ်လို့။ ခုတော့ အရောရောအထွေးထွေးပါလား သမီးရယ်။ လူတစ်ယောက် သေဆုံးသွားတယ်ဆိုတဲ့ ဇာတ်ဝင်ခန်းထဲကို အရင်က ယူထားတဲ့ အကြွေး မပေးသေးဘူးဆိုတဲ့ ဇာတ်ဝင်ခန်းက လာပြီး ရောလိုက်ထပ်လိုက်တဲ့အခါ ကရုဏာဆိုတာ ဘယ်နေရာကနေ ထွက်ကျသွားခဲ့လိုက်တယ် ဖေဖေ မပြောတတ်ပါဘူး။ ဖေဖေ့သဘောအရတော့ သမီးရယ်၊ လူသေလို့ သွားကူတာက သပ်သပ်၊ အကြွေးရှိလို့ ပြန်တောင်းတာက သပ်သပ်လို့ ထင်မိတာပါပဲ။

အဲသည့်နေ့ ညနေတုန်းက စက်ဘီးကလေးကို နင်းပြီး ဖေဖေ ပြန်လာခဲ့တော့ အကြွေးမရသေးတဲ့အပြင် ကူငွေထပ်ပေးရဦးမလို ဖြစ်နေပြီဆိုတဲ့ စကားသံက အရိပ်လို လိုက်လာပြီး ဟိုအကြောင်းစဉ်းစား၊ သည်အကြောင်းစဉ်းစားနဲ့ ဟိုးတစ်ခါတုန်းက ရွာကလေးတစ်ရွာမှာ ဖေဖေ နေခဲ့ရတုန်းက အဖြစ်အပျက်ကလေးတစ်ခုကို သွားပြီး သတိရမိသေးတော့တယ် သမီးရယ်။

http://www.cherrythitsar.org



## (သုံး)

တစ်ခါတုန်းက ရွာကလေးတစ်ရွာမှာ တစ်နှစ်လောက် ဖေဖေ သွားနေခဲ့ရဖူးတယ်။ ရွာကလေးဆိုပေမယ့် အိမ်ခြေက ထောင်ဂဏန်းလောက် ရှိတာမို့ ရွာကြီးလို့တောင် ဆိုရလေမလား မပြောတတ်ပါဘူး သမီးရယ်။ အဲသည့်ရွာကလေးက တိုးမြစ်ဘေးက ရွာကလေး သမီးရဲ့။ အနီးဆုံးမှာရှိတဲ့ မြို့ကလေးနဲ့ နှစ်မိုင်ပျော့ပျော့လောက် ဝေးလိမ့်မယ်လို့ ဖေဖေထင်တယ်။

အဲသည်ရွာကလေးမှာ ဖေဖေနေခဲ့တုန်းက ဖေဖေတည်းတဲ့ အိမ်က ဖေဖေတို့နဲ့ ဆွေမျိုးမကင်းတဲ့ အိမ်လေ။ အဲသည်အိမ်က အမျိုးသမီးတစ်ယောက်က ကိုယ်ဝန် အရင့်အမာကြီးနဲ့ပေါ့။ တစ်ညမှာကျတော့ အဲသည့် ကိုယ်ဝန်အရင့်အမာကြီးနဲ့ အမျိုးသမီး ဗိုက်နာတော့တာပါပဲ။ သူက သားဦးလည်း ဖြစ်တဲ့အပြင် မွေးဖို့ဖွားဖို့ တော်တော်ကလေး ခက်ခဲတဲ့ပုံပါပဲ။ တစ်ညလုံး ညည်းနေလိုက်တာ။

ဒါနဲ့ မနက်(၃)နာရီလောက်ကျတော့ မြို့က ဆေးရုံကို သွားဖို့ စီစဉ်ကြတယ်။ မြို့ကို အမြန်ဆုံးရောက်အောင် သွားဖို့ဆိုတာကတော့ သူတို့ဒေသအခေါ် ပဲ့ထောင်ပဲပေါ့။ ပဲ့ထောင်ဒါမှမဟုတ် စက်တပ်လှေကလေးနဲ့ သွားလိုက်ရင် အလွန်ဆုံး (၁၅)မိနစ် နာရီဝက်ပေါ့ သမီးရယ်။ ဒါပေမယ့် ခက်နေတာက ရွာရဲ့ တစ်စင်းတည်းသော ပဲ့ထောင်အိမ်နဲ့ သူတို့က စကားမပြောခဲ့ကြတာ ကြာခဲ့ပြီတဲ့။ ကြာဆို ဆယ်စုနှစ်တစ်ခု ရှိလုလုကို ကြာခဲ့တာတဲ့။ ကမ္ဘာ့ရန်လို့ မဆိုနိုင်လောက်တောင်မှ လမ်း

http://www.cherrythitsar.org



တွေ့ရင် မျက်နှာလွှဲသွားကြတဲ့သူတွေလေ။ သည်တော့ ပွဲထောင်သွားငှားသင့် မငှားသင့် တွေနေကြသေးတယ်လေ။ နောက်တော့မှ အိမ်နီးချင်းတွေက သွားငှားဖို့ ဖွတ်ပြောလာတာရော၊ အရပ်လက်သည် အဒေါ်ကြီးက "*ကဲ၊ မီးခွက်ပေးစမ်းဟယ်၊ ငါ သွားမယ်*" လို့ လုပ်လာတာရောတွေကြောင့် ပွဲထောင်သွားငှားဖို့ ဖြစ်လာတာပေါ့။

အဲသည့်မနက်တုန်းက အရပ်လက်သည်အဒေါ်ကြီးရယ်၊ ဖေဖေရယ်၊ အိမ်နားက တစ်ယောက်ရယ် မီးခွက်ကြီး ကိုင်မြှောက်ပြီး ရွာလမ်းအတိုင်း လျှောက်ခဲ့ကြရတာကို မှတ်မိနေသေးတယ်။ ဖေဖေတို့က ပွဲထောင်ငှားဖို့ အသံပေးလိုက်တော့ ပထမ အမှောင်ထဲမှာ တိတ်လို့။ နောက်တော့မှ "*ဘယ်အိမ်ကလဲ*" တဲ့။ ဖေဖေတို့က ကာယကံရှင်နာမည်ကို ပြောလိုက်တဲ့အခါ နောက်ထပ်တစ်ခါ ပြန်တိတ်သွားပြန်ရော။ ပြီးတော့မှ "*ခဏဗျာ၊ လိုက်ခဲ့မယ်*" တဲ့ ဒါနဲ့ ဖေဖေတို့တစ်တွေ စက်လှေကလေးပေါ်ကို ရောက်သွားကြတော့လည်း သူက တစ်ခွန်းတည်း ပြောပါတယ်။ "*ကျုပ်တို့ချင်းတွေက စကားမပြောကြတာ ကြာလှပေါ့ဗျာ*" တဲ့။

## (လေး)

သမီးရေ ...

အဲသည့်တုန်းက ပွဲထောင်အိမ်ကလူတွေက "*ဆီဖိုးပဲပေး*" လို့ ဆိုကာ မဖြစ်စလောက်ဆိုမှ တကယ့်ကို မဖြစ်စလောက်ငွေကလေးပဲ ယူသွားခဲ့တာပါ။ မွေးတာဖွားတာကလည်း ချောချော

http://www.cherrythitsar.org



မောမောပါပဲ။ ထူးဆန်းတာကတော့ ပွဲထောင်အိမ်ကလူတွေက အရင်လိုပဲ ဖေဖေတည်းတဲ့အိမ်ကလူတွေကို စကားမပြောမြဲ မပြောတာပါပဲ။ ဘာပဲဖြစ်ဖြစ်၊ အဲသည့်ပွဲထောင်အိမ်က လူတွေကို ဖေဖေ အမှတ်ရနေမိတယ်။ စကားမပြောကြတာက သပ်သပ်၊ မွေးတော့ဖွားတော့မှာမို့ လိုက်ပို့သင့်လို့ လိုက်ပို့တာက သပ်သပ်။

အခုတော့ ကြည့်ပါဦး သမီးရယ် ...။

အကြွေး မရသေးတဲ့အပြင် ကူငွေက ထပ်ပေးရဦးမယ်တဲ့။ ဖြစ်ရပ်တွေ ထွေးကုန်ရင် ခံစားမှုပါ ထွေးကုန်သလားပါပဲလေ။

**(၂၀၀၀ပြည့်နှစ်၊ ဖေဖော်ဝါရီ၊ ချယ်ရီမဂ္ဂဇင်း)**

# ကာတွန်းဆရာတစ်ယောက်ကို ကျောခိုင်းခြင်း

## (တစ်)

သမီးရေ…

အခုတစ်ခါ ဖေဖေတို့ သမီးတို့တစ်တွေရောက်နေကြရပြန်တဲ့မြို့ကလေးက ရန်ကုန်ကနေ ကားစီးသွားမယ်ဆိုရင် သုံးနာရီခွဲ၊ လေးနာရီလောက်သာကြာတဲ့ မြို့တော်ရဲ့ မလှမ်းမကမ်းက မြို့ကလေးတစ်မြို့ သမီးရဲ့။ ဒါကြောင့်မို့ တော်ရုံတန်ရုံ ကိစ္စသေးသေးမွှားမွှားကလေးတွေလောက်ကတော့ နေ့ချင်းပြန် သွားပြီး လုပ်မယ်ဆိုရင်တောင် လုပ်လို့ရနိုင်တဲ့အတွက် ဖေဖေကတော့ အဲသည့်မြို့ကလေးကိုရောက်ကတည်းက ရန်ကုန်ကို တစ်ပတ်တစ်ခါ တက်ဖြစ်နေခဲ့တာ ဖေဖေ့သမီးအသိပဲလေ။

သမီးရေ…

http://www.cherrythitsar.org



ကျန်ခဲ့တဲ့အပတ်တုန်းက ဖေဖေရန်ကုန်ကို တက်ဖြစ်ခဲ့တော့ ဖေဖေတစ်ယောက်တည်းမဟုတ်လေဘူး သမီးရဲ့။ ဖေဖေနဲ့အတူ ကာတွန်းဆွဲကာစ လူငယ်ကလေးတစ်ယောက်လဲ ပါလာခဲ့တယ်လေ။ သူက စာအုပ်တိုက်တစ်တိုက်ကိုသွားမယ်။ သူ့ရုပ်ပြကာတွန်းစာအုပ်အတွက် တစ်မျက်နှာကို ဘယ်လောက်နှုန်းနဲ့ယူမယ်ဆိုတာ ပြောမယ်။ တိုက်ရှင်ကလည်း သူဘယ်လောက်ပေးနိုင်တယ်ဆိုတာနဲ့ ရိုက်မယ့်အုပ်ရေ ဘာညာ ညှိနှိုင်းဖို့ပါပဲ။ သူက ဖေဖေသွားမယ့်အိမ်နဲ့ သူ့စာအုပ်တိုက်နဲ့ သိပ်ပြီးမဝေးလှတဲ့အတွက် ဖြစ်နိုင်ရင် သူနဲ့အတူခဏလိုက်ခဲ့ပါလို့ ဖေဖေ့ကိုအကူအညီတောင်းပါတယ်။ ဘာများအပန်းကြီးတဲ့ကိစ္စမို့လို့လဲ သမီးရယ်။ ဖေဖေသွားမှာက မော်တင် ၉ လမ်း။ သူ့စာအုပ်တိုက်က ဘုန်းကြီးလမ်း၊ ကြားထဲမှာ သုံးလေးလမ်းပဲခြားတဲ့ဥစ္စာ။ ဖေဖေက လိုက်ခဲ့မယ်လို့ သူ့ကို ကတိပြုမိခဲ့ပါရဲ့။ ကတိပြုခဲ့အတိုင်းလည်း ရန်ကုန်ကိုရောက်တဲ့အခါ သူ့စာအုပ်တိုက်ရှိရာကို ဖေဖေလိုက်သွားဖြစ်ခဲ့တာပဲလေ။

## (နှစ်)

သမီးရေ...

ဖေဖေတို့ စာအုပ်တိုက်ကိုရောက်သွားတော့ တိုက်ရှင်က တိုက်မှာမရှိဘူး သမီးရဲ့။ မလှမ်းမကမ်းက လက်ဖက်ရည်ဆိုင်ကလေးမှာ စာပေလောကသား နှစ်ယောက် သုံးယောက်နဲ့ စကားဝိုင်းဖွဲ့လို့။ ဖေဖေတို့ကိုမြင်တော့ သူတို့က ဖက်လဲတကင်းပါပဲ။ ဖေဖေနဲ့လည်း မျက်မှန်းတန်းပြီးသားတွေဖြစ်လို့ တစ်

http://www.cherrythitsar.org



ဝိုင်းတည်းထိုင်ဖြစ်ကြတဲ့အခါ ပြောကြ ဆိုကြ ရယ်ကြ မောကြနဲ့။ သည်လိုနဲ့ တစ်အောင့်လောက်ကြာသွားပြီး စကားဝိုင်းသိမ်းကြတဲ့အခါ ကိုယ့်လမ်းကိုယ်ပြန်ကြပေါ့။ ဖေဖေရယ်၊ ကာတွန်းဆရာလေးရယ်ကတော့ စာအုပ်တိုက်ပိုင်ရှင်နဲ့အတူ စာအုပ်တိုက်ရှိရာကိုလေ။

သမီးရေ…

စာအုပ်တိုက်ရှေ့ကို ရောက်သွားတဲ့အခါ ဖေဖေက တိုက်ပိုင်ရှင်ကိုရော ဖေဖေနဲ့အတူလာသူ ကာတန်းဆရာကလေးကိုရော နှုတ်ဆက်ကာ ပြန်နှင့်မယ်လို့ပြောလိုက်မိပါရဲ့။ ကာတွန်းဆရာလေးရယ်၊ ဖေဖေရယ် ပြီးတော့မှ ဖေဖေတည်းတဲ့အိမ်မှာ ပြန်တွေ့ကြမယ်ပေါ့။ အခုလို ဖေဖေက သူတို့နှစ်ယောက်ရဲ့ လုပ်ငန်းကိုင်ငန်း စကားဝိုင်းကနေ ဝေးရာကိုထွက်သွားနှင့်ဖို့ ဆုံးဖြတ်ပြီး နှုတ်ဆက်လိုက်တဲ့အခါ အားလုံးရဲ့မျက်လုံးတွေထဲမှာ လွတ်လပ်ပေါ့ပါးသွားတဲ့ ခံစားမှုမျိုးကို ဖေဖေရှာလို့တွေ့ရသလိုပါပဲ။

ဟုတ်တယ်။ ဖေဖေမရှိချင်ဘူး။ သူတို့ချင်း ငွေကြေးကိစ္စပြောကြ၊ ဈေးဆစ်ကြ၊ တိုးတောင်းကြ၊ ငြင်းကြ၊ ခုန်ကြနဲ့ အတွင်းသားကျကျ စကားပြောနေကြတဲ့အချိန်မျိုးမှာ သူတို့နားမှာ ဖေဖေရှိမနေချင်ဘူး။ ပြီးတော့ ဖေဖေနဲ့မဆိုင်တဲ့ သူတို့ကိစ္စကို တကယ့်ကိုလည်း ဖေဖေမသိချင်ဘူး။ ဒါကြောင့်လည်း ဇွတ်ဆိုသလိုပဲ ဖေဖေက ရှောင်ထွက်လာခဲ့တာပါ။ ဖေဖေရှိနေတဲ့အတွက် သူတို့ချင်း သဘောပိုကောင်းလိုက်ရတာ၊ ပိုပြီးအညံ့ခံလိုက်ရတာ၊ ပိုပြီးမာနကြီးပြလိုက်ရတာ၊ ပိုပြီး ရိုးစင်းပြ

http://www.cherrythitsar.org



လိုက်ရတာ ဘာတစ်ခုကိုမှ ဖေဖေအလိုမရှိဘူး။ ရှိတဲ့အတိုင်းပဲ သူတို့ဆီကနေ ထွက်ကျလာကြဖို့ သူတို့နားမှာ ဖေဖေမရှိသင့်ဘူးလို့ ယူဆမိတယ်။

သမီးရေ…

ဟိုးတစ်ခါတုန်းက အဆင့်မြင့်ဘော်ဒါကျောင်းလေးတစ်ကျောင်းရဲ့ ဧည့်ခန်းထဲမှာ ဖေဖေထိုင်နေခဲ့ဖူးတယ်။ ဖေဖေရယ်၊ ဘော်ဒါဆောင်ပိုင်ရှင် မိတ်ဆွေရယ်ပေါ့။ ကျောင်းသား ကျောင်းသူတွေကိစ္စ၊ အကျွေးအမွေးကိစ္စ၊ စည်းကမ်းကိစ္စ ဟိုရောက်သည်ရောက် ပြောဆိုနေခဲ့ကြတုန်း တစ်အောင့်လောက်ကြာတော့ ဧည့်သည်တစ်ယောက်ရောက်လာတယ်လေ။ အဒေါ်ကြီးတစ်ယောက်။ သူ့သမီးနဲ့ တွေ့ချင်လို့တဲ့။ ဘောဒါဆောင်ပိုင်ရှင်က ကလေးတွေအားနေတဲ့အချိန်မို့ အလွယ်တကူပဲ သွားခေါ်ပေးလိုက်ခဲ့ပါတယ် သမီးရယ်။ သူက အဒေါ်ကြီးနဲ့သာကြောင်းမာကြောင်း ရပ်ကြောင်းရွာကြောင်းတွေကိုတောင် နည်းနည်းပါးပါး ထိုင်ပြောနေခဲ့လိုက်ပါသေးတယ်။ ပြီးတော့မှ **"ကဲ၊ ကျွန်တော့်ကိုခွင့်ပြုဦး၊ လုပ်စရာလေးတွေရှိသေးလို့"** လို့ဆိုကာ နောက်ဖေးဘက်ကို ထွက်သွားခဲ့ပါလေရဲ့.

ဖေဖေကလည်း သည်လောက်တော့ဖြင့် အကင်းပါးပါသေးတယ် သမီးရယ်။ သူ့လိုပါပဲ။ အဒေါ်ကြီးနဲ့ သူ့သမီးကို နှုတ်ဆက်ချန်ထားရစ်ခဲ့ကာ နောက်ဘက်ကိုအသာထွက်လာခဲ့တာပါပဲ။ တကယ်ကတော့ ဘော်ဒါဆောင်ပိုင်ရှင်မှာရော၊ ဖေဖေမှာရော ဘာအလုပ်မှရှိတာမဟုတ်ပါဘူး။ သားအမိချင်း တွေ့ဆုံကြတုန်း လွတ်လွတ်လပ်လပ် ပြောလိုရာကိုပြောကြဆိုကြ

http://www.cherrythitsar.org



ပါစေလား သမီးရယ်။ အစားအသောက်ကောင်းတာ မကောင်းတာ၊ စာသင်ကောင်းတာ မကောင်းတာ၊ နေရေးထိုင်ရေးအဆင်ပြေတာ မပြေတာ၊ ပြီးတော့ သူတို့တွေရဲ့ အိမ်တွင်းရေးကိစ္စ သူတို့မှာ ပြောစရာစကားတွေ ရှိနေကြမယ်လေ။ ဖေဖေတို့အနားမှာ ရှိမနေသင့်ကြဘူး။ ဖေဖေတို့ကြောင့် သူတို့ချင်းသာ ပြောရမယ့်စကားတွေကို ကျန်ရစ်ခဲ့ရပြီး မပေါ့မပါးနဲ့ ပြန်သွားကြရမယ်ဆိုတဲ့အဖြစ်မျိုးဟာ မရှိသင့်လှဘူး။ ဒါကြောင့်ပဲ ဖေဖေတို့တွေ နောက်ဘက်ကိုထွက်လာခဲ့ကြတာပေါ့ သမီးရယ်။

ဖေဖေ့မှာမိတ်ဆွေတစ်ယောက်ရှိတယ် သမီးရဲ့။ သူက စာရေးဆရာ မဟုတ်ပေမယ့် စာအုပ်တွေကို ချစ်တဲ့လူလေ။ သူ့အိမ်ကို မကြာခဏဆိုသလို ဖေဖေရောက်သွားဖူးတယ်။ ဖေဖေရောက်သွားတဲ့အခါတိုင်း သူ့အမျိုးသမီးက ရေနွေးကြမ်းလင်ဗန်းကလေးနဲ့ လက်ဖက်ကလေးအစ မြေပဲပြုတ်ကလေးအစ ထည့်ပြီး ဖေဖေတို့အနားကို ရောက်လာတတ်မြဲ၊ စကားစမြည်ပြောလာတတ်မြဲလေ။ ဒါပေမယ့် ဖေဖေ သူ့ကို သတိထားမိခဲ့တာက သူဟာ ဖေဖေတို့ဝိုင်းမှာ ဘယ်တော့မှအကြာကြီးပေကတ်ထိုင်နေတယ်လို့ မရှိပါဘူး။ အိမ်ရှင်မတစ်ယောက်အနေနဲ့ ပြောသင့် မေးသင့် လောကဝတ်ပြုသင့်တဲ့စကားတွေ ကုန်ပြီဆိုတာနဲ့ အသာထထွက်တော့တာပါပဲ။

**"ကဲ၊ အေးအေးဆေးဆေး စကားပြောကြဦး ...၊ လုပ်လက်စကလေးတွေ ...လက်စသတ်လိုက်ဦးမယ်"**

သမီးရယ်။ ဘယ်လောက်များ ပေါ့ပါး ပါးနပ်လှတဲ့အမျိုးသမီးလေလဲ။ ကိုယ့်ခင်ပွန်းသည်နဲ့ ကိုယ့်ခင်ပွန်းရဲ့ မိတ်ဆွေကို

http://www.cherrythitsar.org



တောင် လွတ်လွတ်လပ်လပ်စကားပြောခွင့်ရဖို့ ဖန်တီးပေးနိုင်တတ်တာလေ။ ဒါဟာ တကယ့်ကိုလိုအပ်လှတဲ့ နေထိုင်မှုနည်းပညာတစ်ရပ်၊ ယဉ်ကျေးမှုတစ်ရပ်လို့ပဲ ဖေဖေကတော့ ယုံကြည်နေမိတယ်။

ဒါကြောင့်ပဲပေါ့။

ဖေဖေနဲ့အတူပါလာတဲ့ ကာတွန်းဆရာလေးကို သူ့ထုတ်ဝေသူနဲ့ ငွေခန်းကြေးခန်း ကြိုက်သလိုပြောနိုင်ကြဖို့၊ ဖေဖေ့ကြောင့် အနှောင့်အယှက်မဖြစ်ကြဖို့ ဖေဖေက ကျောခိုင်း ချန်ထားရစ်ခဲ့တာပါ။ လောကကြီးမှာက တစ်ခါတစ်ခါကျတော့ ကျောခိုင်းပြီးထားရမယ့် အချိန်တွေ၊ အခြေအနေတွေကလည်း ဖေဖေတို့မှာ ရှိသင့်ရှိအပ်လှစွာလေ။

**(၂၀၀၀ ပြည့်နှစ်၊ မတ်၊ ချယ်ရီမဂ္ဂဇင်း)**

http://www.cherrythitsar.org

# စကားဝါမြေ၌ သွေးပေါင်ချိန်ကြခြင်း

## (တစ်)

သမီးရေ…

ပုပ္ပားတောင်ခြေက မြန်မာဆန်လှတဲ့ကျောက်ပန်းတောင်း ဆိုတဲ့မြို့ကလေးကို သည်နှစ်တစ်ခါ နွေဦးရာသီမှာ ဖေဖေဖြတ်သန်းသွားခဲ့ရပြန်တာကလည်း မနှစ်ကလိုပဲ ညကြီးအချိန်မတော်ကြီးပါပဲ။ ဟုတ်တယ်နော်။ မနှစ်တုန်းက ဖေဖေအညာကို ခရီးထွက်ဖြစ်ခဲ့တာ အခုလိုနွေဦးရာသီကြီးမှာပဲလေ။ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ မကွေး၊ တောင်းတွင်းကြီး၊ ပုဂံ၊ အနှံ့အပြားပါပဲ သမီးရယ်။

ဖေဖေက မိတ္ထီလာကနေ မကွေးကိုကူးတဲ့အခါ ညကားနဲ့ပဲကူးနေကျသမီးရဲ့။ ဒါကြောင့်မို့ မနှစ်တုန်းကလည်း အခုလိုပဲ ညကားနဲ့ပဲကူးဖို့ ဖေဖေက စီစဉ်ခဲ့တာပါ။ ဒါပေမယ့်

http://www.cherrythitsar.org



သမီးရေ အဲသည့်နေ့ညဦးက ဘယ်လိုများဖြစ်တယ် မပြောတတ်နိုင်ပါဘူး။ ည ၇နာရီနဲ့ ၈ နာရီဝန်းကျင်လောက်မှာ မိတ္ထီလာကိုဖြတ်တတ်တဲ့ အဝေးပြေးကားကြီးတွေဟာ အကုန်လုံးကို ကျပ်နေခဲ့တာပါပဲ။ စတားဆိုတဲ့ ကားကြီးကလည်း ကျပ်ခဲလို့။ ကျွန်းဆွယ်ဆိုတဲ့ကားကြီးကလည်း ကျပ်ခဲလို့။ ထိုင်ဖို့နေနေသာ မတ်ရပ်လို့မရလောက်တဲ့အထိ ကျပ်ခဲနေခဲ့ကြတာလေ။ ဒါကြောင့်မို့ ဖေဖေက နည်းနည်းပါးပါးကလေး အဆင်ပြေနိုင်မယ့်ကားကို စောင့်နေခဲ့လိုက်တာ လာတော့ ည ကိုးနာရီတောင်စွန်းလုပြီ။ ကားကြီးက သူ့ကိုယ်ပေါ်မှာရေးထားတဲ့ Experss ဆိုတဲ့စာလုံးကလွဲရင် အကုန်လုံးလိုလို နွေးနွေးကွေးကွေးလေးလေးလံလံဖြစ်ပုံရတာမို့ ပထမတော့ ဖေဖေမလိုက်ဘဲနေဦးတော့မလို့ပါပဲ။ ဒါပေမယ့် နောက်တော့လည်း ကဲ ...ရောက်ချင်တဲ့အချိန်သာ ရောက်ပေတော့ဆိုတဲ့စိတ်က ဖေဖေ့ဆီကိုရောက်လာပြီး ဖေဖေလည်း ကားပေါ်ကိုတက်လိုက်လာဖြစ်ခဲ့တော့တာပါပဲလေ။

အဲသည့်တုန်းကလည်း သည်နှစ် ခရီးသွားတဲ့ညလိုပါပဲ။ လမင်းကြီးက ထိန်ထိန်သာလို့။ နွေဦးပေမို့ ဆောင်းလက်ကျန်နှင်းနဲ့ မြူကလေးတွေနည်းနည်းပါးပါး ဆိုင်းနေသေးပေမယ့် လရောင်က ထိန်ထိန်လင်းနေလို့လား မပြောတတ်ပါဘူး။ကျောက်ပန်းတောင်းနဲ့ နီးလာလေလေ ပုပ္ပားတောင်ပုံ့ပုံ့စုန့်စုန့်ကြီးက ထင်လာရှင်းလာလေလေပါ သမီးရယ်။ ဆိုရရင် ဖေဖေတို့ကား ကျောက်ပန်းတောင်းကိုဝင်တော့ ညသန်းခေါင်စွန်းနေပါပြီ။ သည်အတိုင်းဆို မကွေးကို ညအချိန်မတော်ကြီး ရောက်သွား

http://www.cherrythitsar.org



တော့မယ်လေ။ ပြီးတော့ ဖေဖေက ကျောက်ပန်းတောင်းကိုဝင်ကာမှ ကျောက်ပန်းတောင်းမှာဆင်းချင်တဲ့စိတ်က ပေါ်လာနေပြန်ပါလေရော။ ဒါနဲ့ပဲ ဆင်းဖြစ်ခဲ့တယ်ဆိုပါတော့။ ကျောက်ပန်းတောင်းမှာက ဖေဖေ့တပည့်အရင်းခေါက်ခေါက်တွေ များတယ်လေ။ တစ်အိမ်အိမ်ကိုသွားပြီးတော့ နှိုးမယ်။ ကျောက်ပန်းတောင်းမှာ တစ်ညတန်သည်၊ နှစ်ညတန်သည် အိပ်မယ်၊ ပြီးတော့မှ မကွေးကိုကူးမယ်။ သည်တုန်းက ဖေဖေစိတ်ကူးခဲ့ပုံတွေလေ။

## (နှစ်)

ကျောက်ပန်းတောင်းကို ရောက်တဲ့အခါ တည်းဖို့ခိုဖို့အတွက် ဖေဖေ့ခေါင်းထဲကို ရောက်လာတဲ့အိမ်က သမီးသိတဲ့ အန်တီဖြူဖြူခိုင်တို့အိမ်ပဲပေါ့။ ဖြူဖြူခိုင်ဆိုတာက မိတ္ထီလာကောလိပ်မှာတုန်းက ဖေဖေ့ရဲ့တပည့်အရင်းခေါက်ခေါက်လေ။ ပြီးတော့ သူ့အစ်ကို ခင်မောင်ချိုဆိုတာကလည်း ဖေဖေ့ရဲ့တပည့်ဖြစ်ခဲ့ဖူးသူ။ သည်တော့ တစ်အိမ်လုံးနဲ့ ရင်းနှီးနေတဲ့အတွက် ဖေဖေမှ ကျောက်ပန်းတောင်းကိုရောက်လို့ကတော့ ဖြူဖြူခိုင်တို့အိမ်ဟာ ဖေဖေ့ရဲ့စားအိမ်သောက်အိမ် တည်းခိုအိမ်ပါပဲ။ ဒါကြောင့်မို့ အဲသည့်ညကလည်း သူတို့အိမ်ကိုပဲဖေဖေကတန်းပြီးသွားခဲ့လိုက်တာပေါ့။ ဖေဖေရောက်သွားတော့ အောက်ထပ်မှာ မီးလင်းလို့၊ ဆီးချိုနဲ့ သွေးတိုးကြောင့် လေနည်းနည်းဖြတ်သွားခဲ့တဲ့ သူတို့အဖေက အိပ်ရာပေါ်မှာလှဲလို့။ ဆွေနီးမျိုးစပ်လို့ထင်ရတဲ့ ယောကျာ်းနှစ်ယောက်က နင်းသူနင်း နှိပ်သူနှိပ်လို့။ လေ

http://www.cherrythitsar.org



ငန်းသမားဆိုတော့ အကြောတွေဘာတွေ တက်ရှာတယ်ထင်ပါရဲ့။ ဒါနဲ့ ဖေဖေလည်း ကျောက်ပန်းတောင်းမှာ နှစ်ညသုံးညလောက်တော့ နေဦးမှလို့ ဆုံးဖြတ်မိခဲ့လိုက်ပါရောရော။ အဲသည်မှာတင်ပဲ သမီးကိုပြောပြချင်တဲ့အဖြစ်တစ်ခုနဲ့ကလည်း တည့်တည့်ကြီးကိုတိုးခဲ့မိလိုက်ပါလေရော။

## (သုံး)

သမီးရေ ...

အဲသည်မှာ ဖြူဖြူခိုင်တို့ရဲ့အဖေကို ညနေတိုင်းညနေတိုင်း လာလာကြည့်ပေးနေတဲ့ ဆရာဝန်ကလေးတစ်ယောက်ရှိတယ် သမီးရဲ့။ သူက ရောက်လာပြီဆိုတာနဲ့ သွေးပေါင် စ, ချိန်တာပါပဲ။ ပြီးရင် လိုအပ်သလိုဆေးထိုးမယ်လေ။ နောက်တော့ စားဆေးတွေဘာတွေ ပေးတန်ရင်လည်းပေး၊ ညွှန်းတန်ရင်လည်း ညွှန်းပေါ့။ အားလုံးပြီးပြီဆိုရင်တော့ သူ့ဆိုင်ကယ်ကလေးနဲ့သူ ဆေးခန်းရှိရာကို ပြန်သွားစမြဲပါပဲ။ အင်မတန်မှကိုဖော်ရွေပြီး ခင်မင်စရာ နှစ်လိုစရာကောင်းတဲ့ ဆရာဝန်ကလေးပါ။ သည်တုန်းက ဖေဖေ ကျောက်ပန်းတောင်းမှာနေခဲ့တဲ့နှစ်ရက်မှာ သူလူနာကိုလာကြည့်တဲ့ နာရီပိုင်းကလေးလောက်သာ သူနဲ့မျက်နှာချင်းဆိုင်ခဲ့ရတာဖြစ်ပေမယ့် နှစ်ယောက်သား လက်ဖက်ရည်ဆိုင်တွေဘာတွေ ထွက်ထိုင်ဖြစ်ကြတဲ့အထိ ရင်းနှီးခင်မင်သွားကြတာကိုသာ ကြည့်ပေတော့ သမီးရေ။

ဖေဖေရှိနေတဲ့ တစ်ညနေမှာ ဆရာဝန်ကလေးရောက်လာတော့ အခန်းထဲမှာက လူတွေက ကိုးယောက်၊ ဆယ်ယောက်

http://www.cherrythitsar.org



လောက်တောင် ရှိမလားမသိပါဘူး သမီးရယ်။ ပတ်ဝန်းကျင်အနီးအနားအိမ်တွေက လူတွေရော၊ ရွာနီးချုပ်စပ်က နှမ်းတို့၊ မန်ကျည်းတို့၊ ထန်းလျက်တို့နဲ့ပတ်သက်တဲ့ လူတွေရော လူနာကို သတင်းလာမေးကြတာလေ။

ဆရာဝန်ကလေးက ရောက်တာနဲ့ သူ့အလုပ်ကိုသူ သပ်သပ်ရပ်ရပ်လုပ်သွားတာပါပဲ။ ဆေးအိတ်ချ၊ သွေးပေါင်ချိန်၊ နားကျပ်နဲ့ထောက်၊ ဆေးထိုး၊ ဆေးပေး။ လုပ်မြဲအတိုင်းပါပဲ သမီးရယ်။ ဒါပေမယ့် ရွှေနဲ့ယိုးမှားပန်းစကားတို့ ပွင့်လန်းရာ ပုပ္ပားတောင်ကြီးတဝိုက်က လူတချို့က ခက်နေကြတာပါပဲ။

ဆရာဝန်က သူ့ဆေးအိတ်ကို ဆွဲပိတ်လိုက်ပြီး ပြန်တော့ မလို့ဆဲဆဲ အိမ်ကချတိုက်ထားတဲ့ အအေးတစ်ခွက်ကို မော့ချနေခဲ့တုန်းမှာပဲ သတင်းလာမေးတဲ့အထဲက မိန်းမကြီးတစ်ယောက်က စတာပါပဲ။

**"ကဲ ...အတော်ပဲ ...အဒေါ်ကို သွေးပေါင်ချိန်ပေးစမ်းပါ ဆရာရယ်၊ ခေါင်းထဲက နှောက်တောက်တောက်ကြီးဖြစ်နေလို့"**

ဆရာဝန်ကလေးက တစ်ချက်လှမ်းကြည့်တယ် သမီးရဲ့။ ပြီးတော့ သူ့အိတ်ကြီးကို ဆွဲဖွင့်ရှာပါတယ်။ ပြီးတော့ နားကျပ်ကိုထုတ်၊ ဘေးချ၊ ဆေးဘူးတွေကိုထုတ်၊ ဘေးချ၊ ပေါင်ချိန်တဲ့ကိရိယာလေးကိုထုတ်၊ အဒေါ်ကြီးရဲ့လက်မောင်းမှာ ကပ်သွေးပေါင်တိုင်းပေးရှာပါတယ်။ သွေးမတိုးပါဘူး ဒေါ်ဒေါ်တဲ့။ ဒါနဲ့ ဆရာဝန်လေးက သူ့ဆေးပစ္စည်းတွေကို အိတ်ထဲကိုပြန်ထည့်ပြန်ပါတယ်။ ဇစ်ကိုဆွဲပိတ်လို့လုပ်နေတုန်းမှာမှ တစ်ယောက်က ထလာပြန်တာပါ။ သည်တစ်ခါတော့ အမျိုးသား

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

http://www.cherrythitsar.org



ကြီးတစ်ယောက်ပါ သမီးရယ်။ သောက်လက်စ ဆေးပေါ့လိပ် ကို စားပွဲပေါ်လှမ်းတင်လို့။

**"ကျုပ်ကိုလည်း လုပ်ကြည့်စမ်းပါဦး ဆရာရယ်"**တဲ့။

အံ့သြစရာကောင်းတဲ့ ဆရာဝန်လေးပါပဲ။ ဘာတစ်ခွန်းမှ မပြောဘဲနဲ့ကို ပစ္စည်းတွေပြန်ထုတ်လို့ သွေးပေါင်တိုင်းပေး ရှာပါတယ်။ သက်ပြင်းကလေးတစ်ချက်ကို ခိုးချလိုက်တာက လွဲလို့ပေါ့လေ။ အင်းလေ ...ဖေဖေရယ်၊ အဲသည့်အိမ်က ကို ခင်မောင်ချိုရယ် တစ်ယောက်မျက်နှာကိုတစ်ယောက် အဓိပ္ပာယ် ပါပါနဲ့ လှမ်းကြည့်လိုက်မိကြတာဟာလည်း အမှန်ပါပဲ သမီး ရယ်။

## (လေး)

သမီးရေ ...

မနှစ်ကလိုပဲ နွေဦးတစ်ည လရောင်အောက်မှာ ဖေဖေ တစ်ယောက် မိတ္ထီလာကနေ မကွေးကိုအသွား ကျောက်ပန်း တောင်းမြို့ကလေးကို ဖြတ်သွားရတော့ မနှစ်ကတွေ့ခဲ့ရတဲ့အ ဖြစ်အပျက်ကလေးကို သွားပြီးသတိရမိလိုက်တာ အမှန်ပါပဲ။ စကားဝါပန်းတွေပွင့်ရာမြေက သွေးတိုးကြောက်တဲ့လူတွေအ ကြောင်းလေ။ သွေးတိုးမှာကိုကြောက်တယ်ဆိုရင်လည်း ဆရာ့ ဆေးခန်းကလေးကို တလေးတစားသွားလို့ ဆွေးနွေးပါ၊ တိုင် ပင်ပါ၊ အစမ်းသပ်ခံပါတော့လား သမီးရယ်။ အခုတော့ သည် လိုလည်းမဟုတ်ဘူး။ တခြားလူနာရှင်က ပင့်လို့လာပြီးကုသပေး

http://www.cherrythitsar.org



နေတဲ့အချိန်မှာမှ လမ်းကြုံလို့အဆစ်တောင်းသလိုမျိုးကြီးနဲ့။ ဆရာဝန်လေးခမျာ ဘယ်လောက်အားနာဖို့ကောင်းရှာလေမလဲ။ ငြင်းဖို့ပြုဖို့ကျတော့လည်း တစ်ခက်။

သမီး မှတ်မိဦးမလားမသိဘူးနော်။ ဟိုတစ်ခါ မြို့တစ်မြို့ မှာတုန်းက ဖေဖေတို့ကြုံခဲ့ရတာလေ။ အိမ်တစ်အိမ်က သူ့သ မီးလေးကျောင်းပို့ ကျောင်းကြိုဖို့ဆိုပြီး ဆိုက်ကားတစ်စီးကို လပေးနဲ့ငှားထားခဲ့တာလေ။ ဆိုကြပါစို့၊ တစ်လကို ထောင့် ငါးရာလို့။ ကျောင်းဖွင့်ရက်တွေမှာ မနက်ရှစ်နာရီခွဲလိုက်ပို့။ ညနေ လေးနာရီ သွားပြန်ကြို။ ကျောင်းပိတ်ရင်တော့ ပို့စရာ ကြိုစရာ မလိုဘူးဆိုပါတော့။

ဒါပေမယ့် သမီးရယ်၊ ခက်လာတာက တချို့ကျောင်းပိတ် ရက်တွေမှာ အဲသည့်အိမ်ကအိမ်သားတွေ ဈေးသွားဘာသွား လုပ်ကြလို့ ခုနဆိုက်ကားကိုစီးကြတဲ့အခါ ဆိုက်ကားခပေးရ တာကို အသံမြည်လာကြတယ်လေ။ တကယ်ကတော့ ဘာမှ အသံမြည်စရာ မလိုဘူးလို့ ဖေဖေတော့ထင်မိတာပါပဲ။ သူတို့ ဆိုက်ကားကို လပေးငှားထားတာက ကလေးကျောင်းကိစ္စအ တွက်ပဲလေ။ သူတို့အိမ်သားအားလုံးစီးဖို့မှ မဟုတ်တဲ့ဟာ။ ဒါဟာ အဆစ်တောင်းစရာကိစ္စလား သမီးရယ်။ ဖြူဖြူခိုင်တို့၊ ခင်မောင်ချိုတို့က ဆရာ့ကိုပင့်ထားတယ်ဆိုတာကလည်း သူတို့ ဖခင်ကြီးရဲ့ ကျန်းမာရေးအတွက် ပင့်ခေါ်ထားတဲ့ကိစ္စပဲ။ တ ခြား လာသတင်းမေးတဲ့လူတွေက သွေးတိုးရှိမရှိ၊ ကြုံလို့စမ်း သပ်ခိုင်းတဲ့ကိစ္စကတော့ မသင့်လှဘူးလို့ ဖေဖေတော့ ခံစားမိ တာပါပဲ သမီးရယ်။

http://www.cherrythitsar.org



သြော် ...ကျောက်ပန်းတောင်း၊ ကျောက်ပန်းတောင်း။ စကားဝါပန်းတွေပွင့်ရာမြေက ကျောက်ပန်းတောင်း။ သည်ကျောက်ပန်းတောင်းမှာ မနှစ်က တွေ့ခဲ့ရတဲ့ သွေးတိုးကြောက်သူတွေအကြောင်းကို အတွေးစားမြုံ့ပြန်ကာ ဖေဖေတစ်ယောက်တည်း ပြုံးလိုက်ချိန်မှာတော့ ကားက ငွေးချိုကိုတောင် ဖြတ်သွားနေခဲ့ပြန်ပါပကော သမီးရယ်။

**(၂၀၀၀ ပြည့်နှစ်၊ မေပြီ၊ ချယ်ရီမဂ္ဂဇင်း)**

http://www.cherrythitsar.org

# အစောဆုံးကားဖြင့် နောက်ကျခဲ့

## (တစ်)

သမီးရေ…

ဘာလိုလိုနဲ့ ကံ့ကော်တွေတောင်မှ ပွင့်ကြပြန်ပါပြီကော လား သမီးရယ်။ ဖေဖေရယ် သမီးရယ် မနက်တိုင်းလိုလမ်း လျှောက်ကြ ပြေးကြတဲ့အခါ မရောက်မဖြစ်ရောက်ရောက်သွား လေ့ရှိတဲ့ ကံ့ကော်ပင်ပေါက်စကလေးတွေမှာဆို ကံ့ကော်ပွင့် တွေမှ ဝေနေတော့တာပါပဲ။ ထုံးစံအတိုင်းပါပဲလေ။ သည်လို ကံ့ကော်တွေပွင့်လို့ ကျောင်းပိတ်တဲ့ နွေရက်တွေကိုရောက် ပြီဆိုမှဖြင့် သမီးတို့တစ်တွေလည်း ရန်ကုန်ကိုသွားကြစမြဲပါပဲ။

ဟိုး အညာက ကောလိပ်ကျောင်းကလေးမှာ ဖေဖေအ လုပ်လုပ်နေတုန်းကဆို သမီးတို့တစ်တွေ မီးရထားကြီးကိုစီး လို့၊ တစ်ခါ မြေလတ်ဒေသက ကောလိပ်ကျောင်းကလေးကို ရောက်လာပြန်တော့လည်း မော်တော်ကားကြီးကိုစီးလို့ နွေ

http://www.cherrythitsar.org



ကျောင်းပိတ်ရက်ရှည်တွေ ပိတ်လေတိုင်း ရန်ကုန်မှာသမီးတို့ သွားနေကြစမြဲပါလေ။ သည်တော့ အခုနွေမှာလည်း သည်လို ပဲပေါ့။ ကံ့ကော်ပွင့်တဲ့ရက်တွေထဲမှာ သမီးတို့ ရန်ကုန်ကိုသွား ကြပြီဆိုတော့ ကောလိပ်ကျောင်းက အခန်းကလေးထဲမှာ ဖေဖေ တစ်ယောက်တည်းပေါ့။

တကယ့်တကယ်တမ်းကတော့ သမီးရယ်၊ သမီးတို့တစ် တွေ အိမ်မှာရှိနေတုန်းကလည်း ဝယ်တယ်၊ ချက်တယ်ဆိုတာကို အနုပညာတစ်မျိုးလို့ ယူဆထားခဲ့ဖေဖေက မနက်တိုင်း မနက် တိုင်း ဈေးဝယ်ထွက်ဖြစ်ခဲ့တာပါပဲ။ ပြီးတော့ ချက်တဲ့ပြုတ်တဲ့ အထဲမှာလည်း ဖေဖေပါခဲ့တာပါပဲ။ ဒါပေမယ့် သမီးတို့တစ် တွေ ခရီးတွေဘာတွေသွားလို့ ဖေဖေတစ်ယောက်တည်း ကျန် ရစ်ခဲ့ရတဲ့အခါ မျိုးမှာတော့ တစ်ခါတစ်ခါ ဖေဖေ ဈေးမသွား ချင်မိဘူး။ ပြီးတော့ ချက်တယ် ပြုတ်တယ်လည်း မလုပ်ချင် တတ်ဘူး။ သည်တော့ တစ်ခါတစ်ခါ ထမင်းဆိုင်မှာ ဝယ်စား ပေါ့။ အခုနွေမှာလည်း သည်အတိုင်းပါပဲ သမီးရယ်။ စိတ်ပါရင် ချက်စားလိုက်၊ စိတ်မပါရင် ဆိုင်သွားလိုက်နဲ့ပါပဲ။

## (နှစ်)

သမီးရေ ...

သမီးသိတဲ့အတိုင်းပါပဲနော်။ ဖေဖေက ထမင်းဆိုင်ဆိုရင် တော်တော်ကလေးကို စိတ်တိုင်းကျတဲ့ဆိုင်မှာမှ စားလို့မျိုကျ တတ်ခဲ့တာကိုလေ။ စိတ်တိုင်းကျတဲ့ဆိုင်ကို မတွေ့ဘူးဆိုရင် ဖြင့် ဖွတ်မိုတ်ပြီးစားမလား၊ အငတ်ခံမလားလို့ဆိုခဲ့ရင် ဖေဖေက

http://www.cherrythitsar.org



အငတ်ခံဖို့ကိုပဲ ရွေးချယ်မယ့်လူလေ။ ဒါကြောင့်လည်း ဖေဖေ ခရီးသွားတဲ့အခါ ကိတ်ခြောက်ကလေးတစ်ထုပ်နဲ့ ရေသန့်ဘူး ကလေးတစ်လုံးလောက်နဲ့ဆိုရင်လည်း ထမင်းနှစ်နပ်လောက်ကို တော့ မစားဘဲနဲ့ ကျော်လွှားသွားဖို့ရာကိုလည်း ဝန်မလေးခဲ့တာ ပေါ့။

အခု ဖေဖေတို့ရောက်နေရတဲ့မြို့ကလေးမှာက ဖေဖေစိတ် တိုင်းကျတဲ့ ထမင်းဆိုင်ကလေးတစ်ဆိုင်ရှိတယ် သမီးရဲ့။ တော် တော့်ကို သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းနဲ့ ဆိုင်ကလေးပါ သမီးရယ်။ ဘဏ်တို့၊ တရားရုံးတို့၊ မြေစာရင်းရုံးတို့နဲ့ကလည်း နီးတယ်ဆိုတော့ အရာရှိ အရာခံတွေ၊ ဝန်ထမ်းတွေ၊ ရုံးပြင် ကနားကိစ္စနဲ့လာတဲ့သူတွေနဲ့ လူမပြတ်တဲ့ဆိုင်ကလေးလေ။ သမီးတို့တစ်တွေ ရန်ကုန်တွေဘာတွေ သွားနေကြလို့ အပြင် မှာမှထမင်းစားတော့မယ်ဆိုရင်ဖြင့် ဖေဖေက အဲသည့်ဆိုင်က လေးကို ရွေးနေကျပါပဲ သမီးရယ်။

သမီးရေ။ အဲသည်နေ့ရက်တွေထဲမှာတုန်းက တစ်နေ့ဖေဖေ ခုနက ထမင်းဆိုင်ကလေးကို ရောက်သွားတော့ လူတော်တော် ရှင်းတယ် သမီးရဲ့။ ဖေဖေရယ်၊ တခြားလူတစ်ယောက်စ၊ နှစ် ယောက်စရယ် ဒါပါပဲ။ ဖေဖေက စိတ်အေးလက်အေးနဲ့ ထ မင်းစားနေခဲ့တုန်း ခဏကြာတော့ လူတစ်ယောက် ဆိုင်ထဲကိုဝင် လာတာကို သတိထားမိလိုက်တယ်။ သူက ဆိုင်ကတစ်ယောက် ကို အမဲသားရှိလားလို့ မေးလိုက်တာကိုရော၊ ဆိုင်ရှင်အဒေါ် ကြီးက အမဲသားမရောင်းဘူးသားရယ်လို့ ပြောလိုက်တာကိုရော

http://www.cherrythitsar.org



ဖေဖေ ကောင်းကောင်းကြီးကြားနေမိခဲ့ပါရဲ့။ ဒါဟာ ဘာများ ထူးဆန်းတဲ့ကိစ္စလဲ သမီးရယ်။ အမဲသား မရောင်းတဲ့ဆိုင်က မရောင်းဘူးလို့ပြောတာဟာ ဘာမှထူးဆန်းတဲ့ကိစ္စမဟုတ်ပါဘူး။ ဒါပေမယ့်လည်း ထမင်းဆိုင်ကအဒေါ်ကြီးက အမဲသားမရောင်းဘူးမှာတင် မရပ်ဘဲ ရှေ့ကိုဆက်လိုက်တဲ့အခါ ဖေဖေ အံ့သြပြီး ငေးနေမိခဲ့တာ အမှန်ပါပဲ။

အဒေါ်ကြီးက ဟင်းလာဝယ်တဲ့လူကို အမဲသားစားချင်လို့လားတဲ့။ ဟိုလူကလည်း ဟုတ်ကဲ့တဲ့။ ဒါနဲ့ အဒေါ်ကြီး ဟင်းဝယ်တဲ့လူနဲ့အတူ ဆိုင်အပြင်ကိုထွက်လိုက်ပြီး ဟိုးခပ်လှမ်းလှမ်းက လွတ်လပ်ရေးကျောက်တိုင်ဘက်ကို လက်ညှိုးညွှန်ထားလိုက်ခဲ့ကာ စိတ်ရှည်လက်ရှည်ကို လမ်းညွှန်နေခဲ့တော့တာပါပဲ။ ဟိုးမှာတွေ့လား၊ အလှပြင်ဆိုင်ကလေး၊ အဲသည့်ဆိုင်ရှေ့က ထမင်းဆိုင်ကလေးမှာ အမဲသားဟင်းရောင်းတယ်သားရဲ့၊ ဟင်းချက်လည်း ကောင်းပါတယ်တဲ့။

ဖေဖေ့စိတ်ထဲမှာ တကယ့်ကိုအံ့သြသွားမိတာ အမှန်ပါပဲ သမီးရယ်။ အမဲသားဟင်းရှိလားဆိုတာကို မရှိဘူးလို့ဆိုလိုက်ရင်လည်း ပြီးတာပဲမဟုတ်လား။ သည်ဆိုင်မှာရှိတဲ့အထဲက ကြိုက်တဲ့ဟင်းကို ရောင်းရုံပဲပေါ့။ ကြက်သားလား၊ ဝက်သားလား၊ ဆိတ်ကလီဇာလား၊ ငါးကြင်းကြော်နှပ်လား၊ ငါးဘတ်မွှေလား၊ ငါးမြင်းဆီပြန်လား၊ ရှိတဲ့ဟင်းထဲက သူကြိုက်တာကိုရောင်းလိုက်ရုံပဲလေ။ ခုတော့ သည်လိုမဟုတ်ခဲ့ဘူး သမီးရယ်။ အမဲသားဟင်းကိုမှ လိုချင်တဲ့သူကို အမဲသားဆီရောက်အောင်ပို့

http://www.cherrythitsar.org



လိုက်တာပါပဲ။ စိတ်ကို ကြီးမြတ်အောင်တည်ဆောက်ထားသူတို့ရဲ့ နိမိတ်လက္ခဏာလေ။

## (သုံး)

သမီးရေ ...

စိတ်ကို သည်လိုကြီးမြတ်အောင်မွေးမြူထားတဲ့လူတွေကို မကြာမကြာဆိုသလို ဖေဖေတွေ့ခဲ့ဖူးတယ်။ ဟိုးတစ်ခါတုန်းက ဆူးလေဘုရားလမ်းမကြီးနဲ့ အနော်ရထာလမ်းတို့ဆုံရာတစ်နေရာက စာအုပ်နဲ့ စာရေးကိရိယာဆိုင်ကလေးတစ်ဆိုင်မှာ ဖေဖေဘောပင် Refill ဝင်ဝယ်ခဲ့ဖူးတယ်။ ဖေဖေ့မှာက Parker ဘောပင်အစစ်ကလေးတစ်ချောင်း ရှိတယ်သမီးရဲ့။ ဟိုး ၁၉၈၀ လွန်စနှစ်တွေထဲတုန်းက ဖေဖေ့သူငယ်ချင်းတစ်ယောက်က ဂုဏ်ရုံအောက်က ဆိုင်ကလေးကနေဝယ်ပြီး လက်ဆောင်ပေးထားခဲ့တာလေ။ လွန်ခဲ့တဲ့အနှစ် ၂၀ က ဘောပင်ကလေးပေါ့။ ဖေဖေက အဲသည့်ဘောပင်ကလေးထဲကို အမြဲတမ်း Parker Refill အစစ်ပဲထည့်တယ်။ တရုတ်တို့၊ အိန္ဒိယတို့ကလာတဲ့ Refill ကို ဘယ်တော့မှ မထည့်ခဲ့ဘူး။

အဲသည့်နေ့ကလည်း ဖေဖေက Parker Refill အစစ်ကိုပဲ မေးခဲ့တာပါ။ ဆိုင်ရှင်က မရှိဘူးတဲ့။ ဒါပေမယ့် သူက သူ့စကားကို ဆက်ခဲ့ပါသေးတယ် သမီးရယ်။ Parker အစစ်ကိုမှ လိုချင်တာလားတဲ့။ ဒါဆိုရင် ခင်ဗျားကုန်ဈေးတန်းလမ်း အထက်ကိုသွားတဲ့။ အဲသည်မှာ ဖိုးပြုံးချိုဆိုတဲ့ စာရေးကိရိယာဆိုင်မှာရှိတယ်တဲ့။ ဟုတ်ပါတယ် သမီးရယ်။ သူပြောတဲ့ဖိုးပြုံးချို

http://www.cherrythitsar.org



ဆိုတဲ့ဆိုင်ကပဲ Parker Refill အစစ်ကလေးကို ဖေဖေရခဲ့တာပါပဲ။ ဖေဖေလေ ကိုယ်လိုချင်တဲ့ Refill လေးကိုရလို့ ဝမ်းသာတာထက် ဖေဖေ့ကို လမ်းညွှန်လိုက်တဲ့ ဆူးလေးဘုရားလမ်းပေါ်က စာအုပ်ဆိုင်ပိုင်ရှင်ကို ခဏခဏသတိရနေမိတယ်။

မှတ်မိနေသေးတယ် သမီးရယ်။ ဟိုးတစ်ခါတုန်းက ဆင်မလိုက်အဝေးပြေးဝင်းထဲမှာ ဟသ်ာတကို ပထမဦးဆုံးသွားမယ့် ခရီးအတွက် ဖေဖေကားလက်မှတ်သွားဝယ်ခဲ့တာလေ။ ဖေဖေက တွေ့တွေ့ချင်း လက်မှတ်အရောင်းသမားကိုပဲ အစောဆုံးကားရှိပါသလားပေါ့။ မနက် ၄ နာရီ၊ ၅ နာရီ။ ၆ နာရီ တစ်ခုခုပေါ့သမီးရယ်။ ဖေဖေက အစောဆုံးကားနဲ့ ဟသ်ာတကိုအစောဆုံးရောက်သွားဖို့ လိုအပ်နေခဲ့တာလေ။ လက်မှတ်ရောင်းတဲ့လူက အစောဆုံးကားက ၉ နာရီတဲ့။ ဒါနဲ့ ဖေဖေလည်း ၉ နာရီ လက်မှတ်တစ်စောင်ကို ဖြတ်ခဲ့ပြီး နောက်နေ့မှာလည်း ၉ နာရီကားနဲ့ပဲ ဟသ်ာတကိုသွားခဲ့ရတာပါပဲ။ ဟသ်ာတကိုရောက်တော့ ညနေစောင်းပြီ။

တကယ်တော့ သမီးရယ်။ အဲသည်တုန်းက မနက် ၅ နာရီမှာထွက်တဲ့ကားက အစရှိနေခဲ့တာကို နောက်မှဖေဖေသိခဲ့ရတာမဟုတ်လား။ ဖေဖေသွားမေးတဲ့ဂိတ်ကလူက ဖေဖေတခြားဂိတ်ကို ရောက်မသွားရလေအောင် ၉ နာရီထွက်မယ့်သူတို့ကားကို အစောဆုံးထွက်မယ့်ကားအဖြစ်ပြောပြီး ဖေဖေ့ကို လက်မှတ်ရောင်းခဲ့တာပါပဲ။ အင်း၊ အစောဆုံးကားကိုစီးလို့ ဖေဖေနောက်ကျခဲ့ရတာလေ။

http://www.cherrythitsar.org



## (လေး)

သမီးရေ...

ဖေဖေ့ဆီက ကားခ ၃၅၀ လွတ်မသွားရလေအောင် အစောဆုံးကားဟာ ၅ နာရီပါလို့ပြောဖို့အတွက် နှုတ်ဆွံ့နေခဲ့ဖူးတဲ့ သူ့ကိုတွေ့လေတိုင်း ဖေဖေပြုံးနေမိခဲ့တာ အမှန်ပါပဲသမီးရယ်။ သူကလည်း ဖေဖေ့ကိုမှတ်မိနေပုံနဲ့ တွေ့တိုင်းမလုံမလဲပါပဲ။

အမဲသားမရောင်းတဲ့ ထမင်းဆိုင်က အဒေါ်ကြီးတစ်ယောက်က အမဲသားဟင်းရှိရာဆိုင်ကလေးဆီကို လက်ညှိုးထိုးပြနေတာမျိုး၊ Parker Refill အစစ်မရှိတဲ့ဆိုင်က လူတစ်ယောက်က Refill အစစ်ရောင်းတဲ့ဆိုင်ကို လမ်းညွှန်နေတာမျိုးတွေနဲ့လှပတဲ့ ကမ္ဘာကြီးရှိသလို ဖေဖေကတော့ အစောဆုံးလို့ ပြောတဲ့ကားကို စီးလို့ ဟသ်ာတကို နောက်ကျရောက်သော လူတစ်ယောက်အဖြစ် အရုပ်ဆိုးခဲ့ဖူးပါသော်ကော သမီးရယ်။

(၂၀၀၀ ပြည့်နှစ်၊ မေ၊ ချယ်ရီမဂ္ဂဇင်း)

http://www.cherrythitsar.org

# အိပ်မက်များ အနားမလာရ

## (တစ်)

သမီးရေ…

ဟိုးတစ်နေ့တုန်းက ဖေဖေမကြာခဏဆိုသလို သွားသွားထိုင်တတ်တဲ့ လက်ဖက်ရည်ဆိုင်ကလေး လေးငါးခြောက်ဆိုင်ထဲက Boss ဆိုတဲ့ လက်ဖက်ရည်ဆိုင်ကလေးရှိရာကိုဖေဖေရောက်သွားဖြစ်ခဲ့လိုက်သေးတယ်။ Boss တဲ့။ မြန်မာလိုပြန်ရင်တော့ အကြီးအကဲပေါ့နော်။

Boss လို့ဆိုလိုက်ကာမှ သည်မြို့ကလေးမှာရှိတဲ့ လက်ဖက်ရည်ဆိုင်ကလေး တော်တော်များများရဲ့ အမည်တွေက ဖေဖေ့ခေါင်းထဲကို ရောက်လာပြီး ဖေဖေဖြင့် ပြုံးတောင်မှ ခပ်ပြုံးချင်ချင်ရယ်ပါ သမီးရယ်။ ဟုတ်တယ်။ သည်မြို့ကလေးက လက်ဖက်ရည်ဆိုင်တွေ နာမည်ပေးပုံ ဆန်းလှတယ်။

http://www.cherrythitsar.org



ဟိုးစာတိုက်ရှေ့က ဆိုင်ကလေးတစ်ဆိုင်ရဲ့ နာမည်က Hello တဲ့။ ပညာရေးမှူးရုံနားက ဆိုင်ကလေးရဲ့ နာမည်ကကျတော့ Selection တဲ့။ နောက်တစ်ခါ လျှပ်စစ်ရုံးရှေ့ကဆိုင်ကလေးကလည်း The First တဲ့။ ပြီးရင် မီးသတ်ဌာနဘေးက ဆိုင်ကလေးကျပြန်တော့လည်း Country Boy တဲ့။

အင်းလေ။ ဧရာဝတီမြစ်ကြီးရဲ့ အနောက်ဘက်ကမ်းပါးပေါ်က မြန်မာဆန်လှပါသည်ဆိုတဲ့ သည်လိုမြို့ကလေးတစ်မြို့မှာ လက်ဖက်ရည်ဆိုင်နာမည်တွေကို ဘယ်လိုကြောင့်များ သည်လိုမှည့်ခေါ်ထားခဲ့ကြပါလိမ့် ဆိုတာကတော့ စဉ်းတော့လည်း စဉ်းစားကြည့်ချင်စရာပေါ့ သမီးရယ်။

ထားပါလေ။ အခုနက သမီးကို ဖေဖေပြောထားခဲ့တဲ့အတိုင်းပါပဲ။ အဲသည်လို ဆိုင်ကလေးတွေ ဆိုင်ကလေးတွေထဲကမှ Boss ဆိုတဲ့ဆိုင်ကလေးရှိရာကို ဟိုးတစ်နေ့က ဖေဖေရောက်သွားဖြစ်ခဲ့ပါတယ်။ ပြီးတော့ လက်ဖက်ရည်တစ်ခွက်ကိုလည်း ကျကျနနထိုင်သောက်နေခဲ့ဖြစ်ကာ လက်ဖက်ရည်သောက်နေတုန်းမှာပဲ မိတ်ဆွေတစ်ယောက်နဲ့ ဖေဖေဆုံဖြစ်ခဲ့ပါတယ်။ ဟုတ်တယ်။ အဲသည်နေ့က ဖေဖေ့မိတ်ဆွေအကြောင်းကိုပဲ ဖေဖေက သမီးကို ပြောပြချင်နေမိခဲ့တာပါပဲ သမီးရယ်။

## (နှစ်)

တကယ်တမ်းတော့ သမီးရယ်၊ အဲသည့်နေ့က Boss မှာဆုံခဲ့ကြရတဲ့ ဖေဖေ့မိတ်ဆွေဆိုတာဟာ ဖေဖေနဲ့ တော်တော်ကို အထိအတွေ့ အဆက်အစပ် ကျဲပါးလွန်းလှတဲ့ မိတ်ဆွေပါ။

http://www.cherrythitsar.org



ဖေဖေ့စိတ်ထင် တစ်လနေလို့မှ တစ်ခါနှစ်ခါ သည့်ထက်ပိုပြီး ဖေဖေတို့ မဆုံဖြစ်တတ်ကြပါဘူး။ အဲသည့်နေ့ကလည်း လက်ဖက်ရည်ဆိုင်အတွင်းဘက်မှာ လူတွေနဲ့ ကျပ်ခဲနေတဲ့အတွက် လမ်းဘေးပလက်ဖောင်းပေါ်မှာ ချခင်းထားတဲ့ ခုံပုကလေးတစ်ခုမှာ ဖေဖေထိုင်နေဖြစ်ခဲ့တုန်း သူကလည်း လမ်းပေါ်မှာစက်ဘီးတစ်စီးနဲ့ ဖြတ်အသွား ဖေဖေကလှမ်းမြင်ပြီး အခေါ်လိုက်လို့ နှစ်ယောက် ဆုံဖြစ်ခဲ့ကြတာပါ။ မရှိန်းထားတဲ့ လက်ဖက်ရည်ဝိုင်းကလေးလို့ပဲ ဆိုကြပါစို့သမီးရယ်။

## (သုံး)

သမီးရေ ...

အဲသည့်နေ့က ဖေဖေက လှမ်းခေါ်လိုက်တော့ သူက သူ့စက်ဘီးအိုကလေးကို အသာချိုးကွေ့ပြီး ဖေဖေရှိရာကိုပြန်လည့်လာပါတယ်။ သမီးသိတဲ့အတိုင်း ဖေဖေထိုင်နေတဲ့ စားပွဲခုံက ပလက်ဖောင်းပေါ်က ဖေဖေ့ရှေ့မှာကလည်း စားပွဲပြီးရင် ကားလမ်းမဆိုတော့ သူက သူ့စက်ဘီးကို ဖေဖေ့စားပွဲနားအထိစီးလာပြီး ပလက်ဖောင်းကိုခပ်စောင်းစောင်း ဦးတိုက်ရပ်ပြီးတော့မှ ဖေဖေ့ဆီကို ဆင်းလာမလို့လုပ်တာပါ။ ဒါပေမယ့် စက်ဘီးပေါ်က ဆင်းဆင်းချင်းမှာပဲ ဘေးဘီဝဲယာကို တစ်ချက်ဝေ့ကြည့်ပြီးတဲ့နောက် အတွေးတစ်ချက် လင်းပြက်သွားပုံ မျက်လုံးတွေနဲ့ သူ့စက်ဘီးကို ဒေါက်ပြန်ဖြုတ်၊ ပလက်ဖောင်းကို ၄၅ ဒီဂရီ စောင်းရပ်ထားကြတဲ့ ဆိုင်ကယ်လေးငါးစီးလွန်ရာဟိုး တစ်နေရာကို စက်ဘီးတွန်းသွားပြီးတော့မှ ပလက်ဖောင်း

http://www.cherrythitsar.org



ကို ဦးတိုက်ထောင်ထားရစ်ခဲ့ကာ ဖေဖေ့စားပွဲရှိရာကို ပြန်ရောက်လာတာပါ။ စက်ဘီးက ဒေါက်မကောင်းဘူးဗျာတဲ့။ သူက...။

ဒါနဲ့ သူလည်း ဖေဖေ့စားပွဲဝိုင်းမှာထိုင်ပြီးရော ဖေဖေက ဘာလဲ စက်ဘီးလဲမှာကြောက်လို့လား ဘာညာနဲ့ သူ့ကိုကျီစားမိ၊ သော့မိခဲ့ပါရဲ့။ သူကလည်း ဖေဖေ့လိုပဲ ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါးနဲ့ပါ သမီးရယ်။ ဒါပေမယ့် သူ့စကားရဲ့အနက် အဓိပ္ပာယ်တွေကကျတော့ လေးလေးနက်နက် ရှိလွန်းလှပါတယ်လေ။ ဟုတ်တယ်တဲ့။ စက်ဘီးလဲမှာ ကြောက်လို့တဲ့။ သူ့စက်ဘီးက လေးငါးဆယ်သိန်းတန်တာတဲ့။ သူများဆိုင်ကယ်တွေ ဘာတွေနဲ့ ထိမိခိုက်မိတာ သူမကြိုက်ဘူးတဲ့။ ပြီးတော့ တဟားဟားရယ်လို့မောလို့။

သူပြောတော့မှပဲ ဖေဖေလည်း ရှေ့တူရူကို ကြည့်မိခဲ့ပါရဲ့။ ဟုတ်တယ်သမီးရယ်။ အခုန သူ ပထမရပ်မယ့်နေရာရဲ့ ဘေးမှာ ဆိုင်ကယ်လေးငါးစီးတန်းစီလို့၊ အစွန်ဆုံးကဆိုင်ကယ်က Dream၊ ရှစ်သိန်းပတ်ဝန်းကျင်လောက် တန်မယ်လို့ ဖေဖေထင်ပါရဲ့။ ဟုတ်တာပေါ့။ သည်နေရာမှာ စက်ဘီး ဝင်ရပ်လိုက်လို့ ဒေါက်မကောင်းတဲ့ သူ့စက်ဘီးများလဲခဲ့ရင် အသစ်စက်စက် Dream ဆိုင်ကယ်လေးအပေါ်ကို လဲကျမယ်လေ။ ဒါဆိုရင် ထိမိခိုက်မိ ခြစ်မိရှမိတော့မှာပေါ့။ နောက်ကြည့်မှန်လေးဘာလေး ကွဲရင်ကွဲမယ်ပေါ့။ ငါ့စက်ဘီးက စက်ဘီးအိုလေးပဲ။ တရုတ်ဘီးကလေးပဲ။ လဲချင်လဲ ကွဲချင်ကွဲပေါ့။ ထိချင်ထိ ငြိချင်ငြိပေါ့။ ဘာနစ်နာစရာ အကြောင်းရှိသလဲ။ ရပ်ချင်တဲ့နေရာ ရပ်တော့ ဘာဖြစ်သလဲ။ အင်း ...အဲသလိုစိတ်နေ

http://www.cherrythitsar.org



စိတ်ထားမျိုးတွေ ဖေဖေ့မိတ်ဆွေမှာ ရှိတဲ့ပုံမရပါဘူး။ ဒါကြောင့်လည်း သူ့စက်ဘီး ပေပေတူးတူးကလေးကို ဆိုင်ကယ်တွေဘေးနားမှာ ယှဉ်ရပ်မလို့ လုပ်ပြီးကာမှ ဟိုခပ်လှမ်းလှမ်း လွတ်ရာကျွတ်ရာ ပလက်ဖောင်းဘေးမှာ သွားထောင်ရပ်ထားခဲ့တာပေါ့။

ဩော် ...အိပ်မက်နဲ့ လွတ်ရာ၊ Dream နဲ့လွတ်ရာ ဟိုခပ်လှမ်းလှမ်းတစ်နေရာက စက်ဘီးအိုကလေးကိုကြည့်မိရင်း ဖေဖေ့ရင်ထဲမှာ ချမ်းမြေ့လိုက်ဘိတော့သမီးရယ်။

## (လေး)

သမီးရေ ...

ဟိုး တစ်ခါတုန်းက လမ်းကျဉ်းကလေးတစ်ခုမှာ ကားနှစ်စီးဆုံကြတုန်းက တစ်ဖက်က သိန်းရာဂဏန်း တော်တော်များများတန်တဲ့ကားက ဘေးကိုတော်တော်များများ ချထားပေးပါလျက်နဲ့ တစ်ဖက် ကုန်တင်ဒိုင်နာမော်တော်ယာဉ်တစ်စီးက လမ်းကို လုံးဝချမပေးဘဲ လမ်းပြည့်မောင်းဝင်လာတဲ့အတွက် တိုက်မိ ပွတ်မိတော့မတတ် သည်းထိတ်ရင်ဖို အဖြစ် အပျက်ကို ဖေဖေ ကြုံခဲ့ရဖူးတယ်။ ဒီလူတွေ မတိုက်ရဲ့ပါဘူးကွာလို့ဆိုတဲ့ ဒိုင်နာကားဒရိုင်ဘာရဲ့ ညစ်ထေထေမျက်နှာကိုလည်း ဖေဖေ လှမ်းကြည့်လိုက်ခဲ့ဖူးတယ်။ ဒါဟာ Dream ဆိုင်ကယ်ဘေးမှာ စက်ဘီးအိုကလေး ဝင်ထောင့်တာမျိုး ထင်ပါရဲ့။ လဲကြ ထိကြတော့ ဘာအရေးလဲဆိုတဲ့ စိတ်ကူးမျိုး။

http://www.cherrythitsar.org



ဟိုးတစ်ခါတုန်းဆီကလည်း တက္ကသိုလ်ကျောင်းက ကောင်ကလေးနဲ့ ကောင်မကလေးတို့ အတူသွား အတူစား၊ အတူထိုင် အတူနား၊ နေမှုထိုင်မှုကလေးတွေ လက်ပွန်းတတီး ဖြစ်လွန်းကြတာကြောင့် လက်မတွဲဖြစ်ကြရင် မကောင်းဘူးနော် လို့ ကောင်ကလေးကို တစ်ယောက်က သတိပေးနေတာ ဖေဖေ ကြားခဲ့ဖူးတယ်။ လက်မတွဲဖြစ်တော့ ဘာဖြစ်လဲဗျာ၊ ကိုယ်က ယောကျ်ားလေးပဲဆိုတဲ့ ကောင်ကလေးရဲ့ စကားသံကိုလဲ နားနဲ့ဆက်ဆက် ဖေဖေကြားခဲ့ဖူးတယ်။ ကိုယ့်ဘက်က အထိ အခိုက် နည်းမယ်ဆိုရင် Dream ဘေးမှာ စက်ဘီးဝင်ထောင် မယ်ဆိုတဲ့ စိတ်ကူးမျိုး။

သမီးရေ ...

ဖေဖေရဲ့မိတ်ဆွေကတော့ အိပ်မက်နဲ့ဝေးရာမှာ သူ့စက် ဘီးအစုတ်ကလေးကို သွားထောင်ထားတဲ့သူပါ။ သူက သူ့ ကို ထိမလား ခိုက်မလားဆိုတာကိုသာမက သူများကိုထိမလား ခိုက်မလားဆိုတာကိုပါ ထည့်စဉ်းစားတတ်တဲ့သူပါ။ ဒါတင် မကပါဘူး သမီးရယ်။ ထိကြ ခိုက်ကြပြီဟေ့ဆိုရင်လဲ ဘယ် သူ့မှာ ပိုနစ်နာလေမလဲ၊ ပိုဆုံးရှုံးလေမလဲလို့ စဉ်းစားပြီး သူ့ ကိုယ်သူ နေရာချတတ်တဲ့သူပါ။

သမီးရယ် ...ဖေဖေတို့ သမီးတို့ ဘဝစက်ဘီးအိုကလေး တွေနဲ့ ခရီးသွားကြ နားကြတဲ့အခါ အိပ်မက်တွေနဲ့ဝေးရာမှာ ရပ်ထောင်ထားကြရအောင်လားကွယ်။

**(၂၀၀၁ ခုနှစ်၊ မတ်၊ ချယ်ရီမဂ္ဂဇင်း)**

http://www.cherrythitsar.org

# ဟင့်အင်းတတ်တဲ့ အကျင့်ကလေးများ

## (တစ်)

သမီးရေ…

ဖေဖေလေ ဟိုးတစ်နေ့က နေ့လယ်ခင်းတုန်းကတော့ ရှားရှားပါးပါး အချိန်ကလေး နည်းနည်းပါးပါးရပြီး တော်တော့်ကို အားအားယားယား ဖြစ်နေလိုက်သေးတယ် သမီးရဲ့။ သည်တော့လည်း ဘာလုပ်ရရင် ကောင်းမလဲဆိုတာကို ဖေဖေတွေးမရနိုင်ခဲ့ဘူး။ နေ့ခင်းနေ့လယ်ကြီးမှာ အိပ်ပစ်ဖို့ ဆိုတာကလည်း ဖေဖေ့မှာ အကျင့်ကမရှိ၊ စာရေးစာဖတ်လုပ်ဖို့ကလည်း ငြီးငြီးငွေ့ငွေ့ကြီးဖြစ်နေ။ ဒါနဲ့ နောက်ဆုံးတော့ ဖေဖေ့သေတ္တာကြီးကို ဖေဖေ ပြန်ရှင်းဖြစ်နေပြန်ပါရော သမီးရယ်။

သည်သေတ္တာကြီးက ဖေဖေသွားရာနောက်ကို တကောက်ကောက် လိုက်ပါနေတတ်တဲ့ သေတ္တာကြီးပါ။ အလုပ်တာဝန်တွေနဲ့ ဟိုမြို့ကိုရွှေ့သွားလိုက်ရ။ သည်မြို့ကိုရွှေ့သွားလိုက်ရနဲ့

http://www.cherrythitsar.org



သူ့အမှုကို ထမ်းရတဲ့ဘဝမှာ ဖေဖေတို့သွားလေရာကို အမြဲတမ်း လိုက်ပါနေရတဲ့ မိသားစုပိုင် သေတ္တာတွေ သေတ္တာတွေထဲကမှ ဖေဖေ့ကိုယ်ပိုင် သေတ္တာကြီးတစ်လုံးပါ။ ဟုတ်တယ်။ ဖေဖေက အချိန်ကလေး အားအားယားယားရှိရင် ဖေဖေ့သေတ္တာကြီးကို ပြန်ပြန်ရှင်းနေကျ။ အပြင်သွားရင် ဝတ်လေ့ရှိတဲ့ အဝတ်အစားတွေကို သပ်သပ် စီမယ်ထပ်မယ်။ အိမ်မှာနေရင်း ဝတ်လေ့ရှိတဲ့ အဝတ်အစားတွေကိုလည်း သပ်သပ် စီမယ် ထပ်မယ်။ ပရုပ်လုံးကလေးဘာလေး ထည့်တန်ရင် ထည့်မယ်။ အရေးကြီးတဲ့ စာရွက်စာတမ်းကလေးတွေကို ပြန်ဖတ်မယ် ပြန်စီမယ်။ ဒါတွေက ဖေဖေလုပ်နေကျအလုပ်တွေပါ။ ဒါကြောင့်မို့ အဲသည့်နေ့ကလည်း သေတ္တာကြီးကို ဖွင့်ပြီးတဲ့အခါ ဖေဖေလုပ်နေကျ အလုပ်တွေကိုပဲ လုပ်နေမိခဲ့တာပါပဲ။

သမီးရေ ...

အဲသည့်နေ့တုန်းကတော့ အချိန်ကလေး နည်းနည်းရတာနဲ့ ဖေဖေလည်းတော်တော့်ကို ရှာရှာဖွေဖွေတွေ ရှင်းနေလင်းနေမိခဲ့ဟန်တူပါရဲ့ သမီးရယ်။ ဖေဖေ မဝတ်တော့တာ ကြာပြီဖြစ်တဲ့ အနွေးထည်ကလေးထဲကနေ လက်ပတ်နာရီကလေးနှစ်လုံးက ထွက်ကျလာပါလေရော။ တစ်လုံးက CASIO လေးပေါ့။

## (နှစ်)

အဲသည့် CASIO လေးက ဖေဖေသိပ်ကြိုက်တဲ့ နာရီကလေးပါ သမီးရယ်။ နက်ရွှဲနေတဲ့ နာရီအိမ်ကလေးအထဲမှာ

http://www.cherrythitsar.org



ဒိုင်ခွက်က ဖြူပြီးနှစ်လို့။ ဂဏန်းတွေကို ရေးထားပုံကလည်း အင်္ဂလိပ်ဂဏန်း တစ်နှစ်သုံးလေးတွေကို ရိုးရိုးနဲ့ရှင်းရှင်းလင်း လင်းကြီးရေးထားလိုက်တာ ထင်းလို့။ သိန်းနှစ်ဆယ် အစိတ် ပေးရတဲ့ အဖိုးထိုက် အဖိုးတန်နာရီမဟုတ်သလို ဈေးတော်တော် သက်သက်သာသာနဲ့ ဝယ်ထားတဲ့နာရီတော့လည်း မဟုတ်ပါ ဘူး။ ငွေတစ်သောင်း မပြည့်တပြည့်နဲ့ ဝယ်ထားတဲ့ တကယ့် CASIO အစစ်ကလေးပါ။ ခုတော့ဖြင့် ရပ်လို့။ ဘယ်လိုမှ ပြင်မရတော့အောင် ရပ်လို့။

သည်နာရီကလေးကို မြင်တော့မှပဲ ဖေဖေကမြစ်ကြီးကွေး ထားတဲ့အနားမှာ တည်ထားတဲ့ မကွေးမြို့ကို သွားသတိရမိ ပြန်ပါရော သမီးရယ်။

## (သုံး)

ဟုတ်တယ် သမီးရေ ...

ဖေဖေ့နာရီကလေးကို ထာဝရ ရပ်တန့်သွားအောင်လို့ လုပ်ပစ်ခဲ့တာဟာ မကွေးမြို့ပါပဲ။ ဖေဖေ စွဲစွဲလမ်းလမ်းဝတ် ထားခဲ့တဲ့ သည်နာရီကလေးကို မကွေးမြို့ကအပြန်မှာ စ,ပြီး ချွတ်ခဲ့ဖြစ်ရာက သေတ္တာထဲမှာ အမြဲသိမ်းထားလိုက်ရတော့တာ ပါပဲ။

သည်တုန်းက မကွေးကို ဟောပြောပွဲကိစ္စတစ်ခုနဲ့ ဖေဖေ ရောက်သွားခဲ့တာလေ။ ဖေဖေရယ်၊ တက္ကသိုလ်ကျောင်းသား တပည့်တစ်ယောက်ရယ်။ တစ်နေ့မှာတော့ ဖေဖေနဲ့ ဖေဖေ့တ ပည့်တို့ မြသလွန်ဘုရားကို တက်ဖူးဖြစ်ကြတယ်။ မြသလွန်

http://www.cherrythitsar.org



ဘုရားပေါ်ကနေ ဧရာဝတီရဲ့ ရှုမျှော်ခင်းတွေကို တဝကြည့်ပြီး ပြန်လာကြတော့ တစ်နေရာအရောက်မှာ ဖေဖေက လက်ကနာရီကို ကြည့်မိတယ်။ နာရီက ဓာတ်ခဲ ကုန်လုကုန်ခင်လေ။ လက်တံက ဆန့်ငင်ဆန့်ငင်တောင် ဖြစ်နေပြီ။ ရက်၊ လ၊ နှစ်တွေကို ညွှန်းတဲ့ဒိုင်ခွက်ထဲမှာလည်း ဂဏန်းတွေက ဖျော့တော့နေပြီ။ ဖေဖေ ဓာတ်ခဲလဲရမယ်ပေါ့။

ဒါနဲ့ ဖေဖေလည်း မကွေးဈေးကြီးကိုသွားတဲ့လမ်းပေါ်က စတိုးဆိုင်တစ်ခုထဲကို ဝင်ပြီး ဓာတ်ခဲဝယ်မိတယ်။ ဖေဖေ့နာရီ ဓာတ်ခဲက ဂျီဇီးရိုး (G-0)၊ ဆိုင်မှာကလည်း ဂျီဇီးရိုးရှိနေတာနဲ့ အဆင်သင့်ပါပဲ။ ဖေဖေက စတိုးဆိုင်ထဲကို စဝင်တုန်းကတော့ ဓာတ်ခဲဝယ်ရုံ သက်သက်ပါပဲ သမီးရယ်။ စတိုးဆိုင်ကလူ ထည့်တတ်ရင်လည်း ထည့်ပေါ့။ မထည့်တတ်ရင်လည်း နာရီဆိုင်တစ်ဆိုင်ဆိုင်တွေ့တော့မှ ဝင်ထည့်ခိုင်းမယ်ပေါ့။ ဒါပေမယ့် ဖေဖေက ဖေဖေ့ကို ဓာတ်ခဲလှမ်းပေးနေတဲ့လူကို "ဓာတ်ခဲထည့်တတ်လား" ဆိုပြီး မေးလိုက်မိတယ် သမီးရဲ့။ သူကလည်း အထင်သေးမခံချင်တဲ့မျက်နှာထားနဲ့ "မခက်ပါဘူးဗျာ" လို့ဆိုကာ နာရီကို ဖွင့်တော့တာပါပဲ။

အင်း … စတိုးဆိုင်ကလူ မျောက်လက်နှိပ်စက်တွေ့သလို မျက်နှာထားနဲ့ ဆူးချွန်တစ်ခုကို ကိုင်ပြီး ဓာတ်ခဲကိုကော်ထုတ်နေတာနဲ့ ဖေဖေတော့မှားပြီထင်ရဲ့ဆိုတဲ့ အတွေးစ ဝင်လာတော့တာပါပဲ။ ဟုတ်တယ် သမီးရယ်။ ဖေဖေ ထင်တဲ့အတိုင်းပါပဲ။ တစ်ချက်မှာ သူ့ဆူးချွန်နဲ့ နာရီတစ်နေရာကို ခပ်ဆတ်ဆတ်ခပ်ပြင်းပြင်းထိုးမိလိုက်တယ်လေ။ သူ မျက်နှာခပ်ပျက်ပျက်နဲ့

http://www.cherrythitsar.org



နာရီကို ကမန်းကတန်းလှန်ကြည့်၊ နာရီ လုံးဝရပ်သွားတာကို လည်းတွေ့ရော၊ ဖေဖေ့လက်ထဲအတင်းထိုးထည့်ကာ "နာရီဆိုင် တစ်ဆိုင်ဆိုင်သွားလိုက်ဖျာ" ဆိုတဲ့စကားနဲ့ လွတ်အောင် ခုန် ထွက်သွားတော့တာပါပဲ။

သူ့လက်ထဲက စမ်းတဝါးဝါးသံဆူးချွန်ဟာ ဘယ်နေရာ ကိုထိုးမိခဲ့လိုက်တယ်မသိ။ ဖေဖေ့နာရီကတော့ ဘယ်ဆိုင်မှာ မှ ပြင်မရတော့လောက်အောင် ဖြစ်သွားရာက သေတ္တာထဲကို ရောက်သွားခဲ့ရတော့တာပါပဲ သမီးရယ်။

## (လေး)

သမီးရေ ...

ဖေဖေတို့သမီးတို့ရဲ့ ပတ်ဝန်းကျင်မှာဖြင့် ဒါဟာငါနဲ့ မဆိုင်ဘူး၊ ဒါကို ငါမသိဘူး၊ ဒါကို ငါမတတ်ဘူး၊ ဒါကိုငါ မကျွမ်းကျင်ဘူးလို့ဆိုကာ ခေါင်းခါပစ်လိုက်တတ်တဲ့၊ ဟင့် အင်းဆိုကာ ငြင်းဆန်ပစ်လိုက်တတ်တဲ့ စိတ်တန်ခိုး စိတ်သတ္တိ တွေ ဘာကြောင့်များ ခန်းခြောက်နေသလဲဆိုတာကို ဖေဖေ စဉ်းစားလို့မရနိုင်ဘူး။

ဖေဖေ မှတ်မိသေးတယ်။ ဟိုးတစ်ခါတုန်းက ရန်ကုန်က နေ ဘောင်းဘီရှည်တစ်ထည် ဝယ်ပြီးဖေဖေပြန်ခဲ့တာလေ။ ဘောင်း ဘီက အမေရိကန် Style ဘောင်းဘီကလေး။ လာတာက Free Size ဆိုတော့ ဖေဖေနဲ့ နည်းနည်းရှည်နေမှန်းလည်း ဖေဖေက သိပါရဲ့။ ဒါပေမယ့် အချိန်မရတော့တဲ့အတွက် မြို့ကလေးကို ရောက်မှာပဲ ပြန်ပြင်တော့မယ်ဆိုတဲ့ စိတ်ကူးနဲ့ပေါ့။ ဒါနဲ့ မြို့

http://www.cherrythitsar.org



ကလေးကိုပြန်ရောက်ပြီး တစ်ရက်မှာ ဖေဖေ မြို့ထဲကိုထွက်ဖြစ်တယ်။ ဘောင်းဘီကိုလည်း ပြင်မယ်ဆိုပြီး ကျွတ်ကျွတ်အိတ်ကလေးထဲထည့်လို့ပေါ့။ ဖေဖေက မြို့ကလေးရဲ့ အထင်အရှားဆုံး အားကစားအဝတ်အထည်တွေ ချုပ်တဲ့ဆိုင်ကလေးရှေ့မှာ ရပ်မိတယ်။ ပြီးတော့ ဘောင်းဘီရှည်နေတာလေး ပြင်ချင်လို့ပါ ခင်ဗျာပေါ့ ။

ဆိုင်ပိုင်ရှင်က ဖေဖေ့ဘောင်းဘီကို ဖြန့်ပြီးကြည့်ပါတယ်။ ပြီးမှ ကျကျနနခေါက်ပြီး ပြန်ပေးတယ်။

*"ခင်ဗျားဘောင်းဘီ ပုံပျက်သွားလိမ့်မယ်ဗျ၊ ကျွန်တော်တို့က အားကစားဘောင်းဘီပဲ ချုပ်တတ်တာ ...ရန်ကုန်မှာ ပြင်ပါဗျာ"* တဲ့။

ကျက်သရေရှိလွန်းလှတဲ့ စိတ်ဓာတ်တွေပါလား သမီးရယ်။ သူ မကျွမ်းကျင်တာကို မကျွမ်းကျင်ပါဘူးတဲ့။ အဲသည့် အားကစားဝတ်စုံတွေချုပ်တဲ့ဆိုင်က ဆိုင်ပိုင်ရှင်ကို ခုထိ ဖေဖေ မမေ့နိုင်သေးဘူး။ ဟိုးတစ်ခါတုန်းကလည်း အစ္စရေးနိုင်ငံ စတင်ထူထောင်ကာစက ဂျူးလူမျိုး ရူပဗေဒပညာရှင်ကြီး အိုင်းစတိုင်းကို သမ္မတလုပ်ဖို့ ကမ်းလှမ်းခဲ့ကြဖူးတယ်။ အိုင်းစတိုင်းက ဟင့်အင်းပါပဲ။ သူ နိုင်ငံအုပ်ချုပ်ရေး မတတ်ဘူးတဲ့။ ရူပဗေဒပဲ တတ်တယ်တဲ့။ ဖေဖေ လေးစားမိခဲ့တယ်။

သမီးရယ်၊ မသိပါဘူး၊ မတတ်ပါဘူးလို့ပြောရမှာကို ရှက်တတ်တဲ့ ဖေဖေ့သူငယ်ချင်းတစ်ယောက်ကိုပါ ဖေဖေအမှတ်ရနေမိသေးတယ်။ သူက လမ်းပေါ်က လူတစ်ယောက်က သုဝဏ္ဏာကို ဘယ်ကားစီးရသလဲခင်ဗျာလို့ မေးလာတာကအစ သူ

http://www.cherrythitsar.org



တကယ်မသိဘဲနဲ့ ကားနံပါတ်တစ်ခုခုကို ပြောချလိုက်ချင်တဲ့သူလေ။ မသိဘူးလို့ ပြောရမှာ ရှက်စရာကြီးတဲ့။ ဒါနဲ့ပဲ ခရီးသွားမယ့်သူတစ်ယောက်က တောင်ရောက်မြောက်ရောက် ရောက်ရစတမ်းလား သမီးရယ်။

တကယ်တော့ မသိခြင်း၊ မတတ်ခြင်း၊ မကျွမ်းကျင်ခြင်းတွေမှာ ဘာအပြစ်မှမရှိပါဘူး သမီးရယ်။ သိသာယောင်၊ တတ်သယောင်၊ ကျွမ်းသယောင်နဲ့ လက်တည့်စမ်းကြည့်တာတွေကသာ အပြစ်ပါ။

အခုပဲ ကြည့်။ ဖေဖေ့လက်ပတ်နာရီကလေးက ရပ်လို့။ သေတ္တာထဲမှာ ဘယ်လောက်အထိ ဖေဖေသိမ်းထားမိမယ် မသိဘူး။ ကိုယ်မသိတာကို မသိဘူး၊ ကိုယ်မတတ်တာကို မတတ်ဘူး၊ ကိုယ်မကျွမ်းကျင်တာကို မကျွမ်းကျင်ပါဘူးဆိုပြီး ဟင့်အင်းလို့ငြင်းတတ်တဲ့ သမီးတစ်ယောက် ဖေဖေ ဖြစ်စေချင်လိုက်တာလေ။

**(၂၀၀၁ ခုနှစ်၊ မေ၊ ချယ်ရီမဂ္ဂဇင်း)**

http://www.cherrythitsar.org

# တွေ့ကြသေးတာပေါ့

## (တစ်)

သမီးရေ...

ကျန်ခဲ့တဲ့ သုံးလေးရက်လောက်တုန်းဆီက မိုးချုပ်လုချုပ်ခင် အချိန်ကိုရောက်မှ ဖေဖေ့မိတ်ဆွေ ကိုသန်းဌေးတစ်ယောက် ဖေဖေတို့အိမ်ကို ရောက်ချလာခဲ့တာကို သမီးတစ်ယောက်မှတ်မိနေလိမ့်ဦးမယ်ထင်တယ်နော်။ ဟုတ်တယ်။ မှတ်မှတ်ရရ အဲသည့်ညနေက စနေနေ့ညနေလေ။ ပုံမှန်အတိုင်းဆိုရင် ညနေစောင်းပြီဆိုတိုင်း မြို့ထဲကလက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်ဆိုင်ရှိရာကို ဖေဖေကရောက်ရောက်သွားတတ်မြဲ ဖြစ်ပေမယ့် အဲသည့်နေ့ညနေတုန်းကတော့ အပြင်ထွက်ရမှာကို နည်းနည်းကလေးငြီးငွေ့သလိုကြီး ဖြစ်နေတာနဲ့ ဖေဖေလည်းဘယ်လိုမှမထွက်ဖြစ်တော့ဘဲ ဧည့်ခန်းထဲက ရုပ်မြင်သံကြားပေါ်ကစန

http://www.cherrythitsar.org



ကလေးရှေ့မှာ သမီးတို့နဲ့အတူ ငုတ်တုတ်ထိုင်နေမိခဲ့ဖြစ်တာပါ ပဲ။ အဲသည်တုန်းမှာမှ ကိုသန်းဌေးက ရောက်လာခဲ့တာလေ။ အပြင်ဘက်မှာက လမ်းမီးတွေတောင်မှ လင်းနေခဲ့ပါပကော။

ထုံးစံအတိုင်းပဲပေါ့ သမီးရယ်၊ ကိုသန်းဌေးကတော့ အာ ပေါင်အာရင်းသန်သန်နဲ့ ရောက်ရောက်ပြောပြောကြီးပါပဲ။ *"ဟော့ လူ လက်ဖက်ရည်ဆိုင်များ ထွက်လာဦးမလားလို့ ကျွန်တော် ကစောင့်နေတာ ဘာလို့ထွက်မလာတာလဲ "* ကနေစပြီး သူ ညနေ တော်တော်စောင်းကတည်းက လက်ဖက်ရည်ဆိုင်မှာ ရောက်နေတာရော။ ဖေဖေနဲ့ အေးအေးဆေးဆေး စကားမပြော ဖြစ်တာကြာပြီမို့ စကားပြောချင်တာနဲ့ လာစောင့်နေခဲ့တာဆို တာရော၊ သူလည်း အလုပ်ကိစ္စနဲ့ နယ်တွေ ခဏခဏဆင်းနေ ရလို့ မအားလပ်ဘူးဆိုတာရော၊ စုံလို့။ ပြီးတော့မှ သူကနောက် နေ့တနင်္ဂနွေနေ့ သူ့အိမ်ကို ကြွခဲ့ဖို့ လာဖိတ်တာတဲ့။ ဘုန်းကြီး ဆွမ်းကပ်တဲ့ သမီးရယ်။

*"ဆက်ဆက်လာဗျာ ...မုန့်ဟင်းခါးကျွေးမှာ၊ ဆယ်နာရီ မထိုးမချင်း ကျွန်တော်စောင့်နေမယ် "*

နောက်နေ့ တနင်္ဂနွေနေ့မနက်ကျရင် သူ့အိမ်ကိုလာခဲ့ဖို့၊ မုန့်ဟင်းခါးစားကြွခဲ့ဖို့ ကိုသန်းဌေးကဖိတ်တဲ့အခါ ဖေဖေပထမ တော့ နည်းနည်းကလေး ကြောင်တောင်တောင်မှ ဖြစ် သွားမိခဲ့လိုက်တာ အမှန်ပါပဲ သမီးရယ်။ မနက်က တစ်ခါတည်း ဖိတ်လိုက်ရင် ပြီးသားနဲ့ကိုသန်းဌေးရယ်ဆိုတဲ့ အတွေးနဲ့ပါ။

ဟုတ်တယ်။ မနက်ကတင်ပဲ ကိုသန်းဌေးနဲ့ ဖေဖေတို့ ဆုံ လိုက်ကြသေးတယ်လေ။ ဒါပေမယ့် စကားပြောဟယ်ဆိုဟယ်၊

http://www.cherrythitsar.org



နောက်ဟယ် ပြောင်ဟယ်နဲ့ အေးအေးဆေးဆေး တွေ့လိုက်ရ ပုံမျိုးတော့ မဟုတ်ဘူးပေါ့ သမီးရယ်။ ဖေဖေက ဈေးကအပြန် ဈေးဆွဲခြင်းတောင်းနဲ့ စက်ဘီးတစ်စီးနဲ့။ သူကလည်း သူ့ဆိုင် ကယ်နောက်မြီးပေါ်မှာ အထုပ်တွေအပိုးတွေနဲ့။ ဖေဖေက တာ ကြီးပေါ်ကိုအတက်၊ သူက တာကြီးပေါ်ကအဆင်း ဆိုက်ကား တွေ၊ စက်ဘီးတွေကြားမှာ တစ်ယောက်နဲ့တစ်ယောက် လှမ်း တွေ့လိုက်ကြတာပါ။ ဖေဖေက လက်ထောင်ပြလိုက်ရုံ သူက ***တွေ့စရာရှိသေးတယ်ဗျို့*** လို့ လှမ်းအော်သွားရုံနဲ့တင် မနက်က ဖေဖေတို့ ဆုံလိုက်ကြရတာပါ။

ဖေဖေ့သဘောအရတော့ သည်ကတည်းက ဖေဖေ့ကိုဖိတ် လိုက်ပါလား သမီးရယ်။ သူက *ခဏဗျာ* လို့ဆိုရင် ဖေဖေက စက်ဘီးကို ခဏရပ်ထားလိုက်မှာပေါ့။ ***မနက်ဖန် အိမ်မှာဘုန်း ကြီးဆွမ်းကပ်မှာမို့ မုန့်ဟင်းခါးစားကြွခဲ့ဦးဗျာ***ဘာညာဆိုပြီး တာပဲမဟုတ်လား သမီးရယ်။ ခုတော့ ညနေမှာတစ်ခေါက်သပ် သပ်ထပ်လာပြီး တကူးတကန့်လာဖိတ်ရတာကို သူ့ဘက်ကနေ ဖေဖေက ဘဝင်မကျ ဖြစ်မိတာပါ။

*"ပင်ပန်းလိုက်တာ ကိုသန်းဌွေးရယ် မနက်က ပြောလိုက် ရင် ပြီးသားနဲ့ဗျာ"*

*"မဟုတ်ဘူးလေဗျာ ...ဖိတ်တယ် ကြားတယ်ဆိုတာ ... လမ်းကြုံလို့ မတော်တဆတွေ့လို့ လုပ်ရတဲ့ကိစ္စမျိုးမဟုတ် ဘူးလေဗျာ ...တကူးတက လာရတာ ဘာဖြစ်သလဲဗျာ"*

သည်လိုဆိုပြန်တော့လည်း ဖေဖေ့မှာက တွေခနဲငေးခနဲ ဖြစ်သွားမိခဲ့ပြန်တာက အမှန်ပါပဲ။ ဖိတ်တယ် ကြားတယ်ဆို

http://www.cherrythitsar.org



တာ လမ်းကြုံလို့လုပ်ရတာ မဟုတ်ဘူးတဲ့။ မတော်တဆလုပ်ရတာ မဟုတ်ဘူးတဲ့။ အသေအချာကို တွေ့ဖို့၊ အသေအချာကို ဖိတ်ဖို့ ဖေဖေတို့တစ်တွေမှာ လိုအပ်ကြမယ်ထင်တယ်လေ။

## (နှစ်)

သမီးရေ ...

ဟိုး တစ်ခါတုန်းက ကာတွန်းဆရာလေးတစ်ယောက်ရယ်၊ ဖေဖေရယ် ရန်ကုန်မြို့လယ်ကောင်က လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်မှာ တခြားကာတွန်းဆရာ အများကြီးနဲ့ အတူထိုင်ဖြစ်ကြတယ်။ ဖေဖေနဲ့အတူပါလာနဲ့ ကာတွန်းဆရာလေးက နယ်မြို့ကလေးတစ်မြို့ကနေ ကာတွန်းဆွဲနေတဲ့ ခေတ်ပညာတတ်လူငယ်လေးတစ်ယောက်လေ။ တစ်လကိုတစ်ခေါက်ဒါမှမဟုတ် နှစ်ခေါက် ရန်ကုန်ကို သူအမြဲတမ်းတက်တက်နေကျ။

အဲသည့်တစ်ခေါက်ကတော့ ဖေဖေ့ကာတွန်းဆရာလေး က သူတို့ဒေသထွက်ပစ္စည်းလေးတွေ နည်းနည်းပါးပါးဝယ်လာပုံရပါတယ် သမီးရယ်။ မြေပဲလေးအစ၊ ငှက်ပျောခြောက်လေးအစပေါ့။ သူခင်ရာမင်ရာ ရန်ကုန်မြို့က ကာတွန်းဆရာတွေကို လက်ဆောင်ပေးမယ်ဆိုတဲ့ စိတ်ကူးပေါ့။

ဖေဖေရယ်၊ သူရယ် လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ကြတဲ့နေ့မှာတော့ တစ်ဝိုင်းတည်း အတူထိုင်နေခဲ့ကြတဲ့ ကာတွန်းဆရာတွေထဲက နာမည်ကျော် ကာတွန်းဆရာနှစ်ယောက်ကို နာမည်ခေါ်ပြီး သူက ...

http://www.cherrythitsar.org



*"ဆရာတို့နှစ်ယောက်အတွက် မြေပဲနဲ့ ငှက်ပျောခြောက် ဝယ်လာတာ အခန်းမှာထားရစ်ခဲ့လို့ ...စားချင်ရင် ညနေကျ အခန်းမှာလာယူလိုက်ပါလားဗျာ"* တဲ့။

သူနဲ့သာမက ဖေဖေနဲ့ပါ ခင်မင်ရင်းစွဲရှိကြတဲ့ ကာတွန်း ဆရာနှစ်ယောက်တို့ မျက်နှာတွေ ကွက်ခနဲပျက်သွားကြတာကို ဖေဖေအခုထိ မြင်ယောင်နေမိသေးတယ်။ သမီးရယ် ...ကိုယ် တည်းခိုတဲ့အခန်းမှာကျန်ခဲ့လို့ လက်ဆောင်ပေးဖို့ရာ အဆင် သင့်ပါမလာသေးလို့ မပေးဖြစ်သေးဘူးဆိုရင်လည်း ရှိပစေ ပေါ့သမီးရယ်။ ကိုယ်ထိလက်ရောက်ပေးခွင့်ကြုံတဲ့နေ့မှ လက် ဆောင်ပါလို့ဆိုပြီး ပေးလိုက်ရုံပေါ့။ အခုလို ...စားချင်ရင် အ ခန်းမှာ လာယူဆိုတာမျိုးကျတော့ ...။

## (သုံး)

သမီးရေ ...

ဟိုးတစ်ခါတုန်းက ဖေဖေကြုံခဲ့ရတဲ့အဖြစ်အပျက်ကလေး တစ်ခုကိုလည်း အမှတ်ရနေမိသေးတယ်။ ဈေးထဲက ကြက်သား သည် မဖြူဖြူရဲ့ဆိုင်ကလေးရှေ့မှာလေ၊ ဖေဖေက ထုံးစံအတိုင်း ဈေးခြင်းတောင်းကလေးဆွဲကာ မဖြူဖြူဆိုင်ရှေ့မှာ မတ်တတ် ရပ်လို့။ မဖြူဖြူကလည်း ဖေဖေ့အတွက် ကြက်အသည်းအမြစ် တွေကို ခွာလို့နွှာလို့။ မဖြူဖြူက ဆရာ နှစ်ဆယ်သားတည်း တော်ပြီလားလို့ မေးတဲ့အခါ ဆရာလို့ခေါ်လိုက်တဲ့ အသံကြောင့် ထင်ပါရဲ့ ဖေဖေ့တစ်ယောက်ကျော်က အမျိုးသမီးက ဖေဖေ့ကို လှမ်းကြည့်တယ်လေ။ ဖေဖေနဲ့ အသင့်အတင့် ရင်းနှီးတဲ့

http://www.cherrythitsar.org



အမျိုးသမီးပါပဲ သမီးရယ်။ သူက ပြုံးပြီးနှုတ်ဆက်ပါတယ်။ ဖေဖေက သာမန်အိမ်ရှင်မတွေ ဈေးထွက်လေ့ရှိတဲ့ ဆွဲခြင်းတောင်းထက် အဆမတန်ကြီးနေတဲ့ သူ့ဆွဲခြင်းကြီးကို ကြည့်ကာ...

*"ဝယ်ထားလိုက်တာ အများကြီးပါလား"* လို့ နှုတ်ခွန်းဆက်လိုက်မိပါရဲ့။ သူက ...

*"ဟုတ်တယ် ဆရာ၊ နက်ဖြန်အတွက်လေ ...ဪ...နက်ဖြန် ဆိုင်ဖွင့်ပွဲလုပ်မလို့ ...ဆရာ လာခဲ့ပါလား"* တဲ့။

အဲသည်အမျိုးသမီးက ဘူတာရုံရှေ့မှာ စားသောက်ဆိုင်ကလေးတစ်ဆိုင်ဖွင့်မယ့်အကြောင်း ဖေဖေ့ကို လှမ်းပြောနေခဲ့ပါသေးတယ် သမီးရယ်။ ဪ ...ဖေဖေ့ကို သူ တကယ် ဖိတ်ကြားတာ ဟုတ်၏ မဟုတ်၏၊ ဖေဖေကလည်း သွားဖို့ရာ ထိုက်တန်၏ မထိုက်တန်၏။ ဈေးတန်းထဲကအထွက် လူတွေကြားထဲမှာ တိုးရင်းဝှေ့ရင်း ဖေဖေ ပြုံးခဲ့မိသေးတယ်။

## (လေး)

သမီးရေ...

ဖေဖေ့မိတ်ဆွေ ကိုသန်းဋ္ဌေးတစ်ယောက်ကဖြင့် မနက်တုန်းက ဖျတ်ခနဲတွေ့လိုက်ခဲ့ပါလျက်နဲ့ ညနေမှာ အိမ်အထိ အရောက်လာကာ တနင်္ဂနွေနေ့မှာ လာခဲ့ဖို့ မုန့်ဟင်းခါးစားကြွခဲ့ဖို့ ဖိတ်ကြားလာခဲ့တယ်နော်။

ဟုတ်တယ် သမီးရယ်။ ဖေဖေတို့ဟာ သွားဖို့ လိုအပ်တဲ့ အရပ်ကို ရောက်အောင်သွားကြရမယ်။ တွေ့ဖို့လိုအပ်တဲ့ လူကို

http://www.cherrythitsar.org



တွေ့အောင် လုပ်ကြရမယ်။ ပြောဖို့လိုအပ်တဲ့စကားကို ကြား အောင် သွားပြောကြရမယ်လေ။ လမ်းကြုံလို့ဆိုတဲ့ စိတ်ဟာ တစ်ဖက်သားကို မလေးမစားလုပ်ရာ ရောက်လွန်းလှပါတယ် သမီးရယ်။ လမ်းကြုံလို့ မင်္ဂလာဧည့်ခံပွဲဖိတ်တယ်။ လမ်းကြုံလို့ ညစာစားပွဲဖိတ်တယ်။ လမ်းကြုံလို့ မေတ္တာလက်ဆောင် ပေး တယ်။ လမ်းကြုံလို့ ဘုန်းကြီးဆွမ်းကပ် ဖိတ်တယ်။

အခုကြည့်...

တွေ့စရာရှိသေးတယ်ဗျို့လို့ မနက်ကလှမ်းအော်သွားခဲ့ တဲ့ ကိုသန်းဌေး၊ ညနေမှာ ဖေဖေ့ဆီကို တွေ့အောင်ကို လာခဲ့ တယ်လေ။ သူတို့အိမ်မှာ မုန့်ဟင်းခါးစားကြဖို့ကို လမ်းကြုံလို့ လှမ်းမှာလိုက်တာမျိုး မဟုတ်လေဘူး။

တွေ့ကြသေးတာပေါ့ ကိုသန်းဌေးရယ်။

**(၂၀၀၁ ခုနှစ်၊ ဇွန်၊ ချယ်ရီမဂ္ဂဇင်း)**

http://www.cherrythitsar.org

# ငါးရံ့ခြောက်ကြီးများ အိမ်သို့ ပြန်လာကြပါသည်

## (တစ်)

သမီးရေ…

အခုတစ်ခါမှာတော့ ဧရာဝတီတိုင်းရဲ့မြို့တော် ပုသိမ်ရွှေမြို့တော်ကြီးကနေ အိမ်ကိုပြန်တော့မယ်လို့ဆိုကာ ဖေဖေ့မှာပါလာတဲ့အထုပ်ကလေး အပိုးကလေးတွေကို နောက်ဆုံးပိတ်အနေနဲ့ သိမ်းလို့ဆည်းလို့၊ ပြင်လို့ဆင်လို့ နေဖြစ်ခဲ့တဲ့နေ့ကအဖြစ်ကလေးတစ်ခုကို သမီးကိုပြောပြမယ်လို့ ဖေဖေစိတ်ကူးရမိတယ်။ ဟုတ်တယ်၊ အဲသည့်နေ့က ဖေဖေ ပုသိမ်ကပြန်မယ့်နေ့။ ပုသိမ်တက္ကသိုလ်မှာ အလုပ်တာဝန်တစ်ခုနဲ့ ရောက်နေရာက ဖေဖေ ပြန်ရမယ့်နေ့။ ဖေဖေက အထုပ်တွေအပိုးတွေကို သိမ်းဆည်းပြီးတာနဲ့ ဖေဖေခဏတာခိုနားနေထိုင်ခဲ့ရတဲ့ မော်တင်ဆောင်ရဲ့ အခန်းကလေးထဲကို ဝေ့ခနဲဝိုက်ခနဲ အကြည့်ရောက် သွားမိခဲ့

http://www.cherrythitsar.org



တယ်။ ညအမှောင်ထဲမှာ ကမ်းကိုထိုးထိုးရှာနေတဲ့ သဘော်ာ ဆလိုက်မီးတွေလို ဟိုနေရာဖျတ်ခနဲသည်နေရာဖျတ်ခနဲနဲ့ ဖေဖေ က လိုက်ကြည့်နေခဲ့မိတာပါ။ သည်တော့လည်း ဟိုး အခန်း ထောင့် စားပွဲလေးပေါ်က ငါးရဲ့ခြောက်ဘူးကလေးက ဖေဖေ့ စိတ်ထဲကို အဖုအထစ်တစ်ခုလိုပဲ ရောက်လာပြန်တယ်လေ။

## (နှစ်)

ဟုတ်တယ် သမီးရယ်။ အဲသည့်ငါးရဲ့ခြောက်ဘူးကလေး က သမီးမေမေ ထည့်ပေးလိုက်တဲ့ ငါးရံ့ခြောက်ဘူးလေးပါ။ ပုသိမ်တက္ကသိုလ်မှာ ဖေဖေအလုပ်လုပ်နေတဲ့ ရက်တွေထဲ စား ဖို့ဆိုပြီး ထည့်ပေးလိုက်တဲ့ ငါးရံ့ခြောက်ဘူးကလေးပါ။

သမီးသိတဲ့အတိုင်း ဖေဖေက အိမ်အနံ့ကို စွဲတတ်တဲ့လူ လေ။ သူစိမ်းတရံအိမ်တွေမှာ ဖေဖေမပျော်တတ်ဘူး။ ဆိုင် ထမင်း ဆိုင်ဟင်းတွေကို ဖေဖေ မမြိန်တတ်ဘူး။ အဲသည်လို အိမ်ကို အစွဲကြီးတတ်လှပါတယ်လို့ဆိုကာမှ သည်ဘက်နှစ်ပိုင်း တွေမှာ သွားလိုက်ရတဲ့ခရီး၊ သွားလိုက်ရတဲ့ ပုသိမ်တက္ကသိုလ်။ တော်ကြာနေ ဆယ်တန်းကိစ္စ။ တော်ကြာနေ အဝေးသင်ကိစ္စ။ တော်ကြာနေ Day ကိစ္စနဲ့။

ပွင့်ပွင့်လင်းလင်းပြောရရင် သမီးရယ်၊ ပုသိမ်မှာ စားရ သောက်ရတာ အဆင်မပြေလှဘူး။ အထူးသဖြင့် တက္ကသိုလ် ထဲက စားသောက်ဆိုင်တွေနဲ့ ဖေဖေနဲ့ အစပ်အဟပ်မတည့်လှ ဘူး။ ဒါကြောင့်မို့ ပုသိမ်ကနေ အိမ်ကိုပြန်ရောက်တိုင်းရောက် တိုင်းတွေမှာ ဖေဖေက စားရသောက်ရတာ အဆင်မပြေဘူးလို့

http://www.cherrythitsar.org



ညည်းမိခဲ့တယ်။ ဒါကြောင့်ပဲ သမီးမေမေက အခုတစ်ခေါက်မှာတော့ ငါးရံ့ခြောက်တွေကို ကျကျနနဖုတ်ပြီး ဆီတွေအိနေအောင်စိမ်ကာ ဘူးနဲ့ထည့်ပေးလိုက်ဟန်တူပါရဲ့ သမီးရယ်။

## (သုံး)

သမီးရေ…

ဖေဖေ့ငါးရံ့ခြောက်က တကယ့်ငါးရံ့ခြောက် သမီးရဲ့။ ဖေဖေ့မိတ်ဆွေတစ်ယောက်ပြောတဲ့ စကားနဲ့ပြောရရင် ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ အကောင်းဆုံးငါးရံ့ခြောက်ပဲ ထင်ပါရဲ့ သမီးရယ်။ ခနေဖြူက ဖေဖေ့ တပည့်မလေးတစ်ယောက်က လက်ဆောင်ပေးထားတဲ့ ငါးရံ့ခြောက်တွေလေ။ ကိုယ်တိုင်ခွဲ၊ ကိုယ်တိုင်နေလှမ်းထားတဲ့ ငါးရံ့ခြောက်တွေမို့ထင်ပါရဲ့၊ ဆားမှပေါ့လို့ရွှတ်လို့၊ နေမှ ခြောက်လို့သယောင်းလို့။ ဒါကို သမီးမေမေက အကျအနဖုတ် ထုထောင်းကာ ပဲဆီစစ်စစ်တွေနဲ့ ရွှဲနစ်အောင်စိမ်ပြီး ပလတ်စတစ်ဘူးကြီးနဲ့ ထည့်ပေးလိုက်တာပါ။ တစ်ပတ်ဆယ်ရက်ကတော့ ဖေဖေတစ်ယောက် စားပေတော့ပေါ့။

ဒါပေမယ့် သမီးရဲ့၊ ပုသိမ်တက္ကသိုလ်မှာ တစ်ပတ်ဆယ်ရက်လောက်တော့ ကြာလိမ့်မယ်လို့ ထင်ထားခဲ့ပေမယ့် တကယ့်တကယ်ကျတော့ ဖေဖေ့အလုပ်က သုံးလေးရက်လောက်နဲ့တင် ပြီးသွားခဲ့တယ်လေ။ သည်ကြားထဲ မြို့ခံမိတ်ဆွေတွေက တစ်ခါစ နှစ်ခါစဆိုသလို လာလာခေါ်ကြ၊ ကျွေးကြမွေးကြနဲ့ ပုသိမ်ကနေလည်း ဖေဖေပြန်မယ်လုပ်ရော ပလတ်စတစ်ဘူး

http://www.cherrythitsar.org



ထဲက ငါးရံ့ခြောက်တွေက တစ်ဝက်မရှိတရှိလောက် ကျန်နေ တုန်း။

ပြောရရင် ပထမဦးဆုံး ဖေဖေ့ဆီကိုဝင်လာတဲ့ အတွေး က အဆောင်မှာ ကျန်နေရစ်ခဲ့မယ့် တစ်ခန်းခန်းက ဆရာတစ် ယောက်ယောက်ကို ပေးထားပစ်ခဲ့မယ်ဆိုတဲ့ အတွေးပါပဲ။ ဒါ ပေမယ့် တစ်ခဏအတွင်းမှာပဲ ဖေဖေ ပြန်တွေသွားမိတယ်။ မကောင်းဘူးထင်ပါရဲ့ သမီးရယ်၊ ဒါဟာ မကောင်းလှဘူးလို့ ဖေဖေထင်မိပါရဲ့။ အရင့်အရင်နေ့တွေ နေ့တွေတုန်းကတော့ ငါးရံ့ခြောက်စားပါဦး၊ ဘာညာနဲ့ လောကဝတ်တွေကို ဖေဖေ မပြုမိခဲ့ဘဲ ပြန်ရတော့မယ်ဆိုကာမှ ကျန်တဲ့ငါးရံ့ခြောက်ဖုတ် တွေကို ခင်ဗျားတို့ အကုန်စားလိုက်ကြလို့ ပေးခဲ့ဖို့ဆိုတာဟာ ကိုယ့်စိတ်ကိုကိုယ် လိပ်ပြာမလုံချင်စရာပါလားလို့ ဖေဖေ အတွေးဝင်သွားမိခဲ့တာ အမှန်ပါပဲ။ ဖေဖေ ဘယ်လိုမျက်နှာမျိုးနဲ့ တခြားဆရာတွေကို ငါးရံ့ခြောက်ဆီစိမ်ဘူး လှမ်းပေးရမှာပါ လိမ့်။ ငါးရံ့ခြောက်ကို တကယ် စားစေချင်လို့လား။ ဖေဖေ မကုန်တော့လို့လား။ အိမ်ပြန်ယူသွားရမှာ ရှုပ်နေလို့လား။

အဖြေက ရှင်းရှင်းကြီးပါသမီးရယ်။

## (လေး)

သမီးရေ...

တစ်ခါ တစ်ခါ ဖေဖေတို့အိမ်မှာ သီးစုံချဉ်ရည်ဟင်း ချက် ကြတာတွေကို သမီးမှတ်မိလိမ့်မယ်ထင်တယ်နော်။ သီးစုံချဉ် ရည်ဟင်းချက်ရင်ဖြင့် ဖေဖေတို့အိမ်မှာ ဗုံးပေါ်လအောပါပဲ။

http://www.cherrythitsar.org



ဒန့်သလွန်သီးတစ်စည်းအစိတ်ဆိုတာကလည်း ဆယ်တောင့်လောက် ပါတာပဲ။ ပဲသီးတစ်စည်း တစ်ဆယ်ဆိုတာကလည်း အတောင့်နှစ်ဆယ် အစိတ်လောက်ပါတာ။ ရုံးပတီသီး တစ်စည်း တစ်ဆယ်ကလည်း ဆယ်တောင့်လောက်ပါတာ။ သည်ကြားထဲ ခရမ်းသီးနဲ့၊ ကုလားပဲနဲ့ အာလူးရောချက်လိုက်တဲ့အခါ ဖေဖေတို့မိသားစု ပိစိကွေးလေးဟာ ဟင်းကုန်အောင် ဘယ့်နှယ်စားရမှန်း မသိဘူး။ သည်တော့ ခေါင်းရင်းအိမ်ကို တစ်ပန်းကန် ခြေရင်းအိမ်ကို တစ်ပန်းကန် ဟင်းလက်ဆောင် ကမ်းရမြဲလေ။

ဒါပေမယ့် ဖေဖေတို့စားပြီးသောက်ပြီးမှ ဘယ်တော့မှ မကမ်းခဲ့ဘူး။ ဦးဦးဖျားဖျား ရှုးခပ်၊ ထမင်းစားကြတော့မှာ မို့လို့ဆိုကာ ၄ဝေ၊ ဘယ်လောက်များ အနွေးဓာတ် ရကြလေမလဲ သမီးရယ်။

ဖေဖေ မှတ်မိနေသေးတယ်။ ဟိုးအညာမှာ ဖေဖေတို့နေခဲ့ရစဉ်တုန်းက တစ်ညနေမှာ ထန်းရည်ဆိုင်ကလေးတစ်ဆိုင်ထဲကို ဖေဖေ ရောက်သွားခဲ့တယ်။ တစ်ဝိုင်းမှာ လူငယ်နှစ်ယောက်က ထန်းရည်ထိုင်သောက်လို့၊ ဟိုတစ်ဝိုင်းမှာက လူခပ်ရွယ်ရွယ်တစ်ယောက်က တစ်ယောက်တည်းထိုင်သောက်လို့။ ခဏလောက်ကြာတော့ တစ်ယောက်တည်းသမား လူခပ်ရွယ်ရွယ်က ပိုက်ဆံရှင်းပြီးတော့ ထလာတယ်။ သူ့လက်ထဲမှာကလည်း ထန်းရည်ပုလင်းကိုကိုင်လို့။ ပုလင်းထဲမှာကလည်း လက်ကျန်က တစ်ဝက်လောက်နဲ့။ သူက...

“ဒီနေ့ ထန်းရည်က ချဉ်လိုက်တာ ...ဘယ်လိုမှ သောက်မရဘူး ...၊ ရော့ကွာ ..ညီလေးတို့ သောက်လိုက်ကြ” တဲ့။

http://www.cherrythitsar.org



သူက သူ့ထန်းရည်ပုလင်းကို လူငယ်နှစ်ယောက်စားပွဲ ပေါ် တင်ပေးလိုက်တာနဲ့ ပြဿနာဖြစ်တော့တာပါပဲ။ ဟို လူငယ်နှစ်ယောက်က သူတို့ကို စော်ကားတာလား၊ ဘာလားနဲ့ပေါ့။

## (ငါး)

သမီးရေ…

ဖေဖေလေ၊ ပုသိမ်တက္ကသိုလ်ကပြန်လာတော့ သမီးမေမေ ထည့်ပေးလိုက်တဲ့ ငါးရံ့ခြောက်တွေကို ဘယ်သူ့ကိုမှ မပေးပစ် ခဲ့တော့ဘူး။ နှမြောလို့ လွှင့်လည်းမပစ်ခဲ့ဘူး။ အိမ်ကိုပဲ ပြန် သယ်ခဲ့လိုက်တော့တယ်။

မတတ်သာလို့ စွန့်ကြဲထားပစ်ခဲ့ရတယ်ဆိုတဲ့ စိတ်ရဲ့ကွေး ညွတ်ပုံမျိုးတွေနဲ့ လောကအပေါ် ဖေဖေ မကွေးညွတ်ချင်ဘူး သမီးရယ်။

**(၂၀၀၁ ခုနှစ်၊ မေ၊ Fashion Image မဂ္ဂဇင်း)**

http://www.cherrythitsar.org

# ဆိတ်ငါးကောင်အပေါ် အပြစ်တော် မယူကြစတမ်း

## (တစ်)

သမီးရေ…

ရန်ကုန်မြို့တော်ကလွဲရင် ဖေဖေတို့ဆီက မြို့တိုင်းလိုလိုဟာ ကြီးချင်ကြီး ငယ်ချင်ငယ် အကုန်လုံး စက်ဘီးမြို့တော်တွေချည်းပဲထင်ပါရဲ့ သမီးရယ်။ ဖေဖေ မန္တလေးကိုရောက်ဖူးတယ်။ တောင်ကြီးကိုလည်း ရောက်ဖူးတယ်။ ပြီးတော့ မော်လမြိုင်၊ နောက် ပုသိမ်၊ နောက် ပုဂံညောင်ဦး၊ နောက် ပခုက္ကူ၊ မကွေး၊ တောင်ငူ …ပြောရရင် အများကြီးပါပဲသမီးရယ်။ အလုပ်တာဝန်နဲ့ သွားနေဖူးတာတွေရော၊ အလည်အပတ်သဘောနဲ့ နေခဲ့ဖူးတာတွေရော၊ ဖြတ်သွားဖြတ်လာ ဝင်ခဲ့ဖူးတာတွေရော အများကြီးဆိုမှ အများကြီးပါ သမီးရယ်။ အဲသည် မြို့တိုင်းမြို့တိုင်းလိုလိုဟာ စက်ဘီးနဲ့လွတ်တဲ့မြို့၊ စက်ဘီးယဉ်ကျေးမှု မထွန်းကားတဲ့မြို့ရယ်လို့ မရှိသလောက်ပါပဲ။

http://www.cherrythitsar.org



သမီးသိတဲ့အတိုင်း ဖေဖေက ရန်ကုန်မှာနေ ရန်ကုန်မှာ ပညာသင်၊ ရန်ကုန်မှာအလုပ်စလုပ်ဆိုပေမယ့် လမ်းရဲ့ခေါ်ရာ ဟိုမြို့ကလေးကိုလိုက်ပါ၊ သည်မြို့ကလေးကိုလိုက်ပါနဲ့ ကြာတော့ ဖေဖေ့မှာလည်း စက်ဘီးကလေးတစ်စီး ရှိလာခဲ့ရတော့ တာပါပဲ။ အဲဒါ အခုဖေဖေတို့ မနက်မနက် လမ်းလျှောက်ထွက် ကြတိုင်း သမီးဆွဲဆွဲစီးတတ်တဲ့ စက်ဘီးကလေးလေ။ ဆိတ်ငါး ကောင်တံဆိပ် တရုတ်စက်ဘီးကလေး။ မိတ္ထီလာမှာ နေခဲ့ရ တုန်းက ဖေဖေ ဝယ်ဖြစ်ခဲ့တဲ့ စက်ဘီးကလေးပေါ့။

## (နှစ်)

ဟုတ်ပါတယ်။

ဒါ မိတ္ထီလာမှာနေတုန်းက ဖေဖေဝယ်ဖြစ်ခဲ့တဲ့ စက်ဘီး ကလေးပါ။ သမီးသိတဲ့အတိုင်း မိတ္ထီလာဆိုတာက သွားရေး လာရေးမှာ ကားကို ဘယ်တော့မှ အားမကိုးတဲ့မြို့လေ။ မြင်း လှည်းကိုပဲ အဓိကထားတဲ့မြို့။ ဒါကြောင့်မို့ စက်ဘီးတွေ၊ ဆိုင် ကယ်တွေနဲ့ ခြေချင်းလိမ်နေတဲ့ မြို့ကလေးတစ်မြို့ပါပဲ။

ဖေဖေက အဲသည့်မြို့ကလေးမှာ ဆယ်စုနှစ်တစ်ခုနီးပါး ကြာအောင်ကို နေခဲ့မိတာပါသမီးရယ်။ ဒါကြောင့်မို့ သည်မြို့ ကလေးမှာ နေရတုန်းနေရခိုက် သွားရလာရတာ လွယ်ကူအောင် လို့ဆိုပြီး အဲသည့်ဆိတ်ငါးကောင် တရုတ်စက်ဘီးကလေးကို ဝယ်ဖြစ်ခဲ့တာပါ။ မှတ်မှတ်ရရ သုံးထောင်ကျော်ကလေးပဲ ပေး ခဲ့ရပါတယ် သမီးရယ်။ အဖိုးနည်း ဝန်ပါ တရုတ်စက်ဘီးက လေးပါ။ ဆိုင်ကယ်မျိုးစုံတွေ၊ ဂျပန်စက်ဘီး၊ ထိုင်းစက်ဘီးတွေ

http://www.cherrythitsar.org



နဲ့ တင်းကျမ်းပြည့်နှက်နေတဲ့ လမ်းများရဲ့အပေါ်မှာ စီးလို့ဖြစ်ရင် ပြီးတာပဲဆိုတဲ့ စိတ်ကလေးနဲ့ ဖေဖေ ဝယ်ဖြစ်ခဲ့တာပါ။ ဖေဖေ့ခနေအင်အားနဲ့ ဖေဖေ တိုင်းတိုင်းထွာထွာ ဝယ်ဖြစ်ခဲ့တဲ့ စက်ဘီးကလေးပဲဆိုပါတော့ သမီးရယ်။

မှတ်မှတ်ရရ အဲသည့်စက်ဘီးကလေးကိုဝယ်ပြီးလို့ သုံးရက်လောက်အကြာမှာထင်ပါရဲ့၊ ကျောင်းရှေ့က စားသောက်ဆိုင်တန်းကလေးရှိရာကို ဖေဖေရောက်သွားခဲ့တယ်လေ။ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ မျိုးစုံအောင်တန်းစီပြီး ရပ်ထားတဲ့ကြားမှာ ဖေဖေ့ဆိတ်ငါးကောင်ကလေးကို နေရာယူရပ်ထားပြီးတဲ့နောက် ဆိုင်ထဲကိုဝင်မယ်လို့လုပ်တော့ဆိုင်ရှေ့တမာပင်အောက်က စားပွဲမှာက ဖေဖေ့အသိ ဆရာနှစ်ယောက်။ ဖေဖေ့ကို လက်ထောင်ပြပြီး အတင်းလှမ်းခေါ်နေတာနဲ့ ဖေဖေလည်း သူတို့စားပွဲမှာပဲ ဝင်ထိုင်မိခဲ့လိုက်တယ် သမီးရယ်။ သူတို့ကပဲ ဖေဖေ့အတွက် လက်ဖက်ရည်တစ်ခွက် ထပ်မှာ၊ ဘာညာပေါ့။ နောက်တော့မှ တစ်ယောက်က

*"စက်ဘီးအသစ်နဲ့ပါလား ဆရာချူိရ"* တဲ့။

ဖေဖေက

*"ဆိတ်ငါးကောင်ကလေးပါဗျာ"* လို့ ခပ်ဖျော့ဖျော့ဆိုမိတော့...

*"အာ ...ဒီကောင်လေးတွေက မာတယ်ဗျ၊ ဒီဇိုင်းချိုးထားပုံကို ယိုးဒယားဘီးတွေထက်တောင် သဘောကျသေးတယ်"* တဲ့။

ဖေဖေ့ရင်ထဲ ပီတိဖြစ်မလိုလို ရှိတုန်းမှာပဲ နောက်တစ်ယောက်ကပါ

http://www.cherrythitsar.org



"ဟုတ်တယ်ဗျ ...ဒီဇိုင်းက ချစ်စရာကောင်းတယ်" လို့ ထပ်ဆင့်ဆိုလိုက်တဲ့အခါ ဖေဖေ အမှန်တကယ် ကျေနပ်သွားမိခဲ့တာကို ဝန်ခံရမှာပါပဲ သမီးရယ်။ တရုတ်ပြည်ဖြစ် ဆိတ်ငါးကောင်စက်ဘီးကလေးပေမယ့် အကောင်းကိုမြင်တတ်တဲ့ သူတွေကြားမှာ ဘဝဟာ နေပျော်စရာဖြစ်လာသလား မပြောတတ်ပါဘူး။

ဟုတ်တယ်၊ အကောင်းကိုမြင်တတ်ဖို့...။

ကိုယ့်ကျင့်တရားကိစ္စကလွဲရင် အကောင်းကို မြင်တတ်ဖို့ ဒါဟာ ဘဝမှာ လိုအပ်သော နေနည်းထိုင်နည်း အလေ့အကျင့်တစ်ခုလို့ အခုအချိန်မှာ ဖေဖေယုံကြည်နေမိတယ်။

## (သုံး)

သမီးရေ...

ကိုယ့်ကျင့်တရားကိစ္စတွေကို ရှုမြင်ပုံ ရှုမြင်နည်းက လွဲရင် အကောင်းမြင်တတ်တဲ့ဓလေ့ဟာ လိုအပ်လှတယ်လို့ ဖေဖေပြောခဲ့တယ်နော်။ ဒါဟာ နေနည်းထိုင်နည်း အလေ့အကျင့်တစ်ခုလိုလည်း သမီးကို ဖေဖေပြောခဲ့ပါရဲ့။ ဒါပေမယ့် သည်အလေ့အကျင့်ကို ပျိုးထောင်ပေးဖို့ဆိုတာဟာ အလွယ်တကူတော့ဖြင့် မဟုတ်ပေဘူး။

တစ်ခါက တိုက်ခန်းကလေးတစ်ခုထဲကနေ သားအမိနှစ်ယောက် ထွက်လာကြတယ်။ သမီးပေါက်စက သူ့အမေကို **"မေမေ သူတို့မှာလည်း VCD စက်ကလေး ရှိတယ်နော်"** တဲ့။ ဒါကို အမေဖြစ်သူ ပြန်ပြောနေပုံက *"အပေါ်စားကြီးပါသမီးရယ်၊*

http://www.cherrythitsar.org



***one Disc ကလေးပါ*** "တဲ့။ ခေတ်ပြားတစ်ချပ်ပဲထည့်ရတဲ့ VCD စက်ကလေးပါဆိုပြီး မျက်နှာတစ်ခုလုံး ရှုံ့ကာမဲ့ကာတွန့်ကာ ကော်ကာနဲ့ ပြောနေလိုက်တာလေ။ ဖေဖေ ကြုံခဲ့ရဖူးတယ်။

တစ်ခါတုန်းကကျတော့လည်း အတောင်နှစ်ဆယ်ဝတ် မင်းယောကျာ်းကြီးတစ်ယောက်ရဲ့ သူရဲ့သားတော်မောင်တို့ အပြန်အလှန် ပြောနေခဲ့ကြတာတွေလေ။ "***ဖေဖေ ...ကိုရဲတို့ TV ကလေးကလည်း Sony လေး ဖေဖေရဲ့*** "တဲ့ သားတော်မောင်က။ "***အလကားပါကွာ၊ ဆယ့်လေးလက်မလေးများ*** "တဲ့ အဖေလုပ်သူက။ ဖေဖေ ဆုံခဲ့ဖူးတယ်။

ဟိုးတစ်ခါတုန်းကကျတော့လည်း မင်္ဂလာဧည့်ခံပွဲကလေးတစ်ခုမှာ သမီးလုပ်တဲ့သူက မလှမ်းမကမ်းစားပွဲဝိုင်းက အမျိုးသမီးကလေးတစ်ယောက်ဆီကို အကြည့်နဲ့လှမ်းပြရင်း "*မေမေ၊ ဟိုးမှာ မို့မို့ဆွဲထားတဲ့ ဆွဲပြားကလေးကြည့်ပါဦး၊ လှတယ်နော်*" တဲ့။ ဒါကို အမေက တစ်ချက်လှမ်းကြည့်၊ နှာခေါင်းတစ်ချက်ရှုံ့ကာ "*ကျောက်က ချက်ကျောက်ကြီးထင်ပါရဲ့ သမီးရယ်၊ ပုံစံလေးသာလှတာပါ*" တဲ့။ ဖေဖေ ကြားခဲ့ဖူးတယ်။

## (လေး)

သမီးရယ်...

ဒါဟာ ခိုးတဲ့ကိစ္စမဟုတ်ပါဘူး။ ဝှက်တဲ့ကိစ္စမဟုတ်ပါဘူး။ ကောက်ကျစ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ယုတ်မာတဲ့ကိစ္စမဟုတ်ပါဘူး။ ကတိကဝတ်ပျက်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါကို ဖေဖေတို့က ဘယ်လိုရှုထောင့်ကနေ ကြည့်ရှုကြရမှာတဲ့လဲ။

http://www.cherrythitsar.org



ခေတ်ပြားတစ်ချပ်တည်းထည့်တဲ့ VCD စက်ကလေးကို ဖေဖေတို့ ရှုတ်ချကြရမှာလား။ Sony ဆယ့်လေးလက်မ ကလေးကို ဖေဖေတို့အပြစ်ဆိုကြရမှာလား။ ကျောက်နီကလေး ကို ငုံထားတဲ့ ဆွဲပြားကလေးကို ဖေဖေတို့ နှာခေါင်းရှုံ့ကြရမှာ လား။ လောကကို မကောင်းမြင်တဲ့ ရှုထောင့်ကနေ ကြည့်တဲ့ အတတ်ကို ကိုယ့်သားသမီးကို ဖေဖေတို့ လက်ဆင့်ကမ်း ကြရမှာလား။

အင်း ...တချို့တချို့သော သူတွေမှာကဖြင့် အံ့သြစရာ ကောင်းလောက်အောင်ကို အလှတရားကိုမင်တဲ့ စိတ်မွန်စိတ် မြတ်တွေနဲ့ ပြည့်လျှံလို့ပါသမီးရယ်။ *ဟွဲ့ နင့် VCD စက်လေး က* **one Disc** *ကလေးလား၊ ကောင်းတယ် ရှင်းရှင်းကလေး နော်*တဲ့၊ *ဟယ်...*Sony *ဆယ့်လေးလက်မလေး ချစ်စရာကောင်း လိုက်တာ* တဲ့။ *ဆွဲပြားလေးက ညည်းနဲ့ လိုက်လိုက်တာ သူ ငယ်ချင်းရယ်* တဲ့။ မင်္ဂလာရှိသော ရှုထောင့်ကနေ ထွက်ကျလာ တဲ့ အသံတွေပေါ့။

အခုလည်းကြည့်၊ ဖေဖေမိတ်ဆွေတွေက ဖေဖေ့ဆိတ်ငါး ကောင်စက်ဘီးကလေးကို ကြည့်ကာ မာတယ်ဗျာတဲ့။ ဒီဇိုင်းကို ကြိုက်တယ်တဲ့။ ဖေဖေ့စိတ်ထဲ ချမ်းမြေ့သွားမိတာကဖြင့် အမှန် ပါပဲ။

ဆိတ်ငါးကောင်အပေါ်မှာ အပြစ်တော်မယူကြစတမ်း သမီးလေးရယ်။

(၂၀၀၁ ခုနှစ်၊ ဇွန်၊ Fashion Image မဂ္ဂဇင်း)

# နှုတ်ခမ်းဖျားပေါ်က လေလံပွဲများ

## (တစ်)

သမီးရေ...

နွေရာသီကျောင်းပိတ်ရက်ရှည် ပိတ်ထားတဲ့ရက်တွေထဲမှာမို့ သမီးတို့တတွေ ရန်ကုန်မှာ ပြန်နေဖြစ်ကြတဲ့အချိန်မှာ ဖေဖေကတော့ ဧရာဝတီမြစ်ကြီးဘေးက ဒီဂရီကောလိပ်ကလေးတစ်ခုရဲ့ တိုက်ခန်းကျဉ်းကျဉ်းကလေး တစ်ခန်းထဲမှာ တစ်ယောက်တည်း သွေ့ခြောက်ကျန်နေရစ်ခဲ့တာပါပဲ သမီးရယ်။ စာအုပ်တွေ ပတ်လည်ဝိုင်းပြီး ကျန်နေရစ်ခဲ့လို့သာပေါ့။

ဖေဖေတစ်ယောက်တည်း ခုလို ကျန်နေဖြစ်တဲ့ရက်တွေထဲမှာဆို စာလည်း ပိုဖတ်ဖြစ်၊ စာလည်းပိုရေးဖြစ်တာကတော့ ဖြင့် အမှန်ပါပဲ သမီးရယ်။ ဒါပေမယ့် ဆက်တိုက်ကြီးဆိုသလို ဖတ်နေရ၊ ရေးနေရတာတွေ အချိန်ကြာသွားပြန်တော့ ငြီးနောက်နောက်ကြီးဖြစ်ကာ ခြေကုန်လက်ပန်းကျသလို ဖြစ်သွား

http://www.cherrythitsar.org



ရပြန်တာပါပဲ။ အဲလိုဆိုရင်တော့ ဖေဖေက ဧည့်ခန်းထဲက ညောင်စောင်းပေါ်မှာ ပက်လက်လှန်ချပြီး ဟိုတွေး သည်ငေး လုပ်နေလိုက်တာပါပဲ သမီးရယ်။

## (နှစ်)

တစ်နေ့တော့ ညနေစောင်းကြီးလို့ ထင်ပါရဲ့။ ဖေဖေလည်း ပျင်းပျင်းရှိတာနဲ့ ဧည့်ခန်းထဲက ညောင်စောင်းကလေး အပေါ်မှာလှဲပြီး ဟိုတွေးသည်ငေး လုပ်နေခဲ့လိုက်တာ၊ နောက်တော့ ဧည့်ခန်းနံရံဆီ အကြည့်ရောက်သွားမိတယ် သမီးရဲ့။

ဖေဖေတို့ ဧည့်ခန်းနံရံက သုံးထပ်သားလို့ဆိုပေမယ့် မဟော်ဂနီရောင်နဲ့ ညိုရွှဲနေလို့ထင်ပါရဲ့၊ ဘယ်အခါကြည့်ကြည့် ကျက်သရေရှိလှပါတယ် သမီးရယ်။ ကက်ဆက်ထားတဲ့ စင်ကလေးရဲ့အပေါ်မှာက ကမ္ဘာ့မြေပုံကြီးက ထင်းထင်းရှင်းရှင်းကြီး။ သည်ဘက် TV ပေါက်စကလေးရဲ့ အပေါ်မှာက မြန်မာနိုင်ငံမြေပုံ။ နောက် သည်ဘက်နားမှာက ရွှေစည်းခုံစေတီပုံ ယွန်းပန်းချီကား၊ နောက်တော့ စူဠာမဏိစေတီပုံ နံရံကပ်ပိုစတာ။ အဲဒါတွေရဲ့ အပေါ်ဘက်မှာကျတော့ နံရံကပ်နာရီတစ်လုံး။

ဩော် ...သည်နာရီကလေးက ကေသီတို့၊ ပေါက်ပေါက်တို့ ပေးခဲ့တဲ့နာရီကလေးပေါ့ သမီးရယ်။ ပုဂံညောင်ဦးက ဖေဖေ့တပည့် ကေသီတို့ ပေါက်ပေါက်တို့ပဲပေါ့။ ဖေဖေတို့ မိတ္ထီလာကောလိပ်ထဲက အခန်းကလေးထဲမှာနေခဲ့ရတုန်းက လက်ဆောင်ဆိုပြီး အမှတ်တရလာပေးသွားခဲ့တာ။ အင်း ...သည်နာရီကလေးကိုမြင်ပြီး ကေသီတို့၊ ပေါက်ပေါက်တို့ကို သတိရမိသွားရာက

http://www.cherrythitsar.org



သမီးကိုရော၊ သမီးမေမေကိုရော ဖေဖေ မကြာခဏ ဟန့်ခဲ့မိတဲ့ အဖြစ်တွေကို သွားအမှတ်ရနေမိပြန်တယ် သမီးရယ်။

## (သုံး)

သမီးသိတဲ့အတိုင်း ဖေဖေတို့ အခန်းကလေးထဲမှာက ကျောင်းသားတွေ ကျောင်းသူတွေ လက်ဆောင်ပေးကြ၊ ကန်တော့ကြတဲ့ ပစ္စည်း ပစ္စယကလေးတွေနဲ့ ဟိုးနားတစ်စ၊ သည်နားတစ်စမဟုတ်လား သမီးရယ်။ ယွန်းထည်ပစ္စည်းကလေးတွေ စားပွဲတင်နာရီကလေးတွေ၊ ဓာတ်ဘူးကလေးတွေ၊ စာအုပ်တင်တဲ့စင်ကလေးတွေ စားပွဲကလေးတွေ စုံလို့ပွလို့။ အဲသည့်အထဲမှာမှ ဖေဖေတို့ရောက်လေရာ တက္ကသိုလ်ကောလိပ်၊ ရောက်လေရာ အခန်းရဲ့နံရံမှာ ချိတ်ထားဖြစ်တဲ့ နာရီကလေးကဖြင့် မိတ္ထီလာကောလိပ်မှာ ဖေဖေတို့နေခဲ့စဉ်တုန်းက ပုဂံညောင်ဦးက ဖေဖေ့တပည့်နှစ်ယောက်ဖြစ်တဲ့ ကေသီတို့၊ ပေါက်ပေါက်တို့က ကန်တော့လက်ဆောင်အဖြစ် ဝယ်ပေးခဲ့တဲ့ နာရီကလေးလေ။

မှတ်မှတ်ရရ အဲသည့်နာရီကလေးကို သူတို့လက်ဆောင်လာပေးကြတဲ့နေ့မှာပဲ ဖေဖေက နံရံမှာသံကလေးတစ်ချောင်းရိုက်လို့ တက်ချိတ်ထားဖြစ်ခဲ့တယ် သမီးရဲ့။ ဒါနဲ့ နောက်တစ်နေ့မှာပဲ ထင်ပါရဲ့။ ပုဂံညောင်ဦးက ဖေဖေ့တပည့်မကလေးနှစ်ယောက်တို့အိမ်ကို အလည်လာကြပြန်တယ်လေ။ နည်းနည်းကလေး ညှိုးနွမ်းတဲ့ တပည့်မကလေးနှစ်ယောက်ပါ။ ဘဝကိုတိုင်းတိုင်းတိတိနဲ့ ကျော်ဖြတ်နေတဲ့ တပည့်မကလေးနှစ်ယောက်ပေါ့။ ဖေဖေတို့မိသားစုနဲ့ ချစ်ကြခင်ကြ၊ သံယောဇဉ်ရှိကြတဲ့

http://www.cherrythitsar.org



တပည့်တွေထဲက နှစ်ယောက်ပါပဲ။ သူတို့က အေးအေးဆေးဆေးနဲ့ ထိုင်ကြပြုကြ ပြောကြဆိုကြရင်း ...

*"မကေသီတို့၊ မပေါက်ပေါက်တို့ရော လာကြသေးလားဆရာ"* တဲ့။ ဒါကို သမီးမေမေက *"လာကြသေးတယ်ဟဲ့ မနေ့ကတင်ပဲ"* လို့ဆိုကာ နံရံပေါ်က နာရီကိုလှမ်းကြည့်လို့ စကားဆက်မယ့် အရိပ်အခြည်ကိုလည်းမြင်ရော ဖေဖေက မျက်လုံးနဲ့လှမ်းဟန့်လိုက်မိတယ်လေ။ တော်ပြီဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ***နာရီအကြောင်းကို မပြောနဲ့တော့*** ဆိုတဲ့ အဓိပ္ပာယ်ပေါ့။

ဟုတ်တယ် သမီး။ သည်နေရာမှာ သည်လူတွေရှေ့မှာ သည်နာရီအကြောင်းကို ဖေဖေတို့ မပြောအပ်ကြလေဘူး။ ကေသီနဲ့ ပေါက်ပေါက်ကတော့ နာရီဝယ်ပေးသွားသေးတယ်လေဆိုတဲ့စကားနဲ့အတူ ညည်းတို့ကရောဆိုတဲ့ မမေးဘဲနဲ့မေးသလို အဓိပ္ပာယ်သက်ရောက်သွားနိုင်တဲ့ စကားမျိုးကို ဖေဖေတို့မပြောသင့်ကြလေဘူး။ လူမှုဆက်ဆံရေးကို လေလံပွဲကျင်းပနေသလို မျိုးနဲ့ ဖေဖေတို့မဆက်ဆံသင့်ကြလေဘူး။ ဖေဖေတို့ဟာ ဈေးပြိုင်ခေါ်နေကြတာမဟုတ်ဘူးလေ သမီးရဲ့။

## (လေး)

လူ့အဖွဲ့အစည်းမှာ၊ လူ့ဆက်ဆံရေးမှာ ဈေးပြိုင်ခေါ်သလိုမျိုး အပြုအမူတွေ အပြောအဆိုတွေကြောင့် တစ်ချို့တစ်ချို့သော လူတွေရဲ့ရင်ထဲမှာ ဘယ်လောက်များ ဒဏ်ရာတွေ၊ အမာရွတ်တွေ ထင်ကျန်နေရစ်ခဲ့လေမလဲ မသိပါဘူး သမီးရယ်။

http://www.cherrythitsar.org



ဟိုးတစ်ခါတုန်းက၊ ဖေဖေငယ်ငယ်က နေခဲ့ရတဲ့ မူလတန်းကျောင်းကလေးက ဖေဖေ့ဆီမှာ အလှူငွေလာကောက်တယ်။ အကျိုးတော်ဆောင်ထဲက တစ်ယောက် ...

*"ကိုမျိုးတို့လင်မယားက လေးသောင်းတောင် ထည့်တယ်ဗျာ ...။ တကယ်ဘဝမမေ့တဲ့ လင်မယား"* တဲ့။

သူက သည်စကားကို အသေအချာကိုထည့်ပြောနေတာပါ သမီးရယ်။ ကိုမျိုးတို့လင်မယားက ဘဝမမေ့ဘူးဆိုတော့ ဖေဖေက ဘဝမေ့တဲ့လူလား။ သည်မူလတန်းကျောင်းကလေးအပေါ် ကိုမျိုးတို့လင်မယား သံယောဇဉ်ကြီးသလို ဖေဖေလည်း သံယောဇဉ်ကြီးတာပေါ့။ ဖေဖေ ကကြီးခကွေးအော်ခဲ့ရှုတ်ခဲ့တဲ့ကျောင်းကလေးပဲ သမီးရယ်။ သူတို့က သူတို့အင်အားနဲ့ သူတို့လေးသောင်းပေမယ့် ဖေဖေ့မှာက လေးသောင်းချင်မှ လေးသောင်းနိုင်မှာပေါ့။ ကိုမျိုးတို့လင်မယားက လေးသောင်းဆိုတဲ့စကားဟာ ဖေဖေ့ရင်ထဲကို စူးခနဲနစ်ခနဲပါပဲ။

တစ်ခါတုန်းကလည်း ဖေဖေ့ဦးလေးအရွယ် မိတ်ဆွေတစ်ယောက်ရဲ့အိမ်ကို ဖေဖေရောက်သွားခဲ့သေးတယ်။ ကျန်းမာရေးသိပ်မကောင်းဘူးဆိုလို့ သတင်းမေးရင်း အားပေးရင်း ဆိုသလိုအရောက်သွားခဲ့တာပါ။ အဲသည့်ဦးလေးရဲ့ဇနီးက မနီးမဝေးမှာချထားတဲ့အထုပ်ကြီး အထုပ်ငယ်တွေကို မျက်စပြစ်ကာ ...

***"မောင်မြင့်ဇော်လေ ...၊ ခုလေးတင်ပြန်သွားတာ မဝယ်ခဲ့နဲ့ဆိုတာလည်း ဘယ်လိုမှပြောမရဘူး၊ Coffee mix တွေရော နို့ဆီဗူးတွေရော ...၊ မုန့်တွေရော၊ မနည်းမနော‌မှ မနည်းမနောပါဟယ်"*** တဲ့။

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်

http://www.cherrythitsar.org



ဖေဖေ အနေရအထိုင်ရ ကျပ်ခဲ့ပါတယ် သမီးရယ်။ မောင်မြင့်ဇော်က မနည်းမနော၊ မင်းကရော။ ကိုမျိုးတို့လင်မယားက လေးသောင်းတောင်မှ၊ ခင်ဗျားကရော။ ကေသီတို့၊ ပေါက်ပေါက်တို့က နာရီတစ်လုံး၊ ညည်းတို့ကရော။

သမီးရယ်...

သမီးတို့ ဖေဖေတို့ရဲ့ နှလုံးသားထဲက နှုတ်ခမ်းလွှာတွေပေါ်က ဈေးပြိုင်ဆန်တဲ့၊ လေလံဆန်တဲ့ အရိပ်အငွေ့တွေကို ဖျောက်ဖျက်ပစ်လိုက်ကြအောင်လား။

(၂၀၀၁ ခုနှစ်၊ ဇူလိုင်၊ **Fashion Image** မဂ္ဂဇင်း)

http://www.cherrythitsar.org

# မောင်သာနိုး

ဒိုင်မြက်များ အမှားမလာရ

နှင့်

ဘဝရှုမျှော်ခင်းများ



သမီးမတ်ရီ (၂)



